

၂၀၁၀ ဒီဇင်ဘာ ၂၀ အတွဲ (၁) အမှတ်(၂)

မျက်နှာဖုံးဆောင်းပါး

## သမိုင်းသင်ခန်းစာများကို ထုတ်ယူပြီးအမျိုးသားညီညွတ်ရေး တည်ဆောက်ဖို့ အချိန်တန်ပြီ။

ဗကပ(ဗဟို)

(၁) ဗမာပြည်၏ပထဝီအနေအထားက သူများနဲ့မတူ၊ တမူ ထူးခြားသည်။ ဤ ထူးခြားချက်ကြောင့်ပင် သမိုင်းသင်ခန်းစာများ အကြိမ်ကြိမ် ရခဲ့ပြီ။ အင်္ဂလိပ် ကိုလိုနီ ဖြစ်ခဲ့ဖူး သည်။ အင်္ဂလိပ်နဲ့ ဂျပန်ကို ကပ်ပေါင်းပြီး ယိုးဒယားက အမြတ်ထုတ်တာလည်း ခံခဲ့ရဖူးသည်။ ဤသမိုင်းသင်ခန်းစာများကို မမေ့ကြဖို့ လိုပါသည်။

(၂)မျက်မှောက်ကာလတွင် အရှေ့တောင်အာရှ၊ အာဆီယံ (ASEAN) အဖွဲ့သည် နိုင်ငံရေးဇာတ်ခုံပေါ်တွင် အရေးပါသည့် နေရာ ရောက်နေပြီ။ ဒါကြောင့် ပိုပြီး သတိရှိရပါမည်။ မိမိ၏ အားနည်းချက်က ဘာလဲ။ ဘာတွေ ပြုပြင်ရမလဲ ဆိုတာကို ကြံဆကြဖို့ လိုပါသည်။

ရတနာပုံ(မန္တလေး) နေပြည်တော်ခေတ်က သွေးကွဲနေကြလို့ ကိုလိုနီဘဝကို အလွယ်တကူ ကျရောက်သွားခဲ့သလို ယခု သမိုင်းတကျော့ ပြန်လည်နေကြလျှင် ကိုလိုနီသစ်ဘဝသို့ အလွယ်တကူ ကျရောက်ပါလိမ့်မည်။ ပြီးမှ(ဟိုတုန်းကလို) ကိုယ့်အချင်းချင်း တရားခံရှာနေကြရပါလိမ့်မည်။ ခေတ်သစ် သီပေါနဲ့စုဖုရားလတ် ဘယ်သူလဲ။ ခေတ်သစ် ကင်းဝန်နဲ့ တိုင်တား ဘယ်သူလဲ။ ခေတ်သစ်ညောင်ရမ်းမင်းသား ဘယ်သူလဲ ရှာနေရတဲ့ ဘဝ မရောက်စေလိုပါ။

(၃) မျက်မှောက် နိုင်ငံရေးမြင်ကွင်းက အားရစရာ မရှိပါ။ 'နအဖ'က အတိုက်အခံများကို "ပြည်ပအားကိုး ပုဆိန်ရိုး"၊ "အဆိုးမြင်ဝါဒီများ"၊ "ပြည်တွင်းပြည်ပ အဖျက်သမားများ"ဟု စွပ်စွဲနေသည်။ အတိုက်အခံများကလည်း 'နအဖ'ကို တရုတ်–ကုလားနောက်လိုက်ဟု ပုတ်ခတ်နေသည်။ ဒီလိုဆိုလျှင် တပြည်လုံး နောက်လိုက်တွေချည်း ဖြစ်ကုန်ပြီ။ တ မျိုးသားလုံး အရှက်ရစရာ ဖြစ်ကုန်ပြီ။ အပြန် အလှန် စွပ်စွဲနေလို့ မဖြစ်ပါ။

"အမျိုးသားညီညွတ်ရေး" မရှိလျှင် ဒီ လိုပဲ သူ့အပြစ်တင်၊ ကိုယ့်အ ပြစ်ပြောပြီး လုံးချာလည်နေပါလိမ့်မည်။ ကိုလိုနီသစ်ဘဝ ရောက်ကြတော့ အပြန်အလှန် တရားခံအဖြစ် စွပ်စွဲ နေရပါလိမ့် ဦးမည်။

(၄) အခု အချိန်မနှောင်းသေးပါ။ စစ်အစိုးရဘက်တွင်လည်းကောင်း၊ အတိုက်အခံဘက်တွင်လည်းကောင်း တိုင်းချစ်ပြည်ချစ် "ခေတ်သစ် အမြော်အမြင်"ပြည့်ဝသူများ ရှိကြပါသည်။ သူတို့က "အမျိုးသားညီညွတ်ရေး"၏အမြုတေများအဖြစ် အစပျိုးသင့်ပါသည်။ ။

## နိုင်ငံတော်ကို စစ်အုပ်စု ကိုယ်စားပြုခွင့်မရှိ

'နိုင်ငံတော်'ဆိုတဲ့ စကားလုံးဟာ "၂၀၀၈ အခြေခံဥပဒေ"မှာ အများဆုံးပါတဲ့ စကားလုံးပဲ။

အခုလုပ်မယ့် 'ရွေးကောက်ပွဲ'ဟာ "၂၀၀၈ အခြေခံဥပဒေ"ကို အသက်သွင်းပေးဖို့အတွက် လုပ်တဲ့'ရွေးကောက်ပွဲ' ဖြစ်တယ်။ အဲဒီ 'ရွေး ကောက်ပွဲ'က ပေါ်လာမယ့် လွှတ်တော် စည်းဝေးတဲ့ ပထမဆုံးနေ့မှာ ၂၀၀၈ အခြေခံဥပဒေက အလိုအလျောက် အသက်ဝင်လာမယ်လို့ အပိုင်ချည်ထားပြီး ဖြစ်တယ်။ (ပုဒ်မ–၄၄၁–ကြည့်)

အာဏာတည်တာနဲ့ တပြိုင်နက် နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ သူက တရားဥပဒေအရ "စစ်အုပ်စု" ဖြစ်လာတော့မှာပဲ။ ဒါကြောင့်ပဲ 'ရွေးကောက်ပွဲ'ထဲကို ကြံ့ဖွံ့ပါတီ ဝင်ပြီး ပြိုင်စေခဲ့တယ်။ စစ်တပ်မှာ ရာထူး အပြောင်းအလဲတွေ လုပ်တယ်။ စစ်တပ်က ကျိန်းသေရမယ့် ဝန်ကြီး(၃) နေရာ (ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေးရာ) သပိတ်ဝင် အိတ်ဝင် ဖြစ်နေတာကို မတင်းတိမ်သေးလို့ ကြံ့ဖွံ့ပါတီ ဝင်ပြိုင်တာပါ။ ဘာပဲပြောပြော သူပဲ နိုင်မှာပါ။

အဲဒီလို ဖြစ်တဲ့အခါ (၁၁) ယောက်ပါတဲ့ "အမျိုးသား ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ"(အကလ) ကို စစ်အုပ်စုက အုပ်စီးမိသွားမှာပဲ။ အဲဒီအခါကျမှပဲ စိတ်ချရပြီဖြစ်လို့ 'န အဖ စစ်ကောင်စီ' ကို ဖျက်သိမ်းပြီး 'အကလ'ကောင်စီနဲ့ အစားထိုးမယ်လို့ တွက်ရပါတယ်။ ဗိုလ်သန်းရွှေက ဗိုလ်(ဦး) နေဝင်းလို ဖုတ်ပူမီးတိုက် အာဏာလွှဲ ပြောင်းပေးရတာ မဟုတ်တော့ စိမ်ပြေနပြေ တလှမ်းချင်း လှမ်းနေတာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်ကို စစ်အုပ်စုက 'တရားဝင်'ကိုယ် စားပြုမှုရအောင် ကြံစည်တာပါ။တိုင်းပြည်အတွက် အလွန်အန္တရာယ် ကြီးပါတယ်။ အခုခေတ်က ဟိုတုန်းကလို စစ်အေးခေတ် မဟုတ်တော့လို့ပါ။

'စစ်အေးခေတ်'တုန်းကတော့ ဗမာပြည် အနေချောင်ခဲ့တယ်။ ဟိုတုန်းက အတ္တလန်တိတ် အရှေ့နဲ့ အနောက် လွန်ပွဲ။ အခုဖြစ်မှာက ပစိဖိတ် အရှေ့နဲ့အနောက် လွန်ပွဲ။ ဗမာပြည်က ရှောင်လို့ရမှာ မဟုတ်ဘူး။

စစ်အုပ်စုလက်ထဲ တိုင်းပြည်ရဲ့ကံကြမ္မာကို အပ်ထားမိရင် တိုင်းပြည် ငါးပါးမှောက်လိမ့်မယ်။ ။

ရွှေအောင်စည်

ခေါင်းကြီးပိုင်းဆောင်းပါး

# နိုင်ငံရေးစနစ်မပြောင်း လူပြောင်းတဲ့ပွဲ

(၁) ရွေးကောက်ပွဲ ပြီးသွားပြီ။ "ဒီမိုကရေစီမျက်နှာဖုံး စွပ်ထားတဲ့"အစိုးရ"တခု ပေါ်တော့မည်။ "စစ်အာဏာရှင် စနစ်"ဆိုတဲ့ နိုင်ငံရေးစနစ်ကတော့ပြောင်းသွားမှာ မဟုတ်ပါ။

(၂) အကြမ်းဖျင်း ပြောမည်ဆိုလျှင် "စစ်အာဏာရှင်စနစ်"ကို "ဆိုရှယ်လစ်မျက်နှာဖုံးစွပ်ထားတဲ့"ကာလ (၁၉၆၂ မှ ၁၉၈၈ ထိ) (၂၆) နှစ် ရှိသည်။ (၁၉၈၈ မှ ၂၀၁၀)ထိက "မာရှယ်လော" မျက်နှာဖုံး စွပ်ထားတဲ့ "စစ်အာဏာရှင်စနစ်"ကာလ (၂၂) နှစ် ရှိသည်။

'၂၀၁၀ ရွေးကောက်ပွဲ'ပြီးတဲ့နောက် "စစ်အာဏာရှင်စနစ်"က "စည်းကမ်းရှိတဲ့ ဒီမိုကရေစီ"မျက်နှာဖုံးနဲ့ ထွက်လာမှာ ဖြစ်သည်။

ဘယ်မျက်နှာဖုံးပဲ စွပ်ပါစေ၊ "စစ်အာဏာရှင်စနစ်"ကို ကျင့်သုံးကြမှာ ဖြစ်လို့ နိုင်ငံရေးစနစ်မပြောင်းဟု ဆိုခြင်း ဖြစ်သည်။

(၃) လူပြောင်းတာကတော့ မုချ လုပ်ကြလိမ့်မည်။ အာဏာသိမ်းစစ်ခေါင်းဆောင်"ဗိုလ်နေဝင်း"က လူဝတ်လဲကာ "သမ္မတ ဦးနေဝင်း"လုပ်ခဲ့သလို ဗိုလ်သန်းရွှေ လုပ်မလုပ်ဆိုတာက တပိုင်း ဖြစ်သည်။ (ဗိုလ်နေဝင်းက သမ္မတ ဦးနေဝင်းအဖြစ် ပြောင်းခဲ့စဉ်က နေဝင်း အသက်နဲ့ အခု ဗိုလ်သန်းရွှေရဲ့ အသက်ကို တွက်ကြည့်ပါ။)

ကောလာဟလ ဆန်ဆန် သတင်းတခုက "၂၀၀၈ အခြေခံဥပဒေအရ တက်လာမယ့် 'သမ္မတ'ဟာ အနည်းဆုံး (၅) နှစ်တော့ ခံရမယ်"ဟု နအဖထိပ်သီးတွေက သတ်မှတ်ထားကြောင်း ကြားရသည်။ ဟုတ်မဟုတ် မသေချာပါ။ ဖြစ်နိုင်ချေတော့ ရှိသည်။

ဦးနေဝင်းက ဦးစန်းယုကို သမ္မတသက်တမ်းအတိုင်း အေးဆေးချောမွေ့စွာ လူပြောင်းပေးခဲ့တာမျိုး ဖြစ်ချင်ကြမှာပါ။ (၁၉၈၈) ကလို '၁၈'ရက်ခံ သမ္မတ ပြောင်းရတာမျိုး ဖြစ်ချင်ကြမှာ မဟုတ်။ 'သမ္မတ'လူပြောင်းလူလွှဲ လုပ်ရုံနဲ့ စစ်အာဏာရှင်စနစ်ကို ထိန်းမရတော့လို့ ဗိုလ်စောမောင်ကို အာဏာသိမ်းခိုင်းရတာမျိုးကိုလည်း ဖြစ်ချင်ကြမှာ မဟုတ်ပါ။

ဒါပေမဲ့ ဗမာပြည်နိုင်ငံရေးမှာက အပြောင်းအလဲတွေ ဖြစ်တတ်သည်။

+ "၁၉၄၇ အခြေခံဥပဒေ"က (၁၅)နှစ် ခံသည်။
+ "၁၉၇၄ အခြေခံဥပဒေ"က (၁၄)နှစ် ခံသည်။
+ "၂၀၀၈ အခြေခံဥပဒေ"က ဘယ်လောက်ခံမလဲ။
စောင့်ကြည့်ကြရမည်။

(၄) "၁၉၄၇ အခြေခံဥပဒေ"တုန်းက လူအပြောင်းအလဲ ဘယ်လောက် ရှိခဲ့သလဲ။ ဝန်ကြီးချုပ်အပြောင်းအလဲ နည်းနည်းပဲ ရှိသည်။ ဦးနု၊ ဦးဗဆွေ (ထည့်တွက်ချင်တွက်) ဗိုလ်နဝင်း သူတို့ပဲ ရှိသည်။

"၁၉၇၄ အခြေခံဥပဒေ"ကျတော့ သမ္မတတွေ များလာသည်။ 'ဗိုလ်'က 'ဦး' ပြောင်းတဲ့လူချည်း ဖြစ်သည်။ ဦးနေဝင်းက စလိုက်တာ ဒေါက်တာ(ဦး)မောင်မောင်အထိ အတော်များသည်။ တွက်ကြည့်ကြပါ။

"၂၀၀၈ အခြေခံဥပဒေ"အရ 'နအဖ'က လူအပြောင်းအလဲတော့ လုပ်လိမ့်မည်။

(၅) မပြောင်းလဲမှာက "စစ်အာဏာရှင်စနစ်" ဖြစ်သည်။ အာဏာရှင်စနစ် ကျင့်သုံးတဲ့နည်းနာမှာတော့ အခြေအနေကိုလိုက်ပြီး အပြောင်းအလဲကလေးတွေ ရှိတတ်သည်။ ဒီလို 'နည်းနာ' ပြောင်းတာကို 'စနစ်'ပြောင်းတာလို့ ထင်ယောင်မှားနေသူတွေ ရှိတတ်သည်။ ရှိလည်း ရှိနေသည်။ အနေးနဲ့အမြန် သူတို့ထင်သလို မဟုတ်တာကို တွေ့ကြရလိမ့်မည်။ ။

**ရွေးကောက်ပွဲလွန်ကာလမှာ ဖြစ်ပေါ်လာမယ့်**
**စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ကြ။**
**ပြည်သူ့အင်အားကို စုစည်းကြ။**

# ဒီမိုကရေစီ အရေးတော်ပုံ၏ ရှေ့ခရီး



ရဲဘော်ညီမင်း

**အရေးတော်ပုံဂျာနယ် အတွဲ(၁) အမှတ်(၁) တွင် ရဲဘော်ညီမင်း ရေးသားသော "ဒီမိုကရေစီအရေးတော်ပုံ၏ ရှေ့ခရီး"ဆောင်းပါး ပါရှိခဲ့ပါသည်။ ယခု အရေးတော်ပုံဂျာနယ် အတွဲ (၁) အမှတ်(၂)တွင် "ဒီမိုကရေစီအရေးတော်ပုံ၏ ရှေ့ခရီး"ခေါင်းစဉ်နှင့်ပင် အပိုင်း (နှစ်) အဖြစ် ဆက်လက်ရေးသားထားခြင်း ဖြစ်ပါသည်။**

**စာတည်းအဖွဲ့**

(တစ်)

၁၉၉၀ တုန်းကသာ စစ်အုပ်စု အမြော်အမြင် ရှိခဲ့လျှင်၊ ပြည်သူ့ဆန္ဒကို လေးစားခဲ့လျှင် 'အမျိုးသား သွေးစည်းညီညွတ်ရေး၏ အခြေခံကို ရရှိကာ 'ပြည်တွင်းငြိမ်းချမ်းရေး' ကို တည်ဆောက်နိုင်ခဲ့လိမ့်မည်။ ဗမာပြည်၏ အနာဂတ်တောက်ပြောင်လိမ့်မည်။ ထိုစဉ်အခါက နိုင်ငံတကာ့အခြေအနေသည် အခုလို မဟုတ်သေး။ ဗမာပြည်အတွက် အခါအခွင့်ကောင်းဖြစ်ခဲ့သည်။ ဗမာပြည်အရေးကို စိတ်ဝင်စားသည့် အင်အားကြီး နိုင်ငံများ တညီတညွတ်တည်း ရှိနေသည့်အချိန် ဖြစ်သည်။

သို့သော် အခါအခွင့်ကောင်းကို စစ်အုပ်စု လက်လွှတ်ခဲ့သည်။ စစ်အာဏာရှင်စနစ်ကိုပဲ အသေအလဲ ဖက်တွယ်ခဲ့သည်။ ပြည်သူ့ဆန္ဒကို ကျော်ခိုင်းခဲ့သည်။ အခုတော့ အပ်နဲ့ထွင်ရမည့်ကိစ္စများက ပုဆိန်နဲ့ပေါက်ရမလို ဖြစ်ခဲ့ပြီ။

* ပြည်သူလူထုကြီးတရပ်လုံးနဲ့ သွေးကြွေးအထပ်ထပ် တင်ခဲ့ပြီ။ ရန်ဘက်ဖြစ်ခဲ့ပြီ။

* ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး အလားအလာလည်း မှေးမှိန်ကွယ်ပျောက်မလိုဖြစ်နေပြီ။ အဆင်မသင့်လျှင် စစ်ပွဲပင်ဖြစ်နိုင်သည်အထိ တင်းမာနေပြီ။

* 'အမျိုးသားညီညွတ်ရေး' မပြောနှင့် 'အမျိုးသား ပြန်လည်သင့်မြတ်ရေး' ရရှိဖို့ပင် ခက်နေပြီ။ ၁၉၉၀ က ပြည်သူက လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ခံရသည့် NLD နှင့် '၂၀၁၀ ရွေးကောက်ပွဲ'ဆိုတာက 'ရွေးကောက်ပေးခံရသည်'ဆိုတဲ့ ကြံ့ဖွံ့တို့ ထိပ်တိုက်တိုးနေလေပြီ။

* နိုင်ငံတကာ့ အခြေအနေကလည်း အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပြီ။ ဗမာပြည်အရေးက ကုလသမဂ္ဂစင်မြင့်ပေါ်မှာ ရောက်နေပြီ။ အရေးယူဒဏ်ခတ်လိုသူနှင့် ချော့ချော့မော့မော့ ချဉ်းကပ်လိုသူတို့၏ စကားစစ်ထိုးပွဲ ဖြစ်နေပြီ။

* ကမ္ဘာ့စီးပွားရေးကပ်ကလည်း လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းအားလုံးသို့ပင် ကူးပြောင်းစပြုနေပြီ။ ဉရောပတိုင်းပြည်အချို့ နိုင်ငံလိုက် ဒေဝါလီခံရမလိုဖြစ်ကာ အရပ်ကူပါ လူဝိုင်းပါလုပ်နေရပြီ။

* ကိုးရီးယားကျွန်းဆွယ်တွင် အမြောက်သံ ပြန်ကြားလာနေရပြီ။

* စစ်အင်အားပြပွဲကြီးတွေ အာရှပင်လယ်ပြင်တွေမှာ ပေါ်နေပြီ။

(နှစ်)

မိမိတို့ နည်းပရိယာယ်လမ်းစဉ်ကို ပြန်လည်သုံးသပ်ကြရတော့မည်။ ဝက်ပါထဲဝဲလည်နေလို့ မဖြစ်။ နည်းပရိယာယ် လမ်းစဉ်ကို ရှာကြရပါမည်။ သို့မှသာ လိုရာပန်းတိုင်သို့ ရောက်ပါလိမ့်မည်။

လမ်းစဉ်သစ်ရှာဖို့ ဆန္ဒရှိလျှင် ဝိုင်းဝန်းပြီးရှာလျှင် လမ်းစဉ်မှန်တွေ့ပါလိမ့်မည်။ ဗမာပြည်၏ နိုင်ငံရေးဖြစ်စဉ်တွင် ဒီလိုပဲ နိုင်ငံရေး အကျပ်အတည်းတွေ့တိုင်း လုပ်ခဲ့ကြတာ ဖြစ်သည်။ အသစ်အဆန်း မဟုတ်ပါ။

(၃)

လမ်းစဉ်သစ်ကို တိုးတိုးတိတ်တိတ်ပဲ ရှာကြရလိမ့်မည်ဟု မြင်ပါသည်။ စစ်အုပ်စုက လက်ပိုက်ကြည့်နေမှာ မဟုတ်လို့ တိုးတိုးတိတ်တိတ်လုပ်ဖို့ စဉ်းစားတာဖြစ်ပါသည်။ ။

# သမိုင်းသင်ခန်းစာတခုနဲ့ ပြောချင်တဲ့တခွန်း

နိုင်ငံရေး

လေးမြတ်သွင်

(၁) '၁၉၀၀'ပြည့်တုန်းက ဗမာပြည် အင်္ဂလိပ်ရဲ့ ကိုလိုနီဖြစ်ခဲ့တာ (၁၄) နှစ် ရှိပြီ။ အဲဒီနှစ်မှာပဲ နယ်ချဲ့(၈) နိုင်ငံက တရုတ်ပြည် ပီကင်းမြို့တော်ကို ခဏကလေး တက်သိမ်းကြတယ်။ တရုတ်ပြည်ကို တဦးတည်းပိုင် ကိုလိုနီအဖြစ် သိမ်းဖို့မဖြစ်လို့ ကိုလိုနီတပိုင်းအဖြစ်ပဲ ထားခဲ့ကြတယ်။ (၈) နိုင်ငံက သူတို့လိုချင်တဲ့ အချက်အချာဒေသတွေကိုပဲ အထိန်းသိမ်းခံဒေသတွေအဖြစ် ခွဲယူကြတယ်။

နောက်တော့ ဂျပန်က အရှေ့မြောက်ဒေသကြီးတခုလုံးကို သိမ်းပိုက်ထားရာကနေ လောဘတက်ပြီး (၁၉၃၇) မှာ တရုတ်တပြည်လုံးကို ကိုလိုနီလုပ်ဖို့ စစ်တိုက်တယ်။ တရုတ်အစိုးရကလည်း တိုက်ပွဲ တပွဲပြီးတပွဲ ရှုံးနေတော့ ဂျပန်က နန်ကင်းမြို့တော်အထိ သိမ်းပိုက်တယ်။ ပင်လယ်ကမ်းရိုးတန်း တခုလုံးလည်း သူ့အောက် ရောက်ခဲ့ပြီးပြီ။

တရုတ်အစိုးရက မြို့တော်သစ် ချုံကင်းကို ပြေးပြီး အတွင်းပိုင်းမှာ လှောင်ပိတ်မိနေပြီ။ အဲဒီတော့မှ အင်္ဂလိပ်–အမေရိကန်က ချုံကင်းရောက် တရုတ်အစိုးရကို စစ်ပစ္စည်းကူညီဖို့ တရုတ်–ဗမာ လမ်းမကြီးကို ကမန်းကတန်း ဖောက်တယ်။ လမ်းမကြီးနဲ့ မြှောင်ပြီးလည်း ဓာတ်ဆီပိုက်လိုင်းတခု ချတယ်။ ခေတ်သစ်စစ်ပွဲမှာ ဓာတ်ဆီက အခရာပဲ မဟုတ်လား။

ဒီတော့မှ ဗမာပြည်ဟာ ဂျပန်ရဲ့ ပစ်ကွင်းထဲ တည့်တည့်ကြီး ဝင်သွားခဲ့တယ်။ ကံဆိုးချင်တော့ (၁၉၃၉) မှာ ဥရောပမှာ စစ်ဖြစ်တယ်။ ဟော်လန်(ဒါ့ချ်)နဲ့ ပြင်သစ်တို့ စစ်ရှုံးတယ်။ အရှေ့တောင်အာရှက ဒါ့ချ်ရဲ့ ကိုလိုနီ(အင်ဒိုနီးရှား)နဲ့ ပြင်သစ်ရဲ့ ကိုလိုနီ(အင်ဒိုချိုင်းနား)က ပိုင်ရှင်မဲ့ ဖြစ် သွားတယ်။

အမေရိကန်နဲ့ အင်္ဂလိပ်ကလည်း ဂျပန်ကို ဓာတ်ဆီနဲ့ ရော်ဘာ မပို့ဘဲ ဒဏ်ခတ်လိုက်တော့ ဂျပန်က ပုလဲဆိပ်ကမ်း ဗုံးကြဲပြီး စစ်စတိုက်တယ်။ အင်ဒိုချိုင်းနားနဲ့ အင်ဒိုနီးရှားတို့ကို အလွယ်တကူပဲ သိမ်းတယ်။ ယိုးဒယားက လမ်းဖွင့်ပေးတော့ ဗမာပြည်ထဲ လွယ်လွယ်ပဲ ဝင်လာပြီး တရုတ်–ဗမာ လမ်းမကြီးကို ဖြတ်တောက်လိုက်တယ်။ (ယိုးဒယားက အဲဒီကောင်းမှုကြောင့် ကျိုင်းတုံနယ်ကြီးတခုလုံးကို ဂျပန်ဆီက ဆုချခံရတယ်။ (၁၈၂၅) တုန်းကလည်း အင်္ဂလိပ်ကို ကူခဲ့လို့ ရန္တပိုစာချုပ်မှာ သူ့ကို အင်္ဂလိပ်က ဂုဏ်ပြုတာ ခံရဖူးပြီ။)

(၂) အရှေ့တောင်အာရှမှာ ဗမာပြည်လောက် စစ်ဒဏ်ခံရတဲ့နိုင်ငံ တနိုင်ငံမှ မရှိဘူး။ အင်ဒိုချိုင်းနား (အခု ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား)ရော၊ အင်ဒိုနီးရှားရော (ဘရူနိုင်းအပါအဝင်) က စစ်နင်းမခံရဘူး။ လက်ပြောင်းလက်လွှဲပဲ ခံရတာပါ။ မလေးရှား၊ စင်္ကာပူက တခါပဲ စစ်နင်းခံရတာပါ။ ဗမာပြည်ကတော့ စစ်(၂) ကြိမ် အနင်းခံရတယ်။ (ဂျပန်ဆီက စစ်လျော်ကြေးရတော့ အနည်းဆုံးပဲ။ အဲဒါက ဗိုလ်အောင်ကြီးတို့ လျှော့ဈေးနဲ့ လုပ်ခဲ့လို့။)

(၃) ဒီအကြောင်းတွေ ပြန်ဖော်နေရတာက အာဆီယံ(၁၀) နိုင်ငံက မျက်မှောက်ခေတ် အင် အားကြီးနိုင်ငံတွေရဲ့ မျက်စိကျ ခံနေရချိန် ဖြစ်နေပြန်လို့ပဲ။ အာဆီယံ(အပေါင်း) +(၁)၊ အာဆီယံ + (၃)၊ အာဆီယံ + ၃ + ၃ .... ....အခု အာဆီယံ + ၃ + ၃ + ၂ တို့ စသဖြင့် တိုးပွား လာနေပြီ။

ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတေးလျ၊ နယူးဇီလန်၊ အမေရိကန်၊ ရုရှား၊ ဥရောပ စသဖြင့် အားလုံးက အာဆီယံကို စိတ်ဝင်စားနေကြပြန်ပြီ။ သူတို့စိတ်ဝင်စားရင် ကြောက်ရတယ်။

သူတို့ချင်း အပေးအယူ တည့်နေရင်တော့ ဗမာပြည်က နယ်ရုပ်ဖြစ်မှာပဲ။ အပေးအယူ မတည့်လို့ ရန်ဖြစ်ကြရင် ဗမာပြည်က ကြားညပ်မှာပဲ။ ပြေးမလွတ်ဘူး။ အာဆီယံ(၁၀)နိုင်ငံမှာ သူများတွေ လွတ်ချင် လွတ်မယ်၊ ဗမာပြည်ကတော့ ကြားညပ်မှာ သေချာတယ်။

ကျွန်တော်တို့ 'ရှေ့ရေးအမြော်အမြင်ရှိကြပါစို့ လား'။ ။



ကာတွန်း နေဦး

# စစ်အုပ်စု “နံပါတ်ဝမ်း” ရှောင်တဲ့အလုပ်

**ထွန်းသော်**

(၁) “နံပါတ်ဝမ်း”ရှောင်တဲ့အလုပ်က “သတင်းစာ ရှင်းလင်းပွဲ”ပဲ။ ဗိုလ်နေဝင်း မလုပ်ခဲ့သလို ဗိုလ်စောမောင်၊ ဗိုလ်သန်းရွှေတို့လည်း မလုပ်ဘူး။ (ဗိုလ်သန်းရွှေကတော့ ရှေ့က လူတွေလိုတောင် တောင်စဉ်ရေမရ မိန့်ခွန်းရှည် မပေးဘူး။)

(၂) ၁၉၆၂ အာဏာသိမ်းပြီးစက ဗိုလ်အောင်ကြီးက သူ့အကြံနဲ့သူ ဗိုလ်နေဝင်း“သတင်းစာရှင်းလင်းပွဲ”လုပ်ဖို့ သတင်းစာဆရာတွေကို ဖိတ်တယ်။ ဗိုလ်နေဝင်းက မတတ်သာလို့ အဲဒီအစည်းအဝေး လာတယ်။ သတင်းစာဆရာတွေရဲ့ရှေ့မှာ သူ့လူတွေကို ဘာကြောင့် ဆတ်ဆော့ပြီး “သတင်းစာ ရှင်းလင်းပွဲ” လုပ်ရတာလဲလို့ ကြိမ်းမောင်းတယ်။ နောက်တော့ ဆောင့်ကြီးအောင့်ကြီးနဲ့ စင်မြင့်ပေါ်က သူ့နေရာမှာ ထိုင်တယ်။ “ခင်ဗျားတို့က ဘာမေးချင်တာလဲ”လို့ ဘုစကားပြောတော့ ဦးအုန်းခင် (ဗမာ့ခေတ်)က “ဗိုလ်နေဝင်း...ခင်ဗျားတို့က ဖိတ်လို့လာတာ၊ ခင်ဗျား ပြောစရာရှိရင်ပြော၊ မပြောဘူးဆိုရင် ပြန်မယ်။ အလုပ်ပျက်မခံနိုင်ဘူး။”လို့ ပြန်ပြီး ဘုတောတယ်။ အဲဒီတော့ နေဝင်းက မိနစ်အချို့ကြာအောင် ထိုင်နေပြီး ပြန်ထွက်သွားတယ်။

စစ်အုပ်စု နံပါတ်ဝမ်းတိုင်း သတင်းစာရှင်းလင်းပွဲကို ရှောင်ကြပါတယ်။ တီကို ဆားနဲ့တို့သလို ဖြစ်မှာ သိပ်ကြောက်ပါတယ်။

(၃) ဗိုလ်ခင်ညွန့်တို့ မိုးကောင်းတုန်းကလုပ်တဲ့ သတင်းစာရှင်းလင်းပွဲ ဆိုတာကလည်း ရှေ့လုပ် ငန်းတင်ပြတဲ့ ရှင်းလင်းပွဲ မဟုတ်၊ သူတို့ရဲ့ ဦးတည်ရန်သူကို ထိုးနှက်အပုပ်ချဖို့ လောက်ပဲ လုပ်တာ ဖြစ်တယ်။

ဗိုလ်သန်းရွှေ နံပါတ်ဝမ်း ဖြစ်တော့ အဲဒီအလုပ်ကိုတောင် ရဲ(ပုလိပ်) ဗိုလ်မှူးချုပ် ခင်ရီလောက်ကိုပဲ လုပ်စေတယ်။ တွင်း(၁)က မလုပ်တော့ဘူး။

(၄) သတင်းစာရှင်းလင်းပွဲလုပ်ရင် နိုင်ငံခြား သတင်းထောက်တွေပါ ဖိတ်ရတယ်။ ပြည်တွင်းသတင်းစာဆရာကို မီးသေပေမယ့် သူတို့ကိုတော့ မီးမသေဘူး။ မဖြေချင်တဲ့မေးခွန်း မေးလာရင် ‘တောက်တဲ့ခွေးနင်း’ဖြစ်မှာ ကြောက်တယ်။

နောက်တကြောင်းက သူတို့က “စစ်ရေးအမြင်” သိပ်ရှိတယ်။ ရှေ့မှာ ဘာလုပ်မယ်ဆိုတာကို ဘယ်တော့မှ ကြိုပြီး မပြောဘူး။ အလစ်အငိုက် ဖမ်းပြီး လုပ်တာပဲ။

ရွေးကောက်ပွဲ လုပ်မယ့်ရက်ကို ဖြုန်းစားကြီး ကြေညာတာ၊ အမတ်လောင်းစာရင်း သွင်းခိုင်းတာကို ခပ်သုတ်သုတ်ပဲ လုပ်ခဲ့တာကို ကြည့်ရင် ရှင်းပါတယ်။

နောင်မှာလည်း ဒီလိုပဲ လုပ်နေကြမှာပါ။

(၅) တချို့က “လွှတ်တော်ထဲမှာ မေးခွန်း ထမေးလို့ ရမယ်”ထင်ကြတယ်။ မရပါဘူး။ ၂၅%သော စစ်ဗိုလ်အမတ်တွေက ငိုက်နေဖို့ လွှတ်တော်တက်တာ မဟုတ်ဘူး။ ခပ်ကြမ်းကြမ်း အမတ် စစ်ဗိုလ်နဲ့ပဲ စကားနိုင်လုရတာ ဖြစ်မှာပဲ။

“လွှတ်တော်”ရဲ့ ‘နာယက’လုပ်သူရဲ့ “တော်–တန်–တိတ်”လုပ်တာပဲ ခံရမှာပဲ။

သမ္မတ၊ ဒု–သမ္မတ ဆိုတာက “လွှတ်တော်”တက်မှာ မဟုတ်ပါဘူး။

စစ်အုပ်စုဆိုတာ မပိုင်ရင် ဘာမှ မလုပ်ပါဘူး။ ပုဒ်မ(၆၃)မှာ အတိအလင်း ရေးထားပါတယ်။ သမ္မတ၊ ဒု–သမ္မတ လွှတ်တော်အမတ် ဖြစ်နေရင်တောင် လွှတ်တော်က နုတ်ထွက်ပြီး ဖြစ်ရမတဲ့။

---

မောင်စူးစမ်း မဖြေဝံ့တဲ့မေးခွန်း

‘ရွေးကောက်ပွဲ’အပြီးမှာ မောင်စူးစမ်း ဘာပြောမလဲဆိုတာ စောင့်ခဲ့ပါတယ်။ ဂျာနယ်တစောင်မှာတော့ ‘တွေ့ဆုံမေးမြန်း’တာ တွေ့ ရတယ်။

သူ့သဘောက ရှင်းတယ်။ “ကိုယ့်စိတ်ကြိုက်မှ လုပ်နိုင်စွမ်းမှ မရှိတာ၊ ပေါ်လာမယ့်အပေါ်မှာပဲ လက်ခံဆောင်ရွက်ရတော့မယ်”လို့ ဖြေခဲ့တယ်။

“အမျိုးသားသင့်မြတ်ရေးဆိုတာ စကားလုံး လှတယ်။ အိုင်ဒီယာလှတယ်။ လက်တွေ့နိုင်ငံရေးမှာတော့ ခက်လှတယ်”လို့ ပြောတယ်။ ဘယ်လိုနည်းလမ်း အကောင်းဆုံးဖြစ်နိုင်မလဲ မေးတာမှာတော့ မမေးသင့်တဲ့ မေးခွန်းပဲဆိုပြီး ရှောင်သွားတယ်။ ဒါဟာ မေးသမျှ ရဲရဲကြီး ဖြေလေ့ရှိတဲ့ မောင်စူးစမ်း လက်ရှောင်သွားတာပဲ။“ကြောက်ပါတယ်ဆိုမှ ကြောင်ကြီးနဲ့တို့”မလုပ်ပါနဲ့လို့ ပြောချင်ဟန် ရှိတယ်။

# ကြံ့ဖွံ့အစိုးရရဲ့ စီးပွားရေးပေါ်လစီ ဘယ်လိုပုံစံလာမလဲ

## (သစ်လွင်မင်း)

**အမြင် နည်းနာနဲ့ လက်တွေ့**

(၁)'ရွေးကောက်ပွဲ'ပြီးသွားပြီ။ ရွေးကောက်ပွဲ ဝင်ခဲ့ မှုကို တချို့ အမြင်မှန်ရကြတယ်။ တချို့ကတော့ ဒီတချီချောတိုင်တက်တာ မအောင်မြင်ပေမယ့် နောက်တချီဆိုရင် တိုင်ထိပ် ရောက်ရမယ်လို့ အားတင်းနေတယ်။ (တိုင်ထိပ်မှာ ချိတ်ထားတဲ့ 'ဆု'က '၂၀၀၈ အခြေခံဥပဒေ'ပါ)။

(၂) 'ရွေးကောက်ပွဲ' မဝင်တဲ့ စီးပွားရေးလုပ်ငန်းရှင် တချို့ကတော့ နောက်တက်မယ့် အစိုးရလက်ထက်မှာ 'စီးပွားရေးလုပ်ကွက်'ကလေးများ ပေါ်ကောင်းရဲ့ ထင်နေတယ်။ 'ကြံ့ဖွံ့အစိုးရ' ကလည်း 'နအဖစစ်အစိုးရ'ရဲ့ စီးပွားရေးပေါ်လစီပဲ လုပ်မှာပါ။ ဘောင်းဘီချွတ်လိုက်ရုံနဲ့ ဘာမှပြောင်းလဲမှာ မဟုတ်ပါဘူး။ 'ပိုနေမြဲကျားနေမြဲ' ပဲ ဖြစ်မှာပါ။

စီးပွားရေးသမားတို့ အမတ်ဖြစ်လာလို့ တချို့တလေ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးဌာနဆိုင်ရာ ဝန်ကြီး ဝန်ကလေးတွေ ဖြစ်လာတာ ရှိနိုင်ပါတယ်။ ပေါ်လစီကတော့ ပြောင်းစရာ မရှိပါဘူး။

(၃) ဗျူရိုကရက်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ကျင့်သုံးတာမှာ ဘောင်းဘီပဲ ဝတ်ထားထား၊ ပုဆိုးပဲ ဆီးထားထား၊ လုပ်နည်းလုပ်ဟန်ကတော့ ဘာမှ ထူးမှာမဟုတ်ပါဘူး။

ထူးနိုင်တာက 'လွှတ်တော်'ထဲမှာ ရသုံးခန့်မှန်းချေ (ဘတ်ဂျက်) တင်ရင် (အမတ်) တယောက်တလေက ဖြတ်တောက်ရေးအဆိုတင်နိုင်မယ်။ မေးခွန်းတချို့ မေးနိုင်မယ်။ ဒါပေမဲ့ မဲခွဲရတဲ့အဆင့်ထိ မရောက်နိုင်ဘူး။ အစိုးရပါတီရဲ့ အာကျယ်တဲ့ အမတ်ရဲ့ အငေါက်အငမ်း အခြိမ်းအခြောက် ခံရစရာ ရှိတယ်။

(၄) 'လွှတ်တော်' ပုံမှန် အစည်းအဝေးက တနှစ်မှာ အနည်းဆုံး တကြိမ်ကျင်းပမှာဆိုတော့ တနှစ်တခါတော့ ဖြတ်တောက်ရေးအဆိုနဲ့ မေးခွန်းမေးခွင့် ရနိုင်ပါလိမ့်မယ်။ ဒီလောက်ပါပဲ။ မဲခွဲရတဲ့ အဆင့်အထိ မရောက်နိုင်ပါဘူး။

လွှတ်တော်သက်တမ်း ၅ နှစ်။ တနှစ်မှာ ၁ ကြိမ်လောက် စကားပြောခွင့် မေးခွန်းမေးခွင့် ရမှာပါ။ ဒါက ပုံမှန်အခြေအနေမှာ ပုံမှန်လုပ်မယ့် အစည်းအဝေးလုပ်နိုင်မှပဲ ၅ ကြိမ်ပြောခွင့် ရတာဖြစ်မယ်။

အထူးအခြေအနေပေါ်လို့ 'အရေးပေါ် လွှတ်တော်'အစည်းအဝေး၊ 'အထူးအစည်းအဝေး'ကျင်းပရရင်တော့ နှတ်သက်ကြွေသလို အမတ်သက်ကြွေရလိမ့်မယ်။

(၅) ထွက်ခွာသွားတဲ့ အင်္ဂလိပ်'သခင်'ထက် နောက်လာတဲ့ ဂျပန်'မာစတာ'က ကြမ်းတယ်ရမ်းတယ်ဆိုတာကို နေ့ချင်းညချင်း သိနိုင်ခဲ့ပေမယ့် အင်္ဂလိပ်ကုမ္ပဏီတွေဖြစ်တဲ့ ဘုံဘေဘားမား၊ စတီးဘရားသားစတဲ့ နယ်ချဲ့ကုမ္ပဏီတွေရဲ့ နေရာကို ဝင်ယူလာတဲ့ ဂျပန်ကုမ္ပဏီတွေကိုတော့ နောက်တော်တော်ကြာမှ တွေ့ရသလိုပဲ တနှစ် နှစ်နှစ်ဆိုရင်တော့ ကြံ့ဖွံ့အစိုးရရဲ့ စီးပွားရေးပေါ်လစီ ရုပ်လုံးပေါ်မှာပါ။

ဗျူရိုကရက်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဆိုတာက အမျိုးသားအရင်းရှင်တွေကို နေရာပေးလေ့မရှိပါဘူး။ အသေသတ်ပါတယ်။ စီးပွားရေးအရ သူ့လက်အောက်ကို သွင်းနိုင်ရင် သွင်းမယ်။ မသွင်းနိုင်ရင် နှိမ်နင်းပစ်လိုက်တာပဲ လုပ်လေ့ရှိပါတယ်။

မျှော်လင့်သလို ဖြစ်မလာရင် စိတ်ဓာတ်မကျပါနဲ့။ ဗျူရိုကရက်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို တိုက်ဖျက်ဖို့ ပြည်သူဘက်က ရပ်တည်ပါ။ ကြိုဆိုနေပါတယ်။ ။

ကာတွန်း



နေဦး

# စစ်အုပ်စုအဆက်ဆက်ကို သုံးသပ်ချက်



ဒုတိယမျိုးဆက်စစ်အုပ်စု (၁၉၆၂ – ၁၉၈၈)

**စိုးအေး**

( ၁ ) ဒုတိယမျိုးဆက်က ပထမမျိုးဆက် (၁၉၄၇ –၁၉၆၁)ရဲ့ အမွေခံမဟုတ်ဘူး၊ ပထမမျိုးဆက် စစ်အုပ်စုက ဆိုရှယ်လစ်ပါတီက ဖန်တီးတဲ့ စစ်အုပ်စုပဲ၊ ဒုတိယမျိုးဆက်က ဗိုလ်နေဝင်း ဖန်တီးတာဖြစ်တယ်။

ဖန်တီးတယ်လို့ဆိုတာက လူယုံ တစုနဲ့ ကြိတ်ဝိုင်းဆွေးနွေးပြီး ဖော်ထုတ်လိုက်တာကို ပြောတာပါ။

ပထမစစ်အုပ်စုက ဂျပန်ခေတ်မှာ သန္ဓေတည်တယ်။ မွေးဖွားလာတာက ကိုကျော်ငြိမ်း (ပြည်ထဲရေးဝန်ကြီး) ရဲ့အိမ်က ကြိတ်ဝိုင်းမှာ ဆွေးနွေးပြီး ဖော်ထုတ်တာပဲ။ (အမေရိကန်အမျိုးသမီးရေးတဲ့ Making Enemies စာအုပ်မှာ ကြည့်ပါ )။ ဒုတိယစစ်အုပ်စုကတော့ ဗိုလ်နေဝင်းအိမ်က ကြိတ်ဝိုင်းဆွေးနွေးရာက ပေါ်လာတာဖြစ်တယ်။ ကြိတ်ဝိုင်းဆွေးနွေးပွဲကို အတွင်းစည်းဝိုင်း ကြိတ်ဝိုင်းလို့ပြောရမှာပဲ။

ပထမမျိုးဆက်အများစုက အဝေးသို့လွင့်ကုန်ပြီ၊ ကျန်တာက ဗိုလ်အောင်ကြီးနဲ့ ဗိုလ်တင်ဖေပဲ။ ဒီနှစ်ယောက်ကလည်း စောင်နေကြတယ်ဆိုတာကို ဗိုလ်နေဝင်းသိတယ်။ ဗိုလ်အောင်ကြီးက BEDC ဂိုဏ်း ဗိုလ်တင်ဖေက QMG ဂိုဏ်း၊ သူတို့က စားခွက်လုနေကြတာ။ ဒုတိယမျိုးဆက်မှာ ဒီနှစ်ယောက်ကို ထည့်ပေးထားပေမယ့် ဗိုလ်နေဝင်းက ယုံတာမဟုတ်ဘူး။ ဗိုလ်အောင်ကြီးက မြန်မြန်အရာကျတယ်၊ ဗိုလ်တင်ဖေက နည်းနည်းကြာကြာခံတယ်။ သူတို့နှစ်ယောက်က တစောင်းစေးနဲ့မျက်ချေးပါ။

ကျန်တဲ့မျိုးဆက်တွေက စိန်လွင်လို မျက်မှန်တင်ဦးလို နေဝင်းရဲ့ တဇောက်ကန်းပါးကွက်သားတွေပဲ။ ကိုကျော်ငြိမ်း ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသေချင်လောက်အောင် ညှဉ်းပန်းခဲ့သူက (ကြားရရင်ယုံစရာတောင် မရှိဘူး) အရမ်းသန်းညွန့်တဲ့။ အဲဒီလို ရှူးတိုက်တိုင်းကိုက်တဲ့ လူတွေက ဒုတိယမျိုးဆက်ရဲ့ အမာခံတွေပဲ။

(၂) အဲဒီကြိတ်ဝိုင်းမှာ ဗိုလ်အောင်ကြီးပါပုံမရဘူး။ ၁၉၆၂ အာဏာသိမ်းပွဲ ကြံစည်ရာမှာ သူမပါဘူးလို့ပြောတာဟာ လိမ်တာမဟုတ်နိုင်ဘူး။ တကယ်မပါတာပဲဖြစ်မယ်။ ဗိုလ်နေဝင်းက ဆိုရှယ်လစ်ပါတီ သံယောဇဉ်ရှိတဲ့ သူ့ကို မယုံတော့ဘူး။ ၁၉၆၂ အာဏာသိမ်းပွဲအပြီး ထုတ်ပြန်တဲ့ တော်လှန်ရေးကောင်စီဝင် (၁၇)ဦးစာရင်းမှာတော့ သူ့နာမည် ဒုတိယနေရာကပါလာတယ်။ ဒါကတော့ တပ်ထဲက အရေးပါတဲ့ စစ်ဗိုလ်အားလုံးကို ကြေညာရတဲ့ "သူခိုးသေဖော်ညှိ" လုပ်နည်းအရလုပ်တာပါ။

ဗိုလ်တန်ယုဆိုင်က စစ်ရဲတပ်ကို ကိုင်နေတဲ့ ဗိုလ်ဖြစ်လို့ နံပါတ် (၁၇)မှာ ပါလာတာပဲ။

ဒီမှာထူးထူးခြားခြားဖြစ်တာက စစ်ကြီးအတွင်း သောင်တင်ပြီး (နေဝင်းရဲ့ခေါင်းဆောင်ဖြစ်ခဲ့တဲ့) ဗိုလ်စကြာရဲ့ စောင့်ရှောက်မှုခံခဲ့ရသူတွေဖြစ်တဲ့ ဂျပန်စစ်ကျောင်းဆင်းတွေကလည်း ဒုတိယမျိုးဆက်မှာ နေဝင်းအားထားတဲ့ အရေးပါသူတွေပဲ။ အစိုးရဖွဲ့တော့လည်း အရေးကြီးတဲ့ဝန်ကြီးဌာနတွေကို ကိုင်ခိုင်းတယ်။

ကျောင်းသားတွေရဲ့ "ဒီမိုကရေစီခံတပ်ကြီး" ကို (၇)ရက်ဇူလိုင်မှာ ချေမှုန်းဖြိုဖျက်ခဲ့တာ သူတို့ပဲ။ သူတို့က (၇)ရက်ဇူလိုင် အရေးအခင်းမှာ ဘယ်သူက အဓိကတရားခံလဲ ဆိုတာ သိကြပါတယ်။ ဒါပေမဲ့ စိတ်သာချ ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်ဘူး။ ရေးဖို့ဆိုတာက ဝေးသေးတယ်။

( ၃ ) ဒါဟာဗိုလ်နေဝင်းရဲ့ အတွင်းစည်းဝိုင်း (inner circle) အပြောင်းအလဲပဲ။ I.C ဟာအရေးကြီးပါတယ်။ စစ်အာဏာရှင်စနစ်မှာ စစ်အာဏာရှင်က ဘယ်သူ့ကိုယုံတယ် ဘယ်သူ့ကိုမယုံဘူး ဆိုတာကို ဖော်ပြနေတာဖြစ်တယ်။

မဆလစစ်အာဏာရှင်စနစ် ကြီးစိုးတဲ့ကာလ ၂၆ နှစ်မှာ I.C အပြောင်းအလဲ အကြိမ်ကြိမ်ဖြစ်ခဲ့တာပဲ။ အဲဒီ I.C တွေကိုပဲ စစ်အုပ်စုလို့ သတ်မှတ်ရမှာဖြစ်တယ်။ အာဏာသိမ်းပြီးမှ သူခိုးသေဖော်ညှိ ခံရသူတွေကို စစ်အုပ်စုဝင်လို့ ပြောလို့မရပါဘူး။ ဝါးလုံးရှည်နဲ့သိမ်းရိုက်သလို ဖြစ်သွားလိမ့်မယ်။

## စာအုပ်၊ စာပေနှင့် မှတ်ချက်

အာဏာသိမ်းပြီး 'ကောင်စီ'ဖွဲ့တာဟာ နေဝင်းရဲ့အကြံအစည်ပဲ။ အိမ်စောင့်တုန်းက 'ကောင်စီ'မဖွဲ့ပါဘူး။ ဒါပေမဲ့ I.C တော့ ရှိတယ်။ တိုးတိုးတိုင်ပင်ဖော်တွေပဲပေါင်းပြီး ကြိတ်ဝိုင်းလုပ်တာပါ။ နေဝင်းက အဲဒီမှာ သူ့စိတ်ကူးကို ပြောပြတာပဲ။

'နံပါတ်ဝမ်း'မှာက I.C အပြင် မီးဖိုချောင်ကက်ဘီနက် kitchen cabinet လည်း ရှိစမြဲဖြစ်တယ်။ K.C က ဇနီးမယားနဲ့သမီးသား ပါလေ့ရှိတယ်။ နေဝင်းက ဒေါ်ခင်မေသန်းသေပြီးကတည်းက .K.C မှာ မယားကို မထည့်တော့ဘူး သမီးကအခရာပဲ။ မဆလ ၂၆ နှစ်သက်တမ်းမှာ I.Cတွေ၊ K.C တွေ အများကြီးပြောင်းခဲ့တယ်။ အဲဒါတွေကို အကျယ်မရေးတော့ဘူး။

( ၄ ) နေဝင်းဟာ နောက်ဆုံးတော့ I.C မှာ သူ့'အိမ်တော်ပါငယ်ကျွန်တွေ'ကိုပဲ ယုံတော့တယ်။ ၈၈ မှာ လူထုအုံကြွမှုကလည်း ဒီရေမြင့်တက်လာနေပြီ။ ဒီအချိန်မှာ စစ်အုပ်စု တတိယမျိုးဆက်ကို နေဝင်းက မွေးထုတ်ခဲ့တာပဲ။ ဒီကိစ္စတော့ အတွင်းသိတွေရေးနေတဲ့ Web Site တွေမှာ ပါနေပြီ။

သမ္မတဖြစ်နေတဲ့ ဒေါက်တာ မောင်မောင်က I.C မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ဆီက အာဏာကို (နဝတ)စစ်အုပ်စုက လွှဲယူတော့မှာမို့ အသိပေးတဲ့သဘောနဲ့ ကြိတ်ဝိုင်းထဲမှာ ခေါ်ထည့်ထားတာပဲ။ (တချို့'ဥာဏ်ကြီးရှင်'တွေက ဒေါက်တာမောင်မောင် သမ္မတ ဖြစ်ချိန်တုန်းက ကိုယ့်ဘက်က တင်းလွန်းတယ်လို့ တင်ပြတယ်။ နည်းပရိယာယ်မှားတယ်လို့ တင်ပြတယ်။ တကယ်က သူတို့အတွင်းပိုင်း အခြေအနေကို မသိလို့ပါ။ နေဝင်းရဲ့ I.C နဲ့ K.C က ဆင်ကြံကြံနေတာကို မသိကြလို့ပါ။ ထားပါတော့)

နေဝင်းရဲ့ နောက်ဆုံး I.C မှာ ပါသူတွေက ဗိုလ်ကျော်ထင်လို ဗိုလ်ဇော်လို လူတွေပဲဖြစ်တယ်။ အင်္ဂလိပ်ရဲ့တပ်မှာ ဗိုလ်နေဝင်း ဒုတပ်ရင်းမှူးလုပ်တုန်းက တပ်ကြပ်တွေပဲ။ ဒါကြောင့် 'အိမ်တော်ပါငယ်ကျွန်တွေ'လို့ ပြောရတာပါ။

( ၅ ) ဒုတိယမျိုးဆက်မှာ စာအုပ်စာတမ်းရေးခဲ့သူ ( ၂ )ဦးပဲရှိတယ်။ ဗိုလ်စောမြင့်နဲ့ ဒေါက်တာမောင်မောင်၊ ဗိုလ်စောမြင့်က ပထမပိုင်းမှာ

တွင်ကျယ်သူ၊ ဒေါက်တာမောင်မောင်က ကမ္ဘာပျက်ခါနီးမှ ယောင်တီးယောင်တ သမ္မတ ဖြစ်သူပဲ။ သူတို့က စစ်အုပ်စုထိခိုက်နစ်နာအောင် မရေးပါဘူး။ ဗိုလ်စောမြင့်က ဘာမှ မရေးဘူး၊ ဒေါက်တာမောင်မောင်က အင်္ဂလိပ်စာနဲ့ပဲ ရေးတယ်။ မြန်မာဘာသာပြန် မရှိဘူး။ ရှိရင်လည်း စာပေစိစစ်ရေးက ခွင့် ပြုမှာ မဟုတ်ဘူး။

ဗိုလ်စောမြင့်စာအုပ်က ထုတ်ဝေခွင့်ရတယ်။ ကိုလိုနီခေတ် စစ်ကိုင်းကျောင်းသားလှုပ်ရှားမှုသမိုင်းကို ဗလုံးဗထွေး ရေးတယ်။ ဒါပဲ။ သူ့အကိုအရင်း(ရဲဘော်သိန်းတန်) ဘာကြောင့် ဘယ်သူတွေခြေထိုးလို့ ဂျပန်အသတ်ခံရသလဲ ဆိုတာတောင် မရေးဘူး။ တယောက် (မောင်ဆွေသက်ထင်တယ်)ကမှ ရေးတာတွေ့ရ သေးတယ်။

သူတို့ဘာတွေရေးပြီး ဘာတွေပြောတယ်ဆိုတာကို အကျယ်မရေးတော့ပါဘူး။ ခြုံငုံပြီးပဲ သုံးသပ်ပါမယ်။ သူတို့ရဲ့ ထူးခြားချက်က 'မတ်လ(ဂျပန်ဖက်ဆစ်) တော်လှန်ရေး' တုန်းက ဂျပန်မှာ ရောက်နေတယ်။ ဒီတော့ ဗကပနဲ့ မထိတွေ့ မဆက်ဆံဖူးဘူး။ ကျောင်းသားဘဝကပဲ ဆက်ဆံထိတွေ့ဖူးကြတယ်။ တချို့က BIA ကာလမှာ ဆက်ဆံဖူးတယ်။

ဗမာပြည်ပြန်ရောက်ပြီး တပ်ထဲပြန်ရောက်တော့လည်း ဆိုရှယ်လစ်စစ်အုပ်စုနဲ့ပဲ ဆက်ဆံထိတွေ့ရတယ်။ ပြည်တွင်းစစ်ကလည်း ဖြစ်နေပြီ။ ရဲဘော်သုံးကျိပ်တချို့နဲ့ ဂျပန်မှာအတူသောင်တင်ခဲ့တဲ့ ရဲဘော်ရဲဘက်တချို့ကလည်း တောထဲရောက်နေပြီ။ တပ်ထဲမှာက လည်း ဗိုလ်နေဝင်း ဗိုလ်မောင်မောင် ဗိုလ်အောင်ကြီး၊ ဗိုလ်တင်ဖေတို့ ကြီးစိုးနေတာဆိုတော့ အလိုလိုနေရင်း ဆိုရှယ်လစ်အုပ်စုရဲ့ အမာခံတွေဖြစ်လာတယ်။ ဒါဟာသူတို့ရဲ့ ထူးခြားချက်ပဲ။

ဗိုလ်နေဝင်း 'မဆလ' တစင်ထောင်တော့ သူတို့ဟာ ဒုတိယမျိုးဆက် စစ်အုပ်စုဝင်တွေ ဖြစ်လာတာပဲ။

ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီး ဘယ်သူတစ်တရားခံလဲဆိုတဲ့ အငြင်းပွားမှု (၇ ရက်ဇူလိုင်ကိစ္စ)မှာ သူတို့လည်း နံပါတ်(၃) တရားခံတွေ ဖြစ်လာတယ်။ အသံလွှင့်ရုံမှာ စခန်းချပြီး အနီးကပ်ကွပ်ကဲနေသူတွေက သူတို့ပဲ။ ဗိုလ်အောင်ကြီးရဲ့ စာတမ်းတစောင်မှာ ဗိုလ်ကျော်စိုးကို တရားခံအဖြစ်ရေးတာ တွေ့ဖူးတယ်။ ဗိုလ်ကျော်စိုးက ပြည်ထဲရေးဝန်ကြီး၊ ဗိုလ်စောမြင့်က ပြန်ကြားရေးဝန်ကြီး လုပ်နေတာဆိုတော့ သူတို့ကိုတရားခံ နံပါတ်(၃) လို့ ခေါ်မယ်ဆိုရင်လည်း ခေါ်နိုင်ပါတယ်။

သူတို့မျိုးဆက်က စစ်နဲ့တော်လှန်ရေး ကို ဖြတ်သန်းဖူးတဲ့ ရှေ့မီနောက်မီသူတွေပဲ။ ဒါကြောင့်တစုံတရာတော့ ပြည်သူလူထုနဲ့ နီးစပ်ဖူးတယ်။ ( ၈၈ )အံ့ကြွမှုကာလကလည်း မျိုးချစ်ရဲဘော်ဟောင်းများဆိုပြီး ကောင်းမှုပြုခဲ့ဖူးတယ်။

ဒါကြောင့် သူတို့ကိုအကဲဖြတ်ရာမှာ တဖက်သတ်ကျလို့ မဖြစ်ပါဘူး။ အကြံသမား အကွက်သမား ဗိုလ်နေဝင်းရဲ့ အသုံးချခံရသူများလို့လည်း သတ်မှတ်နိုင်တဲ့အပိုင်း ရှိတယ်။

( ၆ ) စာအုပ်ရေးတာပြောလို့ ပထမမျိုး ဆက်လည်း မရေးကြပါဘူး။ (ဗိုလ်နေဝင်း ဘုန်းတော်ဘွဲ့ ဒေါက်တာမောင်မောင် ရေးတာတော့ ရှိတယ်)။ အမေရိကန်အမျိုးသမီးနဲ့ တွေ့တုန်းကပဲ သူတို့အာချောင်လိုက်လို့ အဲဒီအမျိုးသမီး စာအုပ်မှာ ဖတ်ရတယ်။ ဗိုလ်မောင်မောင်ရဲ့ ဒိုင်ယာရီအကြောင်းလည်း သိရတယ်။

စာအုပ်မရေးကြတဲ့အကြောင်း နားလည်ပါတယ်။ ဒီမိုကရေစီခေတ်လို "ငါ့ညီကျော်ငြိမ်း မင်းငယ်ပါသေးတယ်" "မင်းသားကိုကြီးကောင်း" "ဒီမိုကရေစီပြောင်းပြန်" ရေးလို့မရမှန်းသိပါတယ်။ "စစ်ဗျူရိုကရက်ခေတ်" မှာ စစ်ဗိုလ်တွေရဲ့ဂုတ်ပေါ် ဓားဝဲနေတာသိလို့ ခွင့်လွှတ်ပါတယ်။ ကိုထွန်းစိန်နဲ့ ဗိုလ်အေးဖေအမှုတွဲမှာ ဗိုလ်အေးဖေပဲ သေဒဏ်ကျတယ်။ ဗိုလ်အုန်းကျော်မြင့် မြန်မြန်သေဒဏ်ကျတယ်။ အဲဒီလို စစ်ခုံရုံးက ခပ်မြန်မြန် ပေါပေါလောလောသေ ဒဏ်ချနေလို့ မရေးမှန်းသိပါတယ်။ ဗွေမယူရက်ပါဘူး။

ဗိုလ်နေဝင်းရဲ့ ဒေါသအိုးပေါက်ကွဲမှုအကြောင်းက ကမ္ဘာသိပါ။ ဒါ့အပြင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်ရင်း ညောင်မြစ်တူး ပုတ်သင်ဉပေါ်မှာလည်း သူတို့ကြောက်ကြပေလိမ့်မယ်။

( ၇ ) ဗကပ က ဒီကိစ္စကိုရေးတာကလည်း ၂၆နှစ်တာကွက်လပ်ကို ချန်မထားရစ်ခဲ့ချင်တာ တကြောင်း၊ စစ်အုပ်စုမျိုးဆက်တွေရဲ့ အာဏာ 'အမွေလွှဲပွဲ' တွေကြောင့် တိုင်းပြည်ဘယ်လောက်နာခဲ့ပြီလဲဆိုတာ သိစေချင်လို့ တကြောင်း ရေးပါတယ်။

**စိုးအေး**

**'သောင်းတန်ငွေစက္ကူ' ထုတ်တော့မယ်ဆိုတဲ့သတင်း**

ဒီသတင်းမှန်နိုင်တယ်။ နေဝင်းလို တရားမဝင်ကြေညာတဲ့နည်းကို သန်းရွှေ မလုပ်ဝံ့ဘူး။ နေဝင်းနည်းက နေ့ခင်းကြောင်တောင် လုရိုက်ပြီး လုယူတဲ့နည်းပဲ။ ပထမအကြိမ်တုန်းက စစ်အုပ်စုဝင်ထိပ်သီးတဦးကို အရေးယူရတယ်။ ကန်ထရိုက်တယောက်က သူပုန်ထ မြို့သိမ်းတယ်။ နောက်ဆုံးအကြိမ်ကျတော့ '၈၈ လူထုအုံကြွမှု' ဖြစ်စေတယ်၊ စနက်တံတခု မီးရှို့သလို ဖြစ်သွားတယ်။ မဆလ ဇာတ်သိမ်းတော့တာပဲ။

သန်းရွှေနည်းက 'အေးဓားပြ' တိုက်တဲ့နည်းပဲ။ 'သုည' တိုးပေးတဲ့နည်းပဲ။ ရာတန်ကို သုညတိုးပေးလိုက်တော့ ထောင်တန်ဖြစ်တယ်။ ထောင်တန်ကို ရှေ့က ဂဏန်းပြောင်းပေးတဲ့နည်းနဲ့ (၅၀၀၀) တန် ထုတ်ပြီးပြီ။ ဒီတခါတော့ နောက်က သုညတလုံးပဲ တိုးပေးဖို့ ရှိတယ်။ ဒါကြောင့် မှန်နိုင်ပါတယ်။

နောက်တကြောင်းကလည်း မာရှယ်လောခေတ်မှာ လုပ်ထားမှ ဖြစ်မယ်။ နောင်မှာ 'လွှတ်တော်' ပေါ်လာရင် အရစ်ရှည်တော့မယ်။ နောက်တက်လာမယ့် 'အစိုးရ' ကိုလည်း ဒုက္ခပေးသလိုဖြစ်မှာ စိုးရိမ်လိမ့်မယ်။

## စစ်အုပ်စုအဆက်ဆက်ကို သုံးသပ်ချက်



## တတိယမျိုးဆက်စစ်အုပ်စု (၁၉၈၈ – ၂၀၁၀)

**စိုးအေး**

(၁) ပေါ်လာပုံက တမူထူးတယ်။ နေဝင်းစစ်အုပ်စုရဲ့ နဂိုစီမံကိန်းက "၁၉၇၄ အခြေခံဥပဒေ" ဘောင်ထဲကနေပြီး အာဏာဆက်ခံသူ ရွေးချယ်ပေးသွားဖို့ဖြစ်တယ်။ ဒါကြောင့်ပဲ စိန်လွင်ကို ဆက်ခံသူ အဖြစ် ရွေးတယ်။ (၁၈) ရက်ပဲခံတယ်။ ဒေါက်တာမောင်မောင်ကို အာဏာဆက်ခံသူအဖြစ် ရွေးပြန်တယ်။ သူလည်း ကြာကြာ မခံနိုင်ဘူး ဆိုတာကို သိလာတော့ နေဝင်းက အဲဒီအချိန်မှာ စစ်တပ်ရဲ့ ဦးစီးချုပ် ဖြစ်နေတဲ့ ဗိုလ်စောမောင်ကို "၁၉၇၄ အခြေ ခံဥပဒေ" ဘောင်ထဲက မဟုတ်တဲ့နည်းနဲ့ "အာဏာလွှဲ"လိုက်တာပဲဖြစ်တယ်။ ဘောင်ကို တမင်ချိုးဖောက်ပြီး "အာဏာလွှဲ"ခဲ့ရတာဖြစ်တယ်။

ဒါပေမဲ့ ပြဿနာက ရှိနေတယ်။ စစ်တပ်ဦးစီးနေသူတွေကို 'အာဏာအမွေ' လွှဲပေးရသလို တဖက်ကလည်း မဆလ ပါတီလိုင်းထဲက လူတွေကိုလည်း 'နိုင်ငံရေးအမွေ' လွှဲပေးပြီး (တစည) အမည်နဲ့ ပါတီဖွဲ့ပေးခဲ့ရတာပဲ။ (အခု ရွေးကောက်ပွဲမှာ အဲဒီ 'အမွေခံ နှစ်ဦး' ရန်စောင်နေကြပြီ )

(၂) အာဏာအမွေရလိုက်သူတွေက တတိယစစ်အုပ်စု ဖြစ်လာပေမယ့် သူတို့က အတော့်ကို ဝါနုသူတွေ ဖြစ်နေတယ်။ 'ပထမ စစ်အုပ်စု' 'ဒုတိယ စစ်အုပ်စု' တို့လိုမဟုတ်ဘူး။ ဒါကြောင့် ဒုတိယအုပ်စုလို မီးမသေဘူး။ ခဏခဏ အုပ်စုလိုက် ဖြုတ်ပစ်ရတာတွေ ဖြစ်နေတာပဲ။ (နဝတဟောင်းတွေကို အုပ်စုလိုက် ဖြုတ်ရတာကြည့်၊ ဗိုလ်ခင်ညွန့်'ထောက်လှမ်းရေးဂိုဏ်း' ကို အုပ်စုလိုက်ဖြုတ်ရတာ ကြည့်၊ အခုတလော နအဖ(ဟောင်း)တွေကို အုပ်စုလိုက် ဖြုတ်နေရတာကိုကြည့်။)

စစ်အုပ်စုဆိုတာက စစ်တပ်ကို အမှီပြုနေရတာဖြစ်တယ်။ စစ်တပ်ဆိုတာကလည်း အတင်းကျပ်ဆုံး ဗျူရိုကရေစီယန္တရား ဖြစ်တယ်။ အစုလိုက်အပြုံလိုက် ဖြုတ်ပစ်ရတာတွေများလာတော့ အသစ်အသစ်တွေကို တိုးမြှင့် ခန့်ထားရတယ်။

ဥပမာ နမူနာကလေး ပေးပါမယ်။ အခုသန်းရွှေ၊ မောင်အေးတို့၊ စစ်အုပ်စုမှာ နံပါတ် (၃)၊ နံပါတ် (၄)၊ နံ ပါတ် (၅) တို့ဟာ ၁၉၈၈ တုန်းက ဘယ်အဆင့်နဲ့ ဘာတာဝန်တွေ ထမ်းခဲ့သူတွေ လဲ ဆိုတာကိုပဲကြည့်ပါ။

(၃) သူတို့မျိုးဆက်က စာအုပ်ထုတ်သူများတယ်။ ဘာ ကြောင့်များ သလဲဆိုတာ စဉ်းစားကြည့်တော့ သူတို့က လက်ရှိစစ်အုပ်စု(နအဖ)နဲ့ အဆင်ပြေသူများဖြစ်လို့ဆိုတာ တွေ့ရတယ်။ သူတို့က နဝတအဖွဲ့ဝင်တွေ ဖြစ်ကြရုံမကဘူး၊ ရင်းနှီးသူတွေလည်း ဖြစ်ကြလို့ဆိုတာ တွေ့ရတယ်။ ဗိုလ်သန်းရွှေနဲ့လည်း အဆက်ဆက် ဆက်ဆံခဲ့သူတွေဖြစ်လို့ အပိုးကျိုးပြီးသားလည်းဖြစ်တယ်။ ဗိုလ်မောင်အေးနဲ့ကတော့ တကျောင်းတည်းထွက်သူဖြစ်လို့ သာသာထိုးထိုး ရေးနိုင်ကြတယ်။ ဗိုလ်ထွန်းကြည် (မုံရွာ)ရဲ့ စာအုပ်ကိုဆိုရင် 'နအဖ' က စစ်ကျောင်းတက် သူများရဲ့ "လက်စွဲစာအုပ်"လိုဖြစ်အောင် လုပ်ပေးနေပုံပေါ်တယ်။ တတိယအကြိမ်တောင် ပြန်ရိုက်ပြီး ထုတ်နေရတယ်ကြားတယ်။ ဗိုလ် သန်းရွှေနဲ့ ဗိုလ်မောင်အေး ဘုန်းတော်ဘွဲ့တွေကလည်း အများကြီး ရေးထည့်ထားကြတာပဲ၊ ကြိုက် ကြပေလိမ့်မယ်။

ဗိုလ်ခင်ညွန့်ဆန့်ကျင်ရေးတုန်းကလည်း သူတို့တပူးတပေါင်း တည်း ဖြစ်ခဲ့ကြတာမဟုတ်လား။




တခြား လူသိမခံတဲ့ အကြောင်းလည်း ရှိနေကြပုံပေါ်တယ်။ ဝန်ကြီးဖြစ်စဉ်က အမှုအခင်းများနဲ့ပတ်သက်ပြီး 'နအဖ' အာဏာပိုင်များ က ဗိုလ်ထွန်းကြည်ကို သင်ပုံးချေ လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပုံပေါ် တယ်။ တိုင်းမှူးဘဝနဲ့ ဝန်ကြီးဘဝမှာ စုဆောင်းထားတဲ့ ဥစ္စာနေတွေ တပုံတပင်ရှိလို့ သူက စာအုပ်ကိုအရှုံးခံပြီး ထုတ်နိုင်တယ်။ ဒါလောက် ကုန်ကျစားရိတ်ကတော့ ကလေးမုန့်ဖိုးပေးသလောက်ပဲ။ အကုန်ခံနိုင် တယ်။

(၄) "စစ်အုပ်စုမျိုးဆက်တွေ"ရေးသမျှကို (တာဝန်အရ) ဗကပ က ဖတ်ပါတယ်။ ကိုယ်ရည်သွေးတာတွေကို ခွင့်လွှတ်တဲ့စိတ်နဲ့ ဖတ်တယ်။ သူတို့မရေးဘဲထားတာက ဘာလဲ။ ဘယ်ဟာကိုဖော့ပြီးရေးသလဲ။ ဘယ်ဟာကိုဖိပြီး ရေးသလဲ။ အာဏာပိုင်တွေကို မသိမသာ ဘာတွေ ပညာပေးသလဲ။ ဘယ်ကိစ္စကိုဖျောက်ထားသလဲ၊ အဲဒါတွေကို သိချင်လို့ တအုပ်မကျန်ဖတ်ပါတယ်။

ဗိုလ်ထွန်းကြည်(မုံရွာ)ရဲ့ ဒုတိယတွဲကို မျှော်နေတယ်။ ရှစ်လေးလုံးကာလက ပြဿနာအနည်းဆုံးဖြစ်အောင် သူဘယ်လို ကိုင်တွယ်ခဲ့တယ်ဆိုတဲ့ မဏ္ဍပ်တိုင်တက်ပြတဲ့ကိစ္စ ဘယ်လိုရေးထားသလဲဆိုတာ သိချင်လို့ပဲ။ စစ်ကိုင်းလူသတ်ပွဲကိစ္စ ဘယ်လိုရေးသလဲ။ မန္တလေးမှာ ဘယ်လိုကိုင်တွယ်ခဲ့သလဲ စတာတွေ သိချင်တယ်။

ပထမတွဲမှာပါတဲ့ မုံရွာရာဇဝတ်ဝန် ရှားကိုးအကြောင်း ဖတ်ရတယ်။ (၄)တန်းကျောင်းသားရဲ့ ဘဝက အဖြစ်အပျက်ကို စစ်ဗိုလ်ကြီးအမြင်နဲ့ ရေးထားတာပဲ။ သူ့သားမက်နဲ့ အပေါင်းပါတွေ ပြောလေ့ရှိတဲ့ တခြားဘက်ကလည်း မြင်ကြည့်စေချင်တယ်။ အဲဒီတုန်းက ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်လရောင်၊ ဗိုလ်စောမောင် (ရွှေဘို)၊ ဗိုလ်ထွန်းကြည်(စစ်ကိုင်း)တို့က ရှားကိုးအကြောင်း ဘယ်လို ပြောခဲ့ကြသလဲ။ သူတို့နဲ့ ဘယ်လို အပေးအယူလုပ်ခဲ့ကြသလဲဆိုတာ စုံစမ်းကြည့်သင့်တယ်။ (သူတို့တတွေ ကွယ်လွန်ကြပြီလားတော့ မသိ)

ဗိုလ်ခင်ညွန့်နဲ့ သူ့ထောက်လှမ်းရေးအဖွဲ့ဝင်တွေကလည်း စာအုပ်ရေးပြီး မသေခင် ထုတ်ဝေစေချင်တယ်။

(၅) 'စတုတ္ထမျိုးဆက်'က ၂၀၁၀လွန်ရင် ဆက်ခံတော့မှာပါ။ အခုကြားသိရသလောက်က တော်တော်ကို ဝါနုသူတွေ ဖြစ်နေတယ်။ ကောလာဟလလား သတင်းမှန်လား မသိရသေးလို့ စတုတ္ထမျိုးဆက် အကြောင်းတော့ အခုသုံးသပ်ဖို့ စောပါသေးတယ်။

သေချာတာကတော့ အခု 'တစည'က (ပြိုင်ဘက်)ကြံ့ဖွံ့ကို "ကလေးတွေ"လို့ ပြောလိုက်တာကြားရတယ်။ 'စတုတ္ထ' မျိုးဆက်ကိုဆိုရင် 'မွေးကင်းစ'လို့ပဲ ခေါ်လေမလား။

ယေဘုယျနိဂုံးချုပ်ချက်

(၁) ပေါက်ကောင်မဖွင့်သေးလို့ စတုတ္ထစစ်အုပ်စုအကြောင်း သုံးသပ်စရာ မရှိပါ။ သေချာတာကတော့ သူတို့က စစ်မတိုက်ဖူးတဲ့ စစ်ဗိုလ်တွေ ဖြစ်ဖို့များတယ်။ တတိယမျိုးဆက်ရဲ့ မီးသေသူတွေပဲ ဖြစ်မှာပါ။

(၂) တတိယစစ်အုပ်စုက သူ့အရင်စစ်အုပ်စုတွေနဲ့ မတူတာတခုတော့ သတိပြုမိတယ်။ အဲဒါကသူတို့သားတွေကို စစ်တပ်ထဲမသွင်းကြဘဲ ကုမ္ပဏီထောင် စီးပွားရေးလုပ်ခိုင်းကြတာပဲ။ ပထမ – ဒုတိယ စစ်အုပ်စုတွေကတော့ သားကို စစ်တပ်ထဲ ဝင်ခိုင်းကြတာများတယ်။ မသေမပျောက်အောင်တော့ တာဝန်ပေးတယ်။ တတိယမျိုးဆက်ကတော့ မဝင်ခိုင်းဘူး။ ကုမ္ပဏီပဲထောင်စေတယ်။ သမီးရှိလည်း စီးပွားရေးသမားနဲ့ လက်ဆက်စေတယ်။

'နိုင်ငံရေးအာဏာ'ကို စစ်ဗိုလ်အနေနဲ့ ရယူတာထက် စီးပွားရေးလုပ်ငန်းရှင် အနေနဲ့ ရယူတဲ့ဘက်ကို ကူးပြောင်းနေသလား စဉ်းစားစရာပါ။ (စီးပွားရေးလုပ်ငန်းရှင်တွေကို ကြံ့ဖွံ့အမည်နဲ့ ရွေးကောက်ပွဲ ဝင်ခိုင်းနေတာလည်း ရှိနေပြီ )

'ဗိုလ်'ကနေ 'ဦး' ပြောင်းပြီး အာဏာရအောင်လုပ်ရတာကို စိတ်မသိုးမသန့် ဖြစ်လို့လား။ ဒါမှမဟုတ် ကမ္ဘာ့တိမ်းညွှတ်မှုနဲ့အညီ လုပ်ချင်တာလားတော့ မသိပါ။

နောက်စဉ်းစားဖို့ရှိတာက စစ်အုပ်စုအဆက်ဆက်က တိုင်းပြည်ရဲ့ အသက်သွေးကြော စီးပွားရေးလုပ်ငန်းတိုင်းကို လက်ဝါးကြီးအုပ်မိအောင် လုပ်တာ ပြီးမြောက်အောင်မြင်ခဲ့ပြီ၊ "၂၀၀၈ အခြေခံဥပဒေ"က အခွန့်ရှည်တည်တန့်တော့မည်၊ ဒါကြောင့် 'နိုင်ငံရေးအာဏာ' အတွက် စိတ်ပူစရာ မရှိတော့လို့တွက်ပြီး သားသမီးတွေကို စီးပွားရေးလိုင်း လိုက်ခိုင်းနေတာလည်း ဖြစ်နိုင်ပါတယ်။

(၃) နိုင်ငံရေးအာဏာရဲ့ သော့ချက်ဖြစ်တဲ့ သမ္မတအာဏာ၊ ဦးစီးချုပ်အာဏာ၊ ကာကွယ်ရေး ပြည်ထဲရေး နယ်စပ်ရေးအာဏာတွေမှာ စိတ်ချရပြီဖြစ်လို့ တခြားနိုင်ငံခြားရေး စီးပွားရေး အာဏာတွေကိုပါ ရယူဖို့ကြံစည်တာလည်း ဖြစ်နိုင်ပါတယ်။

အစိုးရအဖွဲ့မှာက ဘဏ္ဍာရေး ကူးသန်းရောင်းဝယ်ရေး စက်မှုလယ်ယာစိုက်ပျိုးရေး နိုင်ငံခြားရေး စသဖြင့် ဝန်ကြီးတွေ ရှိရမှာပါ။ ဒီဝန်ကြီးနေရာတွေ ရဖို့ကတော့ စစ်ဗိုလ်အမတ် တမတ်သားနဲ့ ရဖို့မလွယ်ဘူး။ နောက်ထပ် အရပ်သားအမတ် တမတ်သားကျော်ကျော် ရှိမှဖြစ်မယ်။ နောက်ထပ်ငါးဆယ်သားကျော် ရှိရင်တော့ အရာရာပြီးမြောက် နိုင်မှာဖြစ်လို့ ကျန်"၇၅%"မှာ ဝင်တိုးဖို့ ပြင်ဆင်တာလည်း ဖြစ်ပါလိမ့်မယ်။

(၄) 'ဖက်ဆစ်ဝါဒ – စစ်ဝါဒ'အာဏာရှင်တွေဟာ အာဏာလောဘ ကြီးပါတယ်။ ဟစ်တလာ(နာဇီ)က အနှစ်တထောင် အာဏာတည်မြဲရေး ကြွေးကြော်ခဲ့တယ်။ ဂျပန်စစ်ဝါဒကလည်း အာရှတိုက်ရဲ့ထာဝရ အရှင်သခင်ဖြစ်ရေး ကြွေးကြော်ခဲ့တာပဲ။

ဗမာစစ်ဝါဒကလည်း နိုင်ငံရေးအာဏာကို 'အစဉ်တစိုက်'ရဖို့ ကြွေးကြော်နေတာပဲ။ ('အစဉ်တစိုက်'ဆိုတဲ့ ခပ်ပျော့ပျော့ ဝေါဟာရက နောက်မှ အခြေခံဥပဒေရေးမှ သုံးတာပဲ။ ပထမစပြီးသုံးတုန်းက 'ထာဝရ'လို့ သုံးပါတယ်။ သဒ္ဒါရတရားကိုကျော်လွှားပြီး 'ထာဝရ'လို့သုံးတာ လွန်သွားမှန်းသိလို့ 'အစဉ်တစိုက်'ပြောင်းသုံးပုံရပါတယ် )

(၅ ) "၂၀၀၈ အခြေခံဥပဒေ" အာဏာတည် အသက်ဝင်မှာ သေချာနေပါပြီ။ ရွေးကောက်ပွဲဝင်သူတွေကလည်း လေသံပျော့နေကြပါပြီ။ တည်ရှိနေတဲ့ "အခြေခံဥပဒေ" တခုကို နိုင်ငံရေးအာဏာရှိသူကသာ ပြင်နိုင်၊ ဖျက်နိုင်ပါတယ်။ ဒါဟာတလောကလုံးဆိုင်ရာ အမှန်တရားဖြစ်တယ်။ တစတစပြုပြင်ရေး နောက်ဆုံးမှာ ဖျက်သိမ်းရေးဆိုတာက စိတ်ကူးယဉ်မှု သက်သက် ဖြစ်ပါတယ်။

( ပြီး )

**စိုးအေး**

# တော်လှန်တဲ့အတွေးအခေါ် တည်ဆောက်ကြ

နိုင်ငံရေး

မောင်သန်းမြွေ



***Mylai*ကျေးရွာ လူသတ်ပွဲ အထိမ်းအမှတ် ကျောက်တိုင်**

တယ်လီစကုတ်မှန်ပြောင်း ကိုတီထွင်ပြီး ကောပါးနီးကပ်စ်ရဲ့ နေဗဟိုပြုစကြဝဠာဆိုင်ရာအဆိုကို မှန်ကန်ကြောင်း သက်သေပြ ထောက်ခံပြောဆိုခဲ့သူ ဂယ်လီလီယို(၁၅၆၄–၁၆၄၂)ကို ထောင်ဒဏ်တသက်ချမှတ်ခဲ့ရာမှ၊ သူကွယ်လွန်ပြီး ၃၅၉ နှစ် အကြာတွင် ကက်သလစ်ဘုရားကျောင်းတော်နှင့် ပုတ်ရဟန်းမင်းကြီးက မှားယွင်းစွာအရေးယူခဲ့ကြောင်း ဝန်ခံစကား ပြောကြားခဲ့တယ်။

ဗီယက်နမ်စစ်ပွဲကို ဦးဆောင်တိုက်ခိုက်ရာမှာ ပါဝင်ခဲ့တဲ့ အမေရိကန်ကာကွယ်ရေးဝန်ကြီးဟောင်း မက်ကနာမားရား (၁၉၆၁–၁၉၆၈ ကာကွယ်ရေးဝန်ကြီး၊ ၂၀၀၉ ဇူလိုင် အသက် ၉၃နှစ် ကွယ်လွန်)က သူ့ရဲ့ “နောက်ကြောင်းပြန်” Retrospect ဆိုတဲ့စာအုပ်မှာ “ကျွန်ုပ်တို့မှားခဲ့ပြီ၊ ဆိုးဆိုး ဝါးဝါးမှားခဲ့ပြီ” terribly wrong လို့ ဝန်ခံ ရေးသားခဲ့တယ်။

ဗီယက်နမ်စစ်ပွဲအတွင်း Mylaiကျေးရွာလူသတ်ပွဲ (၁၉၆၈ မတ်လ ၁၆၊ လက်နက်မဲ့ အရပ်သား အမျိုးသမီး၊ ကလေး၊ သက်ကြီးရွယ်အို ၃၄၇ မှ ၅၀၄ ယောက်ကို အစုလိုက် အပြုံလိုက် ပစ်သတ်မြှုပ်နှံခဲ့မှု)ကိုကျူးလွန်ခဲ့သူ အမေရိကန် စစ်ဗိုလ် ဗိုလ်ဝီလီယံကယ်လီက ၂၀၀၉ ဩဂုတ် ၂၀ သူအသက် ၆၆နှစ်အရွယ်တွင် ဝမ်းနည်းကြောင်းနဲ့ ခွင့်လွှတ်ရန် တောင်းပန်စကား ပြောကြားခဲ့တယ်။

ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ် က ၂၀၀၈ ဖေဖော်ဝါရီ ၁၃ ကင်ဘာရာပါလီမန်အစည်းအဝေးတွင် အဘိုရီးဂျင်း ဒေသခံတိုင်းရင်းသားများအပေါ် လူမျိုးတုံးသတ်ဖြတ်ခံခဲ့ရသော မျိုးဆက်များအတွက် ဝမ်းနည်းကြောင်း တောင်းပန်စကား တရားဝင်ပြောကြားတယ်။

မန္တလေးသို့မရောက်ဖူးဘဲ မော်လမြိုင်သို့သာ ရောက်ဖူးခဲ့သော်လည်း၊ “မန္တလေးသို့သွားရာလမ်း” ဆိုတဲ့ နာမည်ကျော်ကဗျာကို ၁၈၉၀ လောက်မှာ ရေးသားခဲ့တဲ့ ရုဒ်ယာဒ် ကစ်ပလင်း(၁၈၆၅ –၁၉၃၆)ရဲ့ ရေးသားချက်ထဲမှာ ပါတဲ့ “လူခေါင်းတစ်ရာသင်္ချိုင်း” ဖြစ်ပွားခဲ့ရာ “ဒိုးကပ်ရွာ” (ချောင်း မြောင်းလုပ်ကြံခံရလို့ အင်္ဂလိပ်စစ်ဗိုလ်တယောက် သေဆုံး တဲ့ အတွက် မိန်းမနဲ့ခလေးတွေဖမ်း၊ ယောကျ်ားတွေ အကုန်သတ်ပြီး ရွာကိုဖျက်ခဲ့တဲ့ဖြစ်ရပ်) နေရာဟာ၊ ပဲပင်ချောင်းနဲ့ ဝေန်မြစ်ဆုံရာ “ပဲပင်မှော်ရွာ”ဖြစ်ကြောင်း သိရတယ်။ (ဒေါက်တာထင်အောင်ရဲ့ စာတမ်းနှစ်စောင်၊ အောင်သန်း (မန္တလေး) မြန်မာပြန်၊ အတွေးအမြင် ၁၉၈၄ အမှတ် ၁၊၂၊ ၃ နဲ့ ၁၉၈၅ အမှတ် ၅၊၆၊ ၇၊ ၈၊၉ )

သမိုင်းမှာ မတော်မတရားလုပ်ခဲ့မှု၊ လိမ်ညာမှု ဖြစ်ရပ်မှန်ကို ဖုံးကွယ်မှုတွေဟာ အချည်းနှီးပဲ။ တချိန်မှာ အမှန်တရားဟာ ဘူးပေါ်သလိုပေါ်ပေါက်လာတာပဲ။ မတရားမှုကျူးလွန်ခဲ့သူတွေဟာ နောင်တတရားနဲ့အတူ သမိုင်းတရားခံအဖြစ် အမဲစက်ထင်ကျန် ရစ်ခဲ့လိမ့်မယ်ဆိုတာကို အထက်ပါဖြစ်ရပ်များက သာဓကပြနေတယ်။

လူသားတွေရဲ့ ဖြစ်ပေါ်တိုးတက်မှု သမိုင်းပင်မရေစီးဟာ ဘယ်တော့မှ နောက်ပြန် မလှည့်ဘူး၊ အစဉ်အမြဲရှေ့သို့သာ ဖြစ်ပေါ်တိုးပွားနေတာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လူသားတွေရဲ့ သိမြင်မှု အတွေးအခေါ် ယဉ်ကျေးမှု စတာတွေဟာ သမိုင်းခေတ်အသီးသီးကို ဖြတ်သန်းရင်း မြင့်မားလာလို့ဖြစ်တယ်။ လူသားနဲ့ သဘာဝလောက တနည်း ထုတ်လုပ်ရေးကိရိယာ အဆင့်မြင့်လာမှု(သဘာဝသိပ္ပံ) လူလူချင်းဆက်ဆံမှု တနည်း လူတန်းစားတိုက်ပွဲ(လူမှုသိပ္ပံ) တွေရဲ့ ဖြစ်ပေါ်တိုးပွားမှုဟာ မကြုံဖူးအောင် ပေါက်ကွဲနေလို့ဖြစ်တယ်။ ယနေ့ခေတ်မှာ လူတွေကို ကျွန်တွေလို သဘောထားနေလို့ မရတော့ဘူး။ ပဒေသရာဇ်ခေတ်လို ဘဝရှင်မင်းတရားကြီး လုပ်ချင်လို့မရတော့ဘူး။

လူတန်းစားဆိုတာ ပေါ်ပေါက်လာတဲ့အချိန်ကစပြီး လူသားဖြစ်ပေါ်မှု သမိုင်းဟာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေခဲ့တာဖြစ်တယ်။ အဖိနှိပ်ခံလူတန်းစားတွေ၊ ပြည်သူတွေ၊ လူမျိုးတွေ၊ တိုင်းပြည်တွေဟာ သမိုင်းတွင်တဲ့တိုက်ပွဲတွေ ဆင်နွှဲရင်း ဖြစ်ပေါ်တိုးပွားလာတာဖြစ်တယ်။ သွေးချွေးမပေးဆပ်ဘဲ လွတ်လပ်မှုကိုမရနိုင်ဘူး။

သမိုင်းမှာပေါ်ပေါက်ခဲ့တဲ့ အင်ပိုင်ယာတွေ၊ ဧကရာဇ်တွေတိုင်းဟာ ကြီးကြီးသေးသေး သူတို့ကိုယ်သူတို့ နေထွက်ဘုရင်တွေ၊ နေမဝင်အင်ပိုင်ယာတွေအဖြစ် ဝင့်ဝါခဲ့ကြတာချည်းပဲ။ နောက်ဆုံးမှာ တော်လှန်ရေးတွေနဲ့ဖြုတ်ချခံရပြီး အကျနာခဲ့တာချည်းပဲ။ ရှေးဟောင်းမြို့ပြ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ကိုလိုနီ နယ်ချဲ့ခေတ်၊ ခေတ်တိုင်းမှာ ဖိနှိပ်သူနဲ့ဖိနှိပ်ခံ၊ သွေးစုပ်သူနဲ့သွေးစုပ်ခံ၊ ဖောက်ပြန်ရေးနဲ့တော်လှန်ရေး ဆန့်ကျင်ဘက်နှစ်ရပ် အားပြိုင်ကြတာချည်းပဲ။ သမိုင်းဖြစ်ပေါ်တိုးပွားမှု ပင်မရေစီးဘက်မှာ အဖိနှိပ်ခံတွေရှိတယ်။ ပြည်သူတွေရှိတယ်။ ချေဖျက်လို့မရနိုင်တဲ့ မကုန်ခန်းနိုင်တဲ့အင်အားတွေရှိတယ်။ ဒါ့ကြောင့်သမိုင်းကို လူထုက ဖန်တီးတာဖြစ်တယ်လို့ ပြောတာဖြစ်တယ်။ ထွန်းပြောင်တဲ့အနာဂတ်ကို ယုံကြည်မှု ဆိုတာ လူထုကို ယုံကြည်ခြင်းဖြစ်တယ်။ လူလူချင်းဖိနှိပ်သွေးစုပ်တဲ့၊ ပုပ်သိုးပျက်စီးနေတဲ့ အရင်းရှင်စနစ် မုချကျဆုံးရမယ်ဆိုတဲ့ “မာက့်စ်”ရဲ့ ပြောကြားချက်ဟာ တော်လှန်တဲ့ လူထုအမြင်ဖြစ်တယ်။ အရင်းရှင်လူတန်းစားဟာ မာက့်စ်ရဲ့ မိုးကြိုးသံလိုထစ်ချုန်းတဲ့ “ပစ္စည်းမဲ့လူတန်းစားအဖို့ ဆုံးရှုံးစရာဆိုလို့ နှောင်ကြိုးမှအပ ဘာမှမရှိ၊ ရရှိမှာက ကမ္ဘာတခုလုံးကိုဖြစ်တယ်” ဆိုတဲ့၊ ကြော်ကြားတဲ့ ကြွေးကြော်သံကို အကြောက်ဆုံး ဖြစ်တယ်။

ဒါ့ကြောင့် မာက့်စ်ဝါဒကို အစဉ်တစိုက် သရုပ်ဖျက်လေ့ရှိတယ်။ ပြဋ္ဌာန်းချက်ဝါဒလို့ ပြောလိုပြော၊ အစွန်းရောက် အကြမ်းဖက်ဝါဒလို့ပြောလိုပြော သမိုင်းနိဂုံးချုပ်ပြီ၊ မာက့်စ်ဝါဒကျ ဆုံးပြီလို့ ပြောလိုပြော အမျိုးမျိုးပြောကြ၊ ရေးကြ၊ ဝါဒဖြန့်ကြတယ်။ ဒါပေမဲ့ လက်တွေ့ဖြစ်ရပ်များက ဒါနဲ့ပြောင်းပြန်ဖြစ်တယ်။



မက္ကနာမားရား

တော်လှန်ရေးဆိုတာ အလိုအလျောက် ပေါ်ပေါက်လာတာမဟုတ်ဘူး။ လူထုဆိုတာ နေ့စဉ်ဘဝ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအတွင်း ရုန်းကန်ရင်း ရင်သန် နိုးကြားလာတာဖြစ်တယ်။ လူထုဆိုတာ သေနေငြိမ်နေတဲ့ အရာမဟုတ်ဘူး။ တော်လှန်ရေးသဘောတရားကို လူထုကြီးကိုင်စွဲမိတာနဲ့တပြိုင်တည်း တော်လှန်ရေးတရပ် ပေါ်ပေါက်လာမှာဖြစ်တယ်။ တော်လှန်ရေးများဟာ ရာဇဝင်ကို မောင်းနှင်တဲ့ စက်ခေါင်းများ ဖြစ်တယ်လို့ မာက့်စ်က ဆိုခဲ့တယ်။ တော်လှန်ရေးများဟာ အဖိနှိပ်ခံများနှင့် သွေးစုပ်ခံ များရဲ့ပွဲတော်များဖြစ်တယ်။ တော်လှန်ရေးအချိန်အခါမှာကဲ့သို့ တခြားမည်သည့်အချိန်တွင်မှ ပြည်သူလူထုများဟာ လူ့အဖွဲ့အစည်း စနစ်သစ်တရပ် တည်ဆောက်သူများအဖြစ် တက်ကြွစွာ ရှေ့တန်းသို့ ထွက်လာရန် မဖြစ်နိုင်ပေလို့ လီနင်ကပြောခဲ့ပါတယ်။ ဒါဟာ လူထုနဲ့ တော်လှန်ရေးအမြင်ပါပဲ။

ဒါနဲ့ဆန့်ကျင်စွာ လူထုဆိုတာ တုံးအေတွေ၊ ပညာမတတ်၊ အသိဉာဏ်မရှိတဲ့ အလုပ်ကြမ်းသမားတွေ၊ ဖင်ထဲရွှံ့ဝင်အောင် နွားနဲ့ ဖက်ရုန်းပြီး တနေကုန်အလုပ်လုပ်ကြရတဲ့ လယ်သမားတွေ၊ အလုပ်လက်မဲ့ဆင်းရဲသားတွေ၊ ပိပြားအောင်ဖိထားမှ ခိုင်းလို့ ကောင်းတဲ့ကောင်တွေဆိုတာ အုပ်စိုးသူ၊ ဖိနှိပ်သွေးစုပ်သူလူတန်းစားက လူထုအပေါ်ထားတဲ့ ဖောက်ပြန်တဲ့သဘောထားပဲ ဖြစ်တယ်။

ဆင်းရဲဇာတာပါလို့ ဆင်းရဲတာ၊ ဘုန်းကြီးလို့ ဘုရင်ဖြစ်တာ၊ မွေးကတည်းက ရွှေလင်ပန်းနဲ့အချင်းဆေးပြီး ရွှေဇွန်းကိုက်မွေးလာတာ ဆိုတာတွေဟာ လူထုကို နလပိန်းတုံးတွေလို့ သဘောထားတဲ့ ရေပေါ်ဆီလူတန်းစားတွေရဲ့ လေကျယ်မှုဖြစ်တယ်။ သမိုင်းမှာ နာမည်ဆိုးနဲ့ တွင်ကျန်ရစ်တဲ့ ပြင်သစ်က လူဝီဘုရင်၊ ရုရှားက ဇာဘုရင်၊ အင်္ဂလန်က ဂျော့ဘုရင် စသူတွေဟာ ဘယ်လိုနည်းနဲ့ ကိုကို တက်ကြွယ်ဝ ချမ်းသာလာပါသလဲ။ သူတို့ဘယ်လို ဇာတ်သိမ်း ခဲ့သလဲ။ သမိုင်းသင်ခန်းစာတွေ ရှိပါတယ်။

ငွေကြေးဈေးကစားခြင်းဖြင့် ကြွယ်ဝလာတဲ့၊ ပရဟိတ လုပ်ငန်းများကို ငွေကြေးလှူဒါန်းတဲ့ နာမည်ကျော် ကုဋေကြွယ်သူဌေးကြီး ဂျော့ရှိုးယေ့ာစ်ရဲ့ ရင့်သီးပြီးမှတ်သားလောက်တဲ့ စကားကို နားထောင်ကြည့်ပါ။ သူက ဆင်းရဲခြင်းချမ်းသာခြင်းဆိုတာ "သုတ်သွေးမဲဖောက်တာပဲ" sperm lottery တဲ့။ ဆင်းရဲတဲ့ မိဘက မွေးဖွားလာတဲ့ ဆင်းရဲသားမျိုးနွယ်ဟာ တသက်လုံးဆင်းရဲဖို့ပဲ၊ လူကုံထံ၊ ကြေးရတတ် မိဘကပေါက်ဖွားလာသူတွေဟာ ချမ်းသာမှာပဲ ဆိုတဲ့သဘောပဲ။

ဒီလို မဟုတ်တမ်းတရမ်း အပြောတွေကို မယုံကြည်တော့ဘဲ လူထုကြီးဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးဖို့ ဆုံးဖြတ်လာတဲ့နေ့ဟာ ဖောက်ပြန်ရေးသမားတွေ 'သေပန်းပွင့်တဲ့နေ့'၊ တော်လှန်ရေးတွေ ပေါက်ကွဲတဲ့နေ့ပဲဖြစ်တယ်။

ဗမာပြည်ဟာ ပဒေသရာဇ်ခေတ် ကိုလိုနီခေတ်၊ ဖက်ဆစ်တော်လှန်ရေးခေတ်၊ လွတ်လပ်ရေးတိုက်ပွဲခေတ်တွေကို ဖြတ်သန်းခဲ့တယ်။ ဒီမိုကရေစီတော်လှန်ရေးခေတ်ကို ဖြတ်သန်းနေတယ်။ ဗမာပြည်ရဲ့ သမိုင်းပေးမရေစီးဟာ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး ဒီမိုကရေစီတော်လှန်ရေးဖြစ်တယ်။ ဒီမိုကရေစီရှိမှ ငြိမ်းချမ်းရေး(တည်ငြိမ်ရေး၊ လုံခြုံရေး) ဖွံ့ဖြိုးတိုးတက်ရေးတွေ ရရှိမှာဖြစ်တယ်။ ရေပြန်စီးမှု၊ ရေစီးကြောင်းအီနေမှု၊ ဝဲဂယက်ထမှုတွေရှိမှာ ဖြစ်သော်လည်း သမိုင်းပေးမရေစီးကို ဘယ်အရာကမှ တားဆီးလို့ရမှာမဟုတ်ဘူး။

၇ ရက်ဇူလိုင်၊ ၇၄–၇၅–၇၆၊ ၈ လေးလုံး၊ ဒီပဲယင်း၊ ၂၀၀၇–ရဟန်းရှင်လူ ပြည်သူများရဲ့အရေးအခင်း စတာတွေဟာ တချိန်မှာ အရိုးတွန်လိမ့်မယ်။ စစ်အာဏာရှင်စနစ်ကို မြေလှန်ပြီး သမိုင်းသစ်ကို ဖန်တီးလိမ့်မယ်။ ၂၀၀၈ ကို အသက်သွင်းတဲ့ ၂၀၁၀ ဟာ သမိုင်းကျိန်စာ သင့်နေတဲ့ မတော်မတရားမှုတွေရဲ့ တန်ပြန်အကျိုးဆက်ကို ဆက်ခံရလိမ့်မယ်။ ဒီအချိန်ဟာ ဖောက်ပြန်ရေးနဲ့ တော်လှန်ရေး ပြတ်ပြတ်သားသား ကွဲလာနေချိန်ဖြစ်တယ်။ NLD နဲ့ ၈၈ နောက်ပိုင်းမျိုးဆက်သစ်များဟာ ပင်မရေစီးပေါ်မှာ ပြတ်ပြတ်သားသား ရပ်တည်လာတာဟာ ဗမာပြည်အနာဂတ်အတွက် အလားအလာကောင်းဖြစ်တယ်။

အာဏာကို ဆုပ်ကိုင်၊ စစ်တပ်ကို တလက်ကိုင်ပြု ပြည်သူကို စစ်ကျွန်ပြုထားတဲ့ စစ်ဗျူရိုကရက်လူတန်းစားကို လူထုက တနေ့တခြား ရွံရှာမုန်းတီးလာနေကြတယ်။ ရိုးသားတဲ့ တပ်မှူးတပ်သား အများအပြားဟာ စစ်ဗျူရိုကရက်များရဲ့ မတော်မတရားမှုများကို ဆန့်ကျင်လာနေကြတယ်။

စစ်အုပ်စုရဲ့ ယာယီအသာစီးရနေမှုကိုပဲ မြင်ပြီး စစ်အုပ်စုရဲ့ ကြီးထွားလာနေတဲ့ အကျပ်အတည်းကိုမမြင်ရင် အတွေးအခေါ် ပျက်တတ်တယ်။ အတွေးအခေါ်ပျက်ရင် ပင်မရေစီးနဲ့ ကင်းကွာသွားလိမ့်မယ်။ အတွေးအခေါ်ဆိုတာ မိုးပေါ်က ကျလာတာ မဟုတ်ဘူး။ လက်တွေ့တိုက်ပွဲအတွင်းက တည်ဆောက်ယူရတာဖြစ်တယ်။ အတွေးအခေါ်၊ ယုံကြည်ချက်၊ ခွန်အားသတ္တိ ဆိုတာတွေဟာ ဘယ်တော့မှ ကုန်ခန်းသွားတယ်၊ လက်ပန်းကျသွားတယ်ရယ်လို့ မရှိဘူး။ လူထုဟာလည်း ဘယ်တော့မှ မကြေပြန်းဘူး။ သမိုင်းဘီးဟာလဲ ဘယ်တော့မှ နောက်ပြန်မလှည့်ဘူး။

**မောင်သန်းမြရွှေ**

စီးပွားရေး

## ဟိုတုန်းက 'ပြည်သူပိုင်' အခုတော့ 'ပုဂ္ဂလိကပိုင်'

ကောင်းဇံ

၁။ အစိုးရပိုင်လုပ်ငန်း ကြီး–လတ်–ငယ် တွေကို 'ပုဂ္ဂလိကပိုင်'အဖြစ် လွှဲပြောင်းပေးတဲ့သတင်းတွေ ဖတ်နေရသည်။ တချိတည်းအပြီးအပိုင် မလုပ်ဘဲ တဖြည်းဖြည်းချင်းပဲ လုပ်နေသည်။ 'ပြည်သူပိုင်'သိမ်းတုန်းကနှင့်မတူ။ 'ပြည်သူပိုင်' သိမ်းတုန်းကတော့ သိပ်မြန်သည်။

ခေးပြတိုက်တော့တည၊ တိုက်ရာပါပစ္စည်းခွဲတော့ ကြာသလို ကြာနေတာပဲဟု တင်စားပြောရလိမ့်မည်။

၂။'ပြည်သူပိုင်'သိမ်းတုန်းကကိစ္စကို ပြန်ပြီးရေးနေကြတာ ဖတ်ရသည်။ ဦးဘငြိမ်(မုံရွာကိုဘငြိမ်)ကို တရားခံလုပ်နေကြသည်။ ပုံရိုင်းရိုင်းနှိုင်းရလျှင် "ခွေးသူခိုးချင်းသွားဖြဲ" နေတာဟုပဲ ပြောရလိမ့်မည်။

ဗိုလ်နေဝင်းက သဘောမတူလျှင် ဘာတခုမှ (အသေးအဖွဲပင်ဖြစ်စေ) လုပ်မရတာကို သူတို့သိကြပါသည်။ သူတို့မပြောနဲ့၊ စစ်အုပ်စုဝင်တွေပင်လျှင် နေဝင်းသဘောတူမှ လုပ်လို့ရသည်။ 'ကြေးမုံအောင်ဇလ' ရေးသွားတဲ့ စာအုပ်တအုပ်မှာ ဗိုလ်အောင်ကြီးတို့တတွေ 'သတင်းစာရှင်းလင်းပွဲ'လုပ်ဖို့ စီစဉ်တုန်းကအကြောင်း ရေးထားတာကို ဖတ်ကြည့်လျှင် ရှင်းပါသည်။ ဗိုလ်နေဝင်းက သတင်းစာဆရာတွေရှေ့မှာ ဗိုလ်အောင်ကြီးတို့တတွေကို ကြိမ်းမောင်းပြီး သတင်းစာဆရာတွေကို 'ဘုတော'တာ ဖတ်လိုက်ရသည်။

ကြုံကြိုက်လို့ရေးရလျှင် ဗမာပြည် နိုင်ငံရေးလောကမှာ ကိုယ့်လုပ်ဖော်ကိုင်ဘက်တွေကို မအေနှမနဲ့ ကိုင်တုတ်ရဲတာ နေဝင်းနဲ့ သခင်စိုးပဲရှိသည်။

၃။ 'ပြည်သူပိုင်'လုပ်တယ် ဆိုတာက တိုင်းပြည်ရဲ့စီးပွားရေး အသက်သွေးကြောမှန်သမျှကို 'စစ်အာဏာ'နဲ့ ခေးပြတိုက်ယူတာဖြစ်သည်။ ဒါကြောင့် မြန်ရသည်။ စစ်ဆင်ရေးတခုလိုလုပ်ရသည်။ ကိုဘငြိမ်အကြံပေးလို့ လုပ်တာမဟုတ်၊ ဗိုလ်နေဝင်း လုပ်ချင်လို့ လုပ်တာဖြစ်သည်။

အခုသန်းရွှေစစ်အုပ်စုက 'ပုဂ္ဂလိကပိုင်' လုပ်တာကိုကော ဘယ်သူအကြံပေးလို့ လုပ်တာပဲဟု ပြောကြဦးမလဲ။

တကယ်က စစ်အုပ်စု၏ အကျိုးစီးပွားအတွက် အကွက်ချပြီး လုပ်နေကြတာချည်းဖြစ်သည်။

နေဝင်းက 'ပြည်သူပိုင်'ဆိုပြီး ဖဆပလခေတ်က စီးပွားရေးလက်ဝါးကြီးအုပ်နေကြသူတွေကို ဖယ်ပြီး စစ်အုပ်စုပိုင်ပြောင်းချင်လို့ လုပ်တာဖြစ်သလို၊ သန်းရွှေက'ပုဂ္ဂလိကပိုင်' ဟုပြောပြီး သူတို့စစ်အုပ်စုဝင်တွေ တိုက်ရာပါပစ္စည်း ခွဲဝေနေကြတာပဲဖြစ်သည်။

၄။ ယခုနာမည်ကြီးနေတဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းကြီးများ 'ထူး – အေရှားဝေါလ် - MAX မြန်မာ – ဇေကမ္ဘာ – ကမ္ဘောဇ – ယုဇန စတာတွေ'ရဲ့ အရင်းအနှီးနဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်စာရင်းစစ်အဖွဲ့ကစစ်ပြီး ဘယ်အာဏာပိုင်က ကြီးကြပ်နေသလဲ။ ဒါတွေကစီးပွားရေးလျှို့ဝှက်ချက်တွေ ဖြစ်သည်။ အတွင်းလူများပဲ သိနိုင်လိမ့်မည်။

တိုင်းပြည်အနေနဲ့ ငွေတွေဘယ်ကရပြီး ဘယ်လိုသုံးစွဲနေသလဲ ဆိုတာကိုကော စစ်အုပ်စုထိပ်သီးတွေကလွဲပြီး ဘယ်သူမှမသိ။ '၂၀၀၈ အခြေခံဥပဒေ' အသက်ဝင်လာလျှင်ကား ပုဒ်မ(၁၀၃)အတိုင်း လုပ်ရတော့မည်။ ဒါကြောင့် ပုဂ္ဂလိကပိုင်တွေအဖြစ် ပြောင်းပေးနေရတာ ဖြစ်သည်။

တဖြည်းဖြည်းပဲလုပ်ရတာကတော့ အဝေမညီလျှင် ရန်ထဖြစ်မှာ စိုးလို့ အဝေညီအောင် လုပ်နေရလို့ဖြစ်သည်။

ခေးပြတိုက်တာက တည၊ တိုက်ရာပါပစ္စည်းခွဲဝေတာက တရက်မက လုပ်နေရတာဖြစ်သည်။

## စာနယ်ဇင်းလောက က 'ဂိတ်ကြေး'

စာအုပ်၊ စာပေနှင့် မှတ်ချက်

သန်းသိန်းဇင်

၁။ စာမူခွင့်ပြုချက်နဲ့ မျက်နှာဖုံးခွင့်ပြုချက် မပါရင် ယခုခေတ်မှာ ဘယ်သူမှ စာအုပ်ထုတ်ဝေခွင့် မရှိပါဘူး။ ဂျာနယ်တွေကလည်း သူ့နည်းနဲ့သူ ခွင့်ပြုချက်ယူရပါတယ်။ ဒါကိုတင်စားပြီး 'ဂိတ်ကြေး'လို့ သုံးလိုက်တာပါ။

၂။ ယခုဆောင်းပါးမှာ 'ဂိတ်ကြေး'ပေးရပုံတမျိုးကို တင်ပြပါမယ်။ နိုင်ငံရေး အတွေးအခေါ်အရ ပေးရတဲ့ 'ဂိတ်ကြေး' အကြောင်းပါ။

ဂျာနယ်တစောင်မှ ဆောင်းပါးရှင်တယောက်က (၁၉၃၃) ခုနှစ် တုန်းက ဟစ်တလာကို ဝန်ကြီးချုပ်ဖြစ်အောင် မဲပေးလိုက်တဲ့ လူထုဟာလည်း သမိုင်းတရားခံတွေပဲ ဆိုတဲ့သဘောရေးတာ တွေ့လိုက်တယ်။

ဒါဟာနိုင်ငံရေးအတွေးအခေါ်အရ 'နအဖ'ကိုပေးရတဲ့ 'ဂိတ်ကြေး' ပဲ။ ဆောင်းပါးရှင်ရဲ့လောဂျစ်က ဟစ်တလာဟာ သမိုင်းဝင်လူဆိုးဖြစ်တယ်။ အဲဒီလူဆိုးကို အာဏာရအောင် မဲပေးလိုက်တဲ့ လူထုဟာလည်း လူဆိုး အားပေးတွေပဲဆိုတဲ့ စဉ်းစားနည်းဖြစ်တယ်။

ဒီလိုစဉ်းစားနည်းကို စစ်အုပ်စုက ကြိုက်တယ်။ လူထုကမဲပေးပြီး ရွေးချယ်လိုက်တဲ့ ဖဆပလ ပထစ အဲဒါတွေ ကွဲကြပြဲကြ တိုင်းပြည်ပျက်မလို ဖြစ်၊ ဒါကြောင့် 'တပ်မတော်' က 'မလွှဲမရှောင်သာ' အာဏာသိမ်း ရတာပဲ ဆိုတဲ့ စဉ်းစားနည်းကို အားပေးတဲ့ နိုင်ငံရေးအတွေးအခေါ်ဖြစ်လို့ ကြိုက်တာပဲ။

တပ်မတော်က မကွဲဘူး၊ နိုင်ငံရေးပါတီတွေသာ ကွဲကြပြဲကြတာပဲ ဆိုတဲ့ နိုင်ငံရေးအတွေးအခေါ်ကို တနည်းနည်းနဲ့ရေးကြရင်၊ ဂျာနယ်တွေမှာ ပင်တိုင်ဆောင်းပါးရှင်တွေ ဖြစ်ကြတယ်။ ဗကပ ခြံခုန်သူက 'ဗကပ' အကြောင်း ရေးခွင့်ရတယ်။ ဒါဟာလည်း 'ဂိတ်ကြေး'ဆောင်ရတာပဲ၊

၃။ ယခုတလောမှာတော့ 'ဂိတ်သစ်'တိုးလာပုံပေါ်တယ်။ ဂျာနယ်တချို့ ယာယီအပိတ်ခံရတာ ဖြစ်လာတယ်။ 'စာပေကင်ပေတိုင်ဂိတ်'အပြင် ဂိတ်အသစ် တိုးလာတာလို့ ယူဆရတယ်။ 'ဂိတ်သစ်'ကဘယ်နေရာမှာလဲ။ 'ဂိတ်ကြေး'ကဘယ်လောက်လဲ။ အဲဒါကိုသိအောင်လုပ်ကြဖို့ ဂျာနယ်လောကသားတွေ စုံစမ်းရမယ့်ကိစ္စပဲ။ အဲဒါကိုမသိရင် ဂျာနယ်က ရပ်လိုက်ထွက်လိုက် 'ဖွတ်ချက်ဖွတ်ချက်' ဖြစ်နေမှာပဲ။

၄။ 'စစ်အာဏာရှင်စနစ်' ကြီးစိုးနေတဲ့အောက်မှာ 'ဂိတ်သစ်တွေ'တိုးမှာပဲ။ 'ဂိတ်ကြေး'ကလဲ အမျိုးမျိုးအဖုံဖုံ ဖြစ်မှာပဲ။ စာနယ်ဇင်းလောကမှ မဟုတ်ဘူး။ လောကတိုင်းမှာ 'ဂိတ်'တွေများလာမယ်။ 'ဂိတ်ကြေး'ပေးရတာ များလာမယ်။ ဒါကိုတော့ သေချာပေါက်ပြောထားနိုင်ပါတယ်။

နိုင်ငံရေး

# တရားခံ ဘယ်သူလဲ

မေဘ်စီ



တနေ့က အင်တာနက်တက်ရင်း နာဂစ်ကာလက ဓာတ်ပုံတွေကို ပြန်ကြည့်မိတယ်။ ဂြိုဟ်တုက ရိုက်ထားတဲ့ မုန်တိုင်းဖြစ်နေပုံတွေ၊ မြစ်ဝကျွန်းပေါ်မှာ မုန်တိုင်းဖြတ်နေပုံတွေ၊ ပြီးတော့ မုန်တိုင်းတိုက်ပြီး အိုးအိမ်တိုက်တာတွေ ပြိုလဲပျက်စီးနေပုံတွေ၊ သစ်ပင်ဝါးပင်တွေ ပြိုလဲနေပုံတွေ၊ ကုန်းပေါ်မှာ၊ ရေထဲမှာ၊ လယ်ပြင်မှာ လူသေအလောင်းတွေ ပြန့်ကျဲနေပုံတွေ အမျိုးကို စုံလို့ ....

တပုံမှာတော့ ကလေးလေးတယောက်ရဲ့ အလောင်း ဓနိတောတခုရဲ့အစပ် လတာပြင်မှာ မှောက်ခုံလေး၊ လတာပြင်အစပ်က ဓနိတောကလည်း လေဒဏ်ကြောင့် အရွက်များ သိပ်မရှိတော့။ အရိုးတံများလောက်ပဲ ကျန်တော့တယ်။ မုန်တိုင်းတိုက်လို့ လူသေတာကတော့ သိပ်မဆန်းပေမယ့် ရွာလုံးကျွတ်၊ နယ်လုံးကျွတ် အစုလိုက်အပြုံလိုက် သေရတာကတော့ ဆန်းတယ်လို့ ပြော ရမှာပါ။

မုန်တိုင်းပြင်းထန်လွန်းလို့ သေရကြေရတာထက် လူလုပ်တဲ့ အမှားတွေကြောင့် မသေသင့်ဘဲ၊ မသေထိုက်ဘဲ သေရတာတွေကတော့ ခွင့်လွှတ်လို့မသင့်တဲ့ အမှားတွေပါ။ ဒီအမှားတွေကို ပြန်ကြည့်မယ်ဆိုရင် အဓိက အကျဆုံး ၂ ခုရှိမယ်ထင်တယ်။

**ပထမအမှား**ကတော့ ဒီလောက်ကြီးတဲ့၊ ဒီလောက်ဖျက်အားပြင်းတဲ့ ရောမမုန်တိုင်းကြီး၊ တနာရီ မိုင် ၂၀၀ ကျော် တိုက်တဲ့ မုန်တိုင်းကြီး၊ ဒီရေလှိုင်းကြီးတွေ ၁၅ ပေ၊ ပေ၂၀ လောက်မြင့်တက်တဲ့ မုန်တိုင်းကြီး၊ ဒီမုန်တိုင်းကြီးလာနေတာကို မြစ်ဝကျွန်းပေါ်ပြည်သူတွေ ဘယ်သူမှ မသိကြ။ မြန်မာ့အသံ၊ မြန်မာ့အသံမိုးလေဝသက မကြေညာတာ မဟုတ်ပါ၊ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ကြေညာတာက တနာရီ မိုင် ၅၀ အထိပဲ တိုက်မယ်လို့ ကြေညာတာပါ။ ဘယ်နေရာ ဘယ်ဒေသတွေကို ဖြတ်သန်းမယ်ဆိုတာ မပါပါဘူး။ ရခိုင်ကမ်းရိုးတန်းကို ဂွမြို့နားက ဖြတ်မယ်လို့ ပြောနေတာပါ။

ဒီတော့ ဒီလောက်ကြောက်မက်ဖွယ် မုန်တိုင်းကြီးကို ဘယ်သူမှ သိပ်အမှုမထားကြပါဘူး။ ညဉ့်နက်သန်းခေါင် မိသားစုတွေ အိပ်ကောင်းနေတုန်း မုန်တိုင်းကြီးက ဝင်လာတာပါ။ ဘယ်သူမှ ပြေးချိန်လွှားချိန် မရလိုက်ခင်မှာဘဲ ဒီရေလှိုင်းကြီးတွေ အိမ်ခေါင်မိုးလောက် တက်လာပြီး မိသားစုလိုက်...တွေ၊ ရွာလုံးကျွတ်တွေ သေကုန်ရတာပါ။ လူပေါင်း ၁ သိန်းကျော် သေကြေခဲ့ရတာပါ။ ဗမာပြည်သမိုင်းမှာ အချိန်တိုအတွင်း ဒီလောက်များတဲ့သူတွေ သေကြေပျက်စီးရတာ တခါမှ မကြုံဖူးသေးပါဘူး။ သမိုင်းတင်ရမယ့် ဝမ်းနည်းကြေကွဲဖွယ် အဖြစ်အပျက်တခုပါ။

**နောက်ဒုတိယအမှား**ကတော့ ဒီရေတောတွေကိစ္စပါ။ မုန်တိုင်းကြီးနဲ့အတူ တက်လာတဲ့ ဒီရေလှိုင်းကြီးတွေကို ဒီရေတောတွေရှိရင် ဒီလောက်မကြီးအောင် တားထားနိုင်ပါတယ်။ ဒီရေလှိုင်းကြီးတွေ ဒီလောက်မကြီးဘူးဆိုရင် လူလည်း အသေအပျောက် အများကြီး လျော့သွားမှာပါ။ သက်သာသွားမှာပါ။ ဒါပေမဲ့ မြစ်ဝကျွန်းပေါ်မှာ ဒီရေတောတွေ မရှိတော့ဘူးလေ။ ပင်လယ်ကမ်းစပ် မြစ်ဝကျွန်းပေါ်ဖြစ်လျက် ဒီရေတောတွေ မရှိတော့တာ ဘာဖြစ်လို့လဲ။ ဒီရေတောတွေ မပေါက်တာလား၊ ဒါမှမဟုတ် ပေါက်တယ်ဆိုရင်ကော ဘယ်ရောက်ကုန်ပြီလဲ။

စာနယ်ဇင်းတွေ ပညာရှင်တွေက ဒီရေတောတွေ မရှိတာ၊ ဒီရေတောတွေ ဘယ်လို စိုက်ပျိုးရမယ်ဆိုတာတွေကိုပဲ ပြောနေကြတာပါ။ အရင်က ဒီနေရာတွေမှာ ဒီရေတောတွေ ရှိခဲ့သလား၊ ရှိခဲ့ရင် ဘယ်ရောက် ကုန်သလဲဆိုတဲ့ ပြဿနာကို ဘယ်သူကမှ အစမဖော်ခဲ့ကြပါဘူး၊ မသိခဲ့ကြတာလည်း ဖြစ်မှာပါ။ ဒီတော့ နည်းနည်းလောက် ဇာတ်ကြောင်း ပြန်လှန် ကြည့်ရအောင်ပါ။

လွန်ခဲ့တဲ့ နှစ် ၂၀–၃၀ ဝန်းကျင်၊ ၁၉၈၀–၉၀ ခုနှစ်ဝန်းကျင်ကပါ။ အဲဒီအချိန်တုန်းက ရန်ကုန်မှာ နာမည်အကြီးဆုံး မီးသွေးကို ပြောပါဆိုရင် ဘိုကလေးမီးသွေးလို့ ပြောကြမှာပါ။ ဘိုကလေးမီးသွေးလို့ အလွယ် ခေါ်ပေမယ့် တကယ့်လာရင်းဒေသက ဘိုကလေး၊ မော်ကျွန်းနဲ့ လပွတ္တာမြို့နယ်တွေကလာတာပါ။ ဒီမြို့နယ် ၃ ခုက မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းမှာရှိပြီး နယ်နိမိတ်ချင်းလည်း ကပ်လျက်ပါ။ ဒီမြို့နယ်တွေရဲ့ ပင်လယ်ပိုင်းလို့ ခေါ်တဲ့ အောက်ပိုင်းအရပ်တွေမှာ ဒီရေတောတွေ အမြောက်အမြားရှိပါတယ်။ ဒီရေတောလို့ ဘာလို့ ခေါ်သလဲဆိုတော့ ဒီအပင်တွေရဲ့ ခြေရင်းအထိ ဒီရေရောက်လို့ပဲ။ ဒီရေဆိုကတည်းက ပင်လယ်ရေ– ဆားငန်ရေတွေပါတာပေ့ါ။ ပင်လယ်နဲ့ နီးရင်ပိုငန်တယ်။ ဝေးရင် အငန်ဓာတ်လျော့သွားတယ်။ များသောအားဖြင့် ဒီရေတောတွေက ပင်လယ်နဲ့ နီးတဲ့နေရာ၊ အငန်ဓာတ်များတဲ့နေရာမှာ ပိုများတယ်။ မြစ်အထက်ပိုင်းအထိ ဒီရေတော ရောက်တယ်။ ဒါပေမဲ့ အငန်ဓာတ် နည်းသွားပါးသွားရင် ဒီရေတောလည်း ပါးသွားတယ်။ ဒါကြောင့် ပင်လယ်နဲ့ နီးနီးကပ်ကပ်နေရာမှာ ဒီရေတောက အပေါဆုံးပဲ။ ဒီရေတောမှာ အများဆုံးပေါက်တဲ့ အပင်တွေကတော့ ကနစိုတို့၊ မဒမတို့၊ မြူးတို့၊ လမုပင်တို့၊ သင်ပေါင်းတို့ပဲ။ ဒါတွေကတော့ သဘာဝပေါက်တဲ့ ဒီရေတောတွေပါ။ ခရာဆူးခြုံလို့ လူသိများတဲ့အပင်ကတော့ ခြုံပင်လေးတွေပါ။ ကမ်းနားစပ်တွေမှာ ပေါက်ကြတာပါ။ နောက်ဒီရေတောတမျိုးကတော့ လူလုပ်တဲ့ ဒီရေတောတွေပါ။ အဲဒါတွေကတော့ အုန်းတို့ ဓနိတို့ပဲ။

အလိပ်ကိုလိုနီခေတ်ကလတည်းက အင်္ဂလိပ်အစိုးရက နယ်ချဲ့

အစိုးရဖြစ်ပေမယ့် ဒီရေတောတွေကို အမြော်အမြင်ရှိရှိနဲ့ ကြိုးဝိုင်းသစ်တောတွေအဖြစ်သတ်မှတ်ခဲ့တာပါ။ ကြိုးဝိုင်းသစ်တောဆိုရင် သစ်ထုတ်ခွင့်၊ သစ်ခုတ်လှဲခွင့် မရှိပါဘူး။ အဲဒီအချိန်တုန်းက ဒီရေတောဒေသတွေဖြစ်ခဲ့တဲ့ သမီးလှကျွန်းတို့ ကျွန်းညိုကြီးတို့ဆိုတာ ဆင်အုပ်တွေ၊ ကျားအုပ်တွေ ခိုအောင်းရာအရပ်တွေပါ။ ဒီတောတွေကို ထိန်းသိမ်းလာခဲ့တာဟာ မဆလခေတ် အစောပိုင်းကာလအထိ တကယ်ထူထပ်တဲ့ တောကြီးတွေပါ။

ဒီတောတွေကို ထိန်းသိမ်းခဲ့တဲ့အထဲမှာ အင်္ဂလိပ်အစိုးရ၊ ဖဆပလအစိုးရတို့အပြင် ဒီဒေသမှ တော်လှန်ရေးလုပ်ခဲ့တဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေလည်း ပါပါတယ်။ အဓိကကတော့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အလံနီနဲ့ ကေအင်ယူတို့ပါပဲ။ ဒီတောတွေ တည်ရှိရေးဟာ တော်လှန်ရေးတပ်ဖွဲ့တွေ တည်ရှိရေးနဲ့ ထပ်တူကျနေလို့ပါပဲ။ တချိန်က ကေအင်ယူပီ တော်လှန်ရေးခေါင်းဆောင်တယောက်ဖြစ်ခဲ့တဲ့ ရဲဘော်ချစ်လေးမောင် (တချက်တကောင် ချစ်လေးမောင်လို့လည်း နာမည်ကြီးပါတယ်။) က ဒီရေတောတွေ ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့ နာမည်ကျော်အမိန့်တခု ထုတ်ခဲ့ပါတယ်။

## "ကနစိုတရွက် – သွေးတစက်"...တဲ့။

၁၉၇၀ ခုနှစ်များရဲ့ အစောပိုင်းကာလများမှာတော့ မြစ်ဝကျွန်းပေါ်ရှိ တော်လှန်ရေးတပ်ဖွဲ့များကို ဖြတ်လေးဖြတ် စစ်ဆင်ရေးတွေလုပ်ပြီး နှိမ်နင်းဖြိုခွဲတာကို ခံလိုက်ရပါတယ်။ နာမည်ကျော် ရဲဘော်ချစ်လေးမောင်လည်း ကျဆုံးသွားခဲ့ရပါတယ်။ အဲဒီအချိန်ကာလနောက်ပိုင်းမှာတော့ မဆလခေတ်ဗိုလ်ချုပ်တွေက ဒီရေတောတွေ ရှိနေရင် သူပုန်ခိုဖို့နေရာ လုပ်ပေးသလိုဖြစ်တယ်လို့ (အမြင်တိမ်တိမ်နဲ့) ကောက်ချက်ဆွဲပြီး မြစ်ဝကျွန်းပေါ်ဒီရေတောတွေ ရှင်းလင်းရေး စီမံကိန်းကို ချမှတ်လုပ်ဆောင်ပါတော့တယ်။

ဒါပေမဲ့ ဒီရေတောတွေက ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့တဲ့ ဒီရေတောတွေဖြစ်တော့ တရားဝင်ခုတ်လှဲဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူတို့ရဲ့စီမံကိန်းကလည်း လူသိရှင်ကြားထုတ်ဖော်မကြေညာရဲတဲ့ စီမံကိန်းမျိုးဖြစ်ပါတယ်။ သူတို့ရဲ့အဓိက လုပ်ဆောင်ချက်ကတော့ လုပ်ငန်းရှင်တော်တော်များကို ဘိုကလေးနဲ့ လပွတ္တာမြို့နယ်တွေထဲမှာ မီးသွေးလုပ်ငန်းလုပ်ပိုင်ခွင့်တွေ ချပေးလိုက်တာပါ။ မီးသွေးလုပ်ပိုင်ခွင့်သာ ချပေးပြီး တရားဝင် ခုတ်စရာတောကတော့ မရှိပါ။ ဒါရဲ့သဘောကတော့ တရားဝင်ဝင် မဝင်ဝင် ရှိတဲ့တောခုတ်ပြီး 'ဖုတ်' ဆိုတဲ့ သဘောပါပဲ။

အဲဒီအချိန်ကစပြီး မီးသွေးလုပ်ငန်းရှင်တွေကလည်း ရိုးရာမီးသွေး ဖုတ်နည်းမဟုတ်ဘဲ၊ ခေတ်မီသွေးဖုတ်နည်းတွေ သုံးတော့တာပါ။ ရိုးရာမီးသွေးဖိုတွေက တောင်စောင်းမှာ မြေကျင်းတူးပြီး ဖုတ်တဲ့နည်းဖြစ်တယ်။ အများဆုံးတခါဖုတ်မှ အချိန်သုံးလေးရာလောက်ပဲ ဖုတ်နိုင်တာပါ။ အခုလုပ်ငန်းရှင်တွေ တည်ဆောက်တဲ့ မီးသွေးဖိုတွေက အချိန်လေးထောင်၊ ငါးထောင်အထိ ထွက်နိုင်တဲ့ ဖိုကြီးတွေပါ။ မီးသွေးဖိုတွေကို လယ်ကွင်းထဲမှာ အုတ်တွေနဲ့ တည်ဆောက်ထားပြီး ဘယ်လောက်ကြီးသလဲဆိုရင် အဝေးကကြည့်ရင် သရေခေတ္တရာခေတ်က ဘောဘောကြီးတို့ ဘဲဘဲကြီးတို့လို ပုထိုးစေတီကြီးတွေအလား ထင်မှတ်ရပါတယ်။

ဒီလိုဖိုကြီးတွေဟာ ဘိုကလေး၊ မော်ကျွန်း၊ လပွတ္တာမြို့နယ်များရဲ့ မြစ်ကမ်းခြေတွေတလျှောက်မှာ တသီတတန်း မရေမတွက်နိုင်အောင် ပေါ်လာခဲ့တာပါ။ ဒီဖိုတွေအတွက် ထင်းကို ဒေသခံ ထင်းခုတ်သမားတွေက ဒီကြိုးဝိုင်းသစ်တော (ဒီရေတော) တွေကို ခုတ်လှဲပြီး၊ ပို့ပေးရောင်းချပေးကြတာ။ ဒီမီးသွေးဖိုတွေ စခဲ့တာ ၁၉၇၅ နောက်ပိုင်းမှ စခဲ့တာ ဖြစ်တယ်။ ၁၉၈၅ ရောက်တဲ့အခါမှာတော့ ဒီရေတောထဲက သစ်မာတွေဖြစ်တဲ့ ကနစိုတို့၊ မဒမတို့ မရှိသလောက်ဖြစ်ကုန်ပါပြီ။ သစ်ပွတွေဖြစ်တဲ့ လမုပင်များကိုပါ စတင်ဖုတ်နေကြပါပြီ။ ကျွန်းညိုကြီးတို့၊ သမီးလှကျွန်းတို့မှာလည်း ကျားတွေ၊ ဆင်တွေ နေဖို့သာသာ လယ်ကွင်းတွေဖြစ်နေကြပါပြီ။ ၁၉၉၀ ခုနှစ်များ တဝိုက်မှာတော့ ဘိုကလေးမီးသွေး၊ မော်ကျွန်းမီးသွေး၊ လပွတ္တာမီးသွေးတို့ တစခန်းရပ်သွားကြပါပြီ။ မြစ်ဝကျွန်းပေါ်မှာလည်း ကမ်းစပ်လမုတန်းကလွဲလို့ ဒီရေတောတွေလည်း ပြောင်တလင်းခါသွားပါပြီ။ မဆလဗိုလ်ချုပ်တွေရဲ့ ဒီရေတော ရှင်းလင်းရေး၊ မြစ်ဝကျွန်းပေါ်ဒေသ နောက်တကြိမ် သူပုန်မခိုအောင်းနိုင်ရေး စီမံကိန်းလည်း ရာခိုင်နှုန်းပြည့် အောင်မြင်သွားပြီဆိုပါတော့–

ဒီလိုဆိုရင် နာဂစ်မုန်တိုင်းကာလက မြစ်ဝကျွန်းပေါ်ဒေသ (အဓိကတော့ လပွတ္တာ၊ မော်ကျွန်း၊ ဘိုကလေးမြို့နယ်များ) နေ ပြည်သူတွေ သိန်းသောင်းချီပြီး သေကြေပျက်စီးခဲ့ကြရတာ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အဓိကတရားခံဘယ်သူလဲဆိုတာ စာဖတ်သူတို့ ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပြီလို့ ယူဆပါတယ်။

သေမင်းလမ်းကြောင်း ဖောက်ပေးသွားသူက ဖောက်ပေးသွားတယ်။ ရည်ရွယ်ချက်အောင်မြင်သွားပြီဖြစ်သည့်တိုင် နောက်လူက ဒီလမ်းကြောင်းကို ပြန်ပိတ်ပေးတာ၊ အန္တရာယ်ကင်း ကြိုတင်လုပ်ဆောင်ပေးခဲ့တာ တခုမှ မတွေ့မိဘူး။

ဒါကြောင့် ကျွန်တော့်အနေနဲ့ နာဂစ်တရားခံစာရင်းကို အောက်ပါအတိုင်း စာရင်းပြုစုပေးလိုက်ပါတယ်။

**၁၊ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ မဆလစစ်အုပ်စု**

**၂။ ဗိုလ်သန်းရွှေခေါင်းဆောင်တဲ့ နဝတ၊ နအဖစစ်အုပ်စု။**

**မော်စီ**



ဝါဒ၊ အတွေးအခေါ်၊ အမြင်

# ဘာတွေ 'နိဂုံးချုပ်' ဦးမလဲ



**ဝင်းထိုက်**

(၁)

'သမိုင်းနိဂုံးချုပ်ပြီ'ကစလိုက်တဲ့ 'နိဂုံးချုပ်ဗိုင်းရပ်စ်'ဟာ ကူးစက်မှု သိပ်မြန်တယ်။ 'မာက့်စ်ဝါဒ နိဂုံးချုပ်ပြီ'၊'လီနင်ဝါဒ နိဂုံးချုပ်ပြီ'၊ 'မဟာသဘောတရားတွေ နိဂုံးချုပ်ပြီ' ဆိုတာတွေ ဆက်တိုက်ပေါ်လာတယ်။

အခုတော့ နိဂုံးချုပ်ဗိုင်းရပ်စ်က လွတ်လပ်စွာ (အထိန်းအကွပ်မဲ့) စီးပွားကုန်သွယ်ရေးလုပ်ခွင့်ပြုတဲ့ကာလ နိဂုံးချုပ်ပြီလို့ ဆိုလာကြပြန်တယ်။ ရှေ့မှာ ဘာတွေနိဂုံးချုပ်ဦးမလဲ မပြောတတ်ဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းနိဂုံးချုပ်ပြီ ဆိုတာလည်း သဲ့သဲ့ ကြားလိုက်ရတယ်။

ကျွန်တော်တို့တိုင်းပြည်ထဲမှာလည်း ဘာသာပြန်သူ မိတ်ဆက်စာရေးသူတချို့က နိဂုံးချုပ်ဗိုင်းရပ်စ်ကို လိုလိုလားလား ခေတ်နဲ့အမီလိုက်ပြီး ဖြန့်ဖြူးပေးနေကြတယ်။

မတွေ့မိတာလား၊ သူတို့'ဂုရုကြီးတွေ'က မရေးကြတာလားတော့ မပြောတတ်ဘူး၊ 'ဖက်ဆစ်နာဇီဝါဒ နိဂုံးချုပ်ပြီ' ဆိုတာကို မတွေ့မိဘူး။

(၂)

ဂုရုကြီးတွေ နိဂုံးချုပ်ပြီလို့ ပြောသမျှရေးသမျှဟာ ဘယ်ဟာမှ ထာဝရနိဂုံးချုပ်မသွားပါဘူး။ ပုံစံသစ်နဲ့ ပြန်ပြီးပေါ်လာတာချည်းပဲ။ ပုံစံသစ်ဆိုတာ ၂၁ ရာစုအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပုံစံကိုပြောတာပါ။

အရင်းရှင်စနစ် ကပ်ဆိုက်တော့ မာက့်စ်ဝါဒ တကျော့ပြန်လာတယ်။ စစ်ကြီးတွေဖြစ်ရင် လီနင်ဝါဒလည်း ပုံစံသစ်နဲ့ ပြန်ပေါ်ဦးမှာပဲ။

နယ်ချဲ့ဝါဒသစ် ကိုလိုနီစနစ်သစ် ပြန်ပေါ်တော့ အမျိုးသားရေးဝါဒသစ် ပြန်ပေါ်လာတာပဲ။ အာဖဂန်မှာ အီရတ်မှာ ပြန်ပေါ်နေတာ အထင်အရှားပဲ။ သမိုင်းဖြစ်ပေါ်မှုမှာ ဖြစ်ပြီးသားကိစ္စဟာ ပုံစံသစ်နဲ့ ပြန်ပေါ်တတ်စမြဲပါ။ ပုံစံဟောင်းအတိုင်းတော့ တကျော့ပြန်ပြီး မဖြစ်ပေမယ့် ပုံစံသစ်နဲ့ဖြစ်လေ့ရှိတယ်။

အခုပဲကြည့်၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဟာ ပုံစံသစ်နဲ့ ပြန်ပေါ်နေပြီ။

၁၉၃၀ စီးပွားပျက်ကပ်ကြီး ဆိုက်တုန်းကလို ပြောင်ပြောင်တင်းတင်း ခပ်ကြမ်းကြမ်းမလုပ်ပေမယ့်၊ လုပ်တော့ လုပ်တာပဲ။ အမေရိကားနဲ့တရုတ် အခုအပြိုင်လုပ်နေကြတဲ့ ကုန်သွယ်ရေးစစ်ဆိုတာ ကိုယ်ကျိုးစီးပွား ကာကွယ်ဖို့လုပ်ကြတာပဲ။

၁၉၃၀ တုန်းကတော့ နာဇီဝါဒ ဖက်ဆစ်ဝါဒ မြန်မြန်ပေါ်တယ်။ အဲဒါ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒရဲ့ အကျိုးဆက်ပဲ။ နောက်တော့ စစ်ပွဲကြီးမလွှဲမရှောင်သာ ဖြစ်တာပဲ။

အခုတော့ အဲဒီလောက်မမြန်နိုင်ဘူး။ လမ်းကြောင်းကတော့ အဲဒီဘက်ကိုညွှန်နေလေရဲ့။

'ဖျက်စေ'ဆိုတိုင်း ပျက်ကြရင် တည်ကြည်လေးနက်တဲ့ပါတီ မဟုတ်လို့ပဲ။ ဒီနှစ် ဒီဇင်ဘာမှာ 'ပြည်သူ့ရဲဘော်'သာ ရှိသေးရင် အသက် ၆၅ နှစ်ပြည့်တဲ့ အချိန်ပဲ။ ဗမာပြည်ဆိုရှယ်လစ်ပါတီလည်း အခုရှိသေးရင် အသက် '၆၅'နှစ်ပဲ။ ဒါပေမဲ့ သူတို့ 'ဖျက်စေ'ဆိုတဲ့အမိန့်နဲ့ ပျက်ခဲ့ကြပြီ။ ပြည်သူ့ရဲဘော်ကမှ ၁၉၈၈ မှာ ပြန်လည်အသက်သွင်းဖို့ ကြိုးစားသေးတယ်။ ဆိုရှယ်လစ်ပါတီကိုတော့ အသက်သွင်းမယ့်သူ မရှိဘူး။

ဘာကြောင့် သူတို့သက်တမ်း တိုသလဲ။ ဘာ့ကြောင့် သက်နေနည်းသလဲ။ တည်ကြည်လေးနက်တဲ့ ပါတီတွေ မဟုတ်ကြလို့ပဲ။ တည်ကြည်လေးနက်တဲ့ ပါတီဆိုရင် 'ဖျက်စေ'ဆိုတိုင်း မပျက်ပါဘူး။

မြေအောက်လုပ်ငန်းဆိုင်ရာ

# ၁၃၅၀ ရဲ့ ကချေသည်



မောင်မင်းရာ

(စာတည်းအဖွဲ့ရဲ့ အမှာ)

၁။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က ယူဂျီဌာနချုပ်တခု၏ အတွေ့အကြုံကို ရေးထားခြင်းဖြစ်သည်။

၂။ အခြေခံပြင်ဆင်မှုများ (တပြည်လုံးတွင်) တစုံတရာ ပြည့်စုံနေချိန်တွင် လုပ်ဆောင်ချက်လည်း ဖြစ်သည်။

၃။ အတွေ့အကြုံ မျှဝေလိုသည့်ဆန္ဒဖြင့် ဖော်ပြပါသည်။

ငယ်ငယ်တုန်းက ဆိုခဲ့ဖူးတဲ့ အင်မတန်ကြိုက်တဲ့ သီချင်းတပုဒ် ရှိတယ်။ အဲဒါက ဒေါ်မေစီရဲ့ "ကချေသည်"။

"... ... ရယ်ချင်လျက်နဲ့ ဇာတ်ကွက်ကိုက ငိုလိုက်ရတယ်၊ လွမ်းတသက်သက် ငိုချင်လျက်နဲ့ကွယ် ခိုင်းစေချက် ညီမျှရန်တကယ်... ရယ်ရပြန်တယ်။ တခါတရံကွယ်... မုန်းသူကိုလည်း ချစ်ဟန်ဖွဲ့ရတယ်၊ တခါတရံဝယ် ချစ်တဲ့သူလည်း မုန်းမာန်ချဲ့ရတယ် ... ...။

ဈေးတဈေးမှာ ကိုယ်တို့နှစ်ယောက် ကုန်ခြောက်ဆိုင်ကလေးတဆိုင် ဖွင့်တယ်။ ဖျော်ရည်ပုလင်း၊ ဆပ်ပြာ၊ နို့ဆီ၊ နို့မှုန့်စသဖြင့် အစိုးရ အရောင်းဆိုင်တွေက ထုတ်ပြီး ပြန်ရောင်းတာတွေကို ကိုယ်တို့က ဝယ်တယ်။ နည်းနည်း အမြတ်တင်ပြီး ပြန်ရောင်းတယ်။ ဒါမျိုး အရောင်းအဝယ် တခါမှ မလုပ်ဖူးကြတဲ့ "ဈေးသည်ကြီး ဆန်နီ"တွေပေါ့။ ပထမ ကိုယ်တို့ နှစ်ယောက် စဉ်းစားကြတဲ့ အလုပ်က သာပြီး ရယ်ဖို့တောင် ကောင်းသေး။ ဒါကလည်း ရောင်းပြီးငွေချေ။ ပစ္စည်းကို အလကားတင်ပေးထားပြီး ရောင်းပြီးမှ ထိုက်သလောက်ငွေချေဆိုတဲ့ ကိုယ်တို့လို "ဈေးသည်ကြီးဆန်နီ"တို့ရဲ့ ပစ္စည်းတွေ။ တဦးက ပခုက္ကူက ရှင်မတောင်သနပ်ခါးတွေ။ တဦးက ပြည်တွင်းဖြစ် မိန်းမကိုင် လက်ကိုင်အိတ်တွေ။ မိန်းမအသုံးအဆောင် သနပ်ခါးတုံးတို့ လက်ကိုင်အိတ်တို့ ဒီယောကျ်ားကြီးတွေ ဘယ်လိုရောင်း ကြမှာလဲ။ ဒါကြောင့် အရင်းမစိုက်ရတဲ့ အလုပ်နှစ်ခုကို လက်လျှော့ပြီး အတော်အတန် အရင်းစိုက်ရတဲ့ ကုန်ခြောက်ဆိုင် ဖွင့်လိုက်ရတာ။

ကိုယ်တို့ နှစ်ယောက် မနက်ဆိုင်ဖွင့်ဖို့ လာကြပြီဆိုရင် မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး နှစ်ပွဲ ဝင်မှာခဲ့တယ်။ ဆိုင်ဖွင့်နေတုန်း မုန့်ဟင်းခါး လာပို့ရင် ကိုယ်တို့နှစ်ယောက် မုန့်ဟင်းခါး တယောက် တပွဲစီ စားလိုက်ကြတယ်။ ပြီးမှ ဆိုင် ဆက်ခင်းတယ်။ ဆိုင်နီးနားချင်းတွေက နောက်သလိုလို ပြောင်သလိုလိုနဲ့ ကိုယ်တို့ကို သူဌေးတွေကတော့ ဈေးဦးပေါက်လို့ စားနေကြပြီတဲ့။

ကိုယ်တို့ဆိုင်ကလည်း ရောင်းရသလား မမေးနဲ့။ တပတ်မှာ ၆ ရက် ဆိုင်ဖွင့်တာ ၃ ရက်လောက်ဟာ ဈေးဦးတောင် မပေါက်ဘူး။ ဈေးထဲက အအေးရောင်းတဲ့ ဆိုင်ကလေးတွေက ကိုယ်တို့ဆီက ဖျော်ရည်းပုလင်းကို အကြွေးလာယူတယ်။ ညနေဈေးသိမ်းရင် သူတို့ယူတဲ့ ဖျော်ရည်ပုလင်းဖိုး ပြန်လာဆပ်တယ်။ တခါတလေ ဂျွန်တွေလာလို့ သူတို့ ဈေးမရောင်းရင် သူတို့ အကြွေးက နောက်နေ့ ပါသွားတာပဲ။

မုန့်ဟင်းခါးစားပြီးတော့ ကိုယ်တို့ နှစ်ယောက် လက်ဖက်ရည် တယောက်တခွက်စီ မှာသောက်တယ်။ ပြီးတော့ ကိုယ်ကဆိုင်မှာ ထိုင်၊ ကိုယ့်ဘော်ဒါက သူလုပ်စရာ ကိုင်စရာတွေအတွက် မြို့လုံးပတ်လျှောက်သွား။ ထမင်းစားချိန်မှာ သူပြန်ရောက်လာတယ်။ ကိုယ်တို့နှစ်ယောက် ဈေးရုံကြီးရဲ့ စားသောက်တန်းက တရုတ်ထမင်းဆိုင်ကလေးမှာ အခေါက်ကလေးနဲ့ ဘာလေးနဲ့ ထမင်းနှစ်ပွဲ မှာစားလိုက်ကြတယ်။

ဈေးသည်ကြီးဆန်နီတို့ နှစ်ယောက်ကတော့ ဈေးထဲမှာ လူအမျိုးမျိုး စိတ်အထွေထွေ ကြုံရတယ်လေ။ အထူးသဖြင့် ဈေးရောင်းဖော်တွေက မိန်းမတွေ၊ ကိုယ်တို့လို လူငယ်တွေ ယောကျ်ားတွေလည်း ရှိတယ်။ ကိုယ်တို့ နှစ်ယောက်ကလည်း နိုင်ငံရေးအကြောင်းက



လွဲရင် ဘယ်သူက ဘာအကြောင်းအရာပဲ လာပြောပြော၊ ရေလိုက်ငါးလိုက် ပြန်ပြောတာပဲ။ ဈေးထဲလာတဲ့ ကျောင်းသူလေးတွေ၊ ကောင်မလေးတွေ၊ မိန်းမကြီးတွေ၊ ဘာအကြောင်းဖြစ်ဖြစ် လာပြော၊ ဝင်ရောလိုက်လျော့ပြီး ပြောတာပဲ။ ကိုယ်တို့ မပြောတာ နိုင်ငံရေးအကြောင်းပဲ။ ဈေးရောင်းရင်း အားနေရင် စာအုပ်တကိုင်ကိုင် သတင်းစာတကိုင်ကိုင် ဖတ်မနေဘူး။

တဆိုင်ကျော်မှာ မေမြို့က ပန်းမျိုးစေ့တွေ ရောင်းတဲ့ဆိုင်ကလူဆို စီးပွားရေးတက္ကသိုလ်ဘွဲ့ရ။ သူက နိုင်ငံရေးအကြောင်း အတော် ပြောချင်တယ်။ ကိုယ်တို့ကလည်း ဒါမျိုးဆို ဝေးဝေးက ရှောင်ပဲ။ "ရယ်ချင်လျက်နဲ့ ဇာတ်ကွက်ကိုက ငိုလိုက်ရတယ်...လွမ်းတသက်သက် ငိုချင်လျက်နဲ့ကွယ်..."။ ကိုယ်က ဦးနှောက်ထဲမှာ ၁၃၀၀ ပြည့် ရွှေရတု၊ ကိုယ်တို့ ရင်ထဲမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ စတာလင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ်၊ စင်ပေါ်မှာ ကပြနေရတာက ဆန်းလိုက်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ရွှေဝါဆပ်ပြာတောင့်နဲ့ ဇီးဖျော်ရည်၊ သစ်ခွရည်တို့။

၁၉၈၇ စက်တင်ဘာလထဲမှာ စစ်အစိုးရက ငွေစက္ကူတွေကို တရားမဝင် ကြေညာတော့မယ်ဆိုတာ အဲဒီမနက်က ဈေးထဲကို သတင်းက အရင်ရောက်တယ်။ ဈေးလန့်တယ်။ ဆိုင်တွေက ဖွင့်ခါစပဲ ရှိသေးတာ။ ပစ္စည်းတွေသိမ်းကြ၊လူတွေ ပြေးကြလွှားကြ ယောက်ယက်ခတ်လို့။ ဘယ်ပြောကောင်းမလဲ။ ကိုယ်တို့လည်း ဒါမျိုးကို ချောင်းနေတာလေ။ ရွှေဆိုင်ရှင်မိန်းမက အမလေးတော် သူတို့ ဆပ်ပြာ လူလုမှာ ကျနေတာပဲ။ ဒီက ရွှေဆိုင်တောင် ဘာမှ မလုပ်ရသေးဘူးတဲ့။

တကယ်တော့ အချိန်အခါတခုက ကိုယ်တို့လက်ထဲ ရောက်လာပြီလေ။ လုပ်ရားကြရမယ်။ မီးပွားကလေးကနေ တောမီးကြီး ဖြစ်အောင် လုပ်ရတော့မယ်။

ယူဂျီတယောက်အဖြစ် ရပ်တည်ဖို့ဆိုတာ သည်းခံတဲ့စိတ် ရှိရမယ်။ ဖွဲ့ရှိဖို့လည်း အများကြီးလိုပါတယ်။ ဒါနဲ့ ပြောင်းပြန် ထင်ပေါ်လိုစိတ်၊ ကြွားဝါလိုစိတ် တရွေးသားမှ မထားရပါဘူး။ ဝတ်တာ၊ စားတာကအစ အများကြီး အရေးကြီးပါတယ်။ ကိုယ်က ကျောင်းသား ဘဝမှာ အပေါင်းအသင်းနဲ့ လက်ဖက်ရည်ဆိုင်ထိုင် အချိန်တွေ ကုန်ခဲ့တဲ့အကျင့်က ပါနေပြီ။ ဒီလုပ်ငန်း စလည်းလုပ်ရော ဒီအကျင့်ကို လုံးဝဖြတ်တောက်လိုက်ရပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ခေါင်းချင်းဆိုင် တီးတိုးတီးတိုး လုပ်ပြနေလို့ကတော့ အကိုရယ်လာပါ။ ကျွန်တော် ကြိတ်ကြံနေပါတယ်လို့ ခေါ်ပြောနေသလိုပါပဲ။

ရန်သူ ထောက်လှမ်းရေးက မျက်စိဖွင့်၊ နားစွင့်ထားတဲ့ နေရာမျိုးကို ယောင်လို့တောင် မသွားဘူး။ လူချင်းဆုံစရာ တွေ့စရာ ရှိလို့ ချိန်းရင် အဲဒီလိုနေရာတွေ မချိန်းဘူး။

လူတွေ လမ်းပေါ်မှာ ဆန္ဒပြဖို့ ထွက်လာကြတော့ ဒါမျိုးကို မမြင်ရတာကြာတဲ့ လူထုဟာ ဝမ်းသာလိုက်ကြတာ၊ ပျော်လိုက်ကြတာ။ လမ်းမပေါ်မှာ ကြွေးကြော်သံတွေ တိုင်ပြီး လှည့်လည်ချီတက်လာကြသူတွေကို ကောင်းချီးပြဘာပေးကြတယ်။ လမ်းဘေးစကြံကနေ နှုတ်ဆက်အားပေးကြတယ်။ ကိုယ်တို့မှာ အိမ်ရှေ့ကနေ အသာလေး ခေါင်းပြူကြည့်ရုံကလွဲလို့ လမ်းမပလက်ဖောင်းပေါ်ကို တလှမ်းမှ မဆင်းခဲ့ပါဘူး။ မိတ်ဆွေတွေကတော့ ငကြောက်ကြီး၊ အခြောက်ကြီး ပြောလည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သူတို့ခေါ်သမျှ နာမည်၊ ပေးသမျှဘွဲ့ကို ကျေနပ်စွာနဲ့ ခံလိုက်တာပဲ။ ဘာလို့လဲဆိုတော့ ကိုယ့်အလုပ်က ကိုယ်တိုင် လမ်းမပေါ် ထွက်ဖို့မှ မဟုတ်ဘဲ။ လူထုတွေ အုံကြွသထက် ကြွလာအောင် ဖန်တီးပေးဖို့ ကိုယ်က လုပ်ရမှာ။ စိတ်လှုပ်ရှားနေတဲ့ လူတွေကြားထဲ ကိုယ်က ရောယောင်ပြီး လက်သီးလက်မောင်း ဝင်မတန်းမိဖို့ အရေးကြီးပါတယ်။

"တခါတရံ မုန်းသူကိုလည်း ချစ်ဟန် ဖွဲ့ရတယ် ..." မလွဲသာ မရှောင်သာ တာဝန်အရ ခရီးသွားရတဲ့အခါတွေလည်း ရှိခဲ့ဖူးတယ်။ ကိုယ့်ရဲ့ဝတ်စားဆင်ယင်မှု၊ ကိုယ့်ရဲ့ ပြုမူနေထိုင်မှုဟာ ကိုယ်သွားနေရတဲ့ ခရီးမှာ အတူသွားနေတဲ့ ခရီးသည်တွေနဲ့ တသားတည်းရှိနေဖို့ အရေးကြီးတယ်။ အကျီအရောင်အသွေးကအစ အများထဲမှာ ထင်းထင်းလင်းလင်း ဖြစ်မနေဖို့ အရေးကြီးပါတယ်။

ကိုယ်က အထက်တန်းတွဲတို့ ဘာတို့ စီးတဲ့အခါ ရန်သူ့ကြေးစား စစ်ပိုလ် စစ်သားတို့နဲ့ အများဆုံး ဆက်ဆံရတတ်ပါတယ်။ သူတို့ကို မျက်နှာကြောကြီးတင်းပြီး ဆန့်ကျင်စိတ်တွေ မဖုံးနိုင် မဖိနိုင်သွားပြနေလို့ မဖြစ်ပါဘူး။ ပျော့ပျော့ပျောင်းပျောင်း အလိုက်အထိုက် ဖြစ်စေရပါမယ်။

ကိုယ်တွေ့တခုပြောရရင် စစ်တပ်က အာဏာသိမ်းပြီးစ ရန်ကုန်မြို့ပေါ်က နောက်ဖေးလမ်းကြားတွေ၊ ပလက်ဖောင်းမြောင်းတွေကို စစ်တပ်က သန့်ရှင်းရေးတွေ လုပ်ကြတယ်။ ပြည်သူတွေက လောလောလတ်လတ် သွေးစိမ်းရှင်ရှင်တွေ မြင်ထားတော့ ဒီကြေးစားတွေကို ဘယ်လိုလုပ် မေတ္တာထားနိုင်မှာလဲ။ စဉ်းစားကြည့်လေ။ ဒါပေမယ့် ကိုယ်ကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်။ ကိုယ့်မှာ အိမ်ဆိုင်ကလေးတခုကလည်း အိမ်ရှေ့မှာ ဖွင့်ထားသေးတော့ ဒီမျက်ခွက်တွေ မကြည့်ချင်လို့ တံခါးပိတ်ထားလို့မှ မရတာ။ လူတွေက သူတို့ကို ထွီထွီ လုပ်နေကြချိန်မှာ သူတို့တွေက အလုပ်လုပ်ရတာ မောပန်းတော့ မျက်နှာငယ်ကလေးတွေနဲ့ အိမ်တွေမှာ ရေတောင် တောင်းသောက်လို့ မရဘူး။ ကိုယ်က ရေပုလင်းချပေးထားတယ်။ အိမ်နီးနားချင်းတွေက ကိုယ့်ကို မျက်စောင်းထိုးတယ်။ တကယ်တော့ ရေတိုက်တဲ့ လူ ဖင်ခုထိုင်ထားတဲ့ သေတ္တာမှာ ဒီအရေးအခင်းကြီး တခုလုံးကို ထိုးမွှေနေတဲ့ စာရွက်စာတမ်းတွေ၊ ကြေညာစာတမ်းတွေ အပြည့်ရှိနေတယ်ဆိုတာ မသိကြဘူးလေ။

ကိုယ့်ဆိုင်လေးမှာ ရပ်ကွက်ထဲက ဈေးဝယ်လာသူ ကျောင်းသူကျောင်းသား၊ ရုံးသူရုံးသားတွေ၊ တခါတလေ သူတို့ကျောင်းက သူတို့ရုံးက ရလာတဲ့ လူထုကြားထဲ ဝေငှထားတဲ့ လှုံ့ဆော် စာရွက်တွေ ယူလာပြကြတယ်။ အမလေး...လေး...ဒါတွေ ငါ့ဆိုင်ထဲ ယူမလာကြပါနဲ့။ ငါကြောက်လွန်းလို့ပါ။ ငါ့ဘာသာငါ အေးအေးဆေးဆေး နေပါရစေ။ ဒါတွေလည်း စိတ်မဝင်စားပါဘူးလို့ မြန်မြန်ဆန်ဆန် ငြင်းလွှတ်ရတယ်။ ဘာဖြစ်လဲဆိုတော့ ကိုယ့်နောက်မှာ အဲဒီစာရွက်တွေ ရိုက်တဲ့ဖယောင်းစက္ကူတွေ ဘီဒိုနဲ့တလုံး ရှိနေတာ သူတို့မသိဘူး။

ခရီးသွားရင်း မပျင်းအောင် စာဖတ်သွားမယ်ဆိုရင်တောင် ကိုယ်ရွေးတဲ့စာအုပ်ဟာ အများအမြင်မှာ ထူးခြားမနေရပါဘူး။ သတိထားရပါမယ်။ သာမန်လူက ကိုယ့်ကို မြင်မိတာနဲ့ မျက်စိထဲမှာ ခေါင်းထဲမှာ မှတ်မိမသွားစေဖို့ ဖြစ်ပါတယ်။ "ဩော်...ရထားပေါ်မှာတုန်းကလေ...ဂျက်လန်ဒန် စာအုပ်အထူကြီး လက်ကမချ ဖတ်နေတဲ့သူပေါ့..."ဆိုရင် ကိုယ့်အနေအထားကို ကွက်တိခန့်မှန်းလို့ရနေပြီလေ။ ဒါမျိုးကို ရှောင်ရတယ်။ ခုခေတ်ဆို ပိုတောင် သတိထားဖို့ လိုသေး။ ဆဲလ်လူလာဖုန်းကို ခါးမှာ ချိတ်ပြီး လူကြားထဲ ရောက်ရင် အကြောင်းမရှိ အကြောင်းရှာ အော်ကျယ်အော်ကျယ် ခဏခဏ ဖုန်းစကား ပြောနေရင်တော့ ပြီးပါပြီ။

ယူဂျီတွေ ယူဂျီတွေ... မိမိကိုယ် လုံခြုံပါမှ မိမိရဲဘော်တွေ လုံခြုံမှာဖြစ်ပါတယ်။ မိမိရဲဘော်တွေ လုံခြုံပါမှ မိမိရဲ့ အဖွဲ့အစည်းဟာ သက်တမ်းရှည်ရှည် တော်လှန်ရေးတာဝန်ကို ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

**မောင်မင်းရာ**

(က)

ဖက်ဆစ်စစ်အုပ်စုက ကောက်ကျစ်ဖန်တီးလုပ်ကြံသည့် ရွေးကောက်ပွဲအပြီးတွင် အောင်ပွဲခံပြီဆိုပြီး မှတ်ယူကြလေမလားသိ။ မှတ်ယူသည်ဆိုလျှင် ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်ပြီး သေတွင်းထဲနစ်ကြိမ်ခုန်ချခြင်း ဖြစ်သည်။ ၂၀၀၈ စစ်ကျွန်ပြုရေး ဖွဲ့စည်းပုံနှင့် ကြိုးကွင်း လုပ်သည်။ ကြိုးကွင်းစွပ်ပြီး ခုန်ချလိုက်သည့်နေရာကတော့ ယုတ်မာစုတ်ပဲ့မှု အထပ်ထပ်နှင့်ဆောက်လုပ်ထားသည့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်သည်။ ဒါဟာ ငါတို့ရဲ့ အောင်ပွဲဟု ကြုံးဝါးတိုင်း ကြိုးစင်ပေါ်ကနေ အထပ်ထပ် ခုန်ချနေခြင်းပဲ။ ဘာကြောင့်လဲ။ တချက်တည်းနှင့် ပြောရလျှင် သန်းပေါင်းများစွာသော လူမျိုးစုံအမျိုးသားပြည်သူလူထုနှင့် ဒီမိုကရေစီအင်အားစုများ၊ တော်လှန်ရေးအင်အားစုများနှင့် ဒီချုပ်က ဆန့်ကျင်ကန့်ကွက်ကြသောကြောင့် ဖြစ်သည်။ လက်မခံသောကြောင့် ဖြစ် သည်။ ၂၀၀၈ စစ်ကျွန်ပြုရေး စစ်ဖွဲ့စည်းပုံကို အော့နှလုံးနာ၍ ဖြစ်သည်။

နိုင်ငံရေးကို သရုပ်ခွဲလျှင် နှစ်မျိုးပဲရှိသည်။ ဖိနှိပ်သည့်နိုင်ငံရေးနှင့် ထိုဖိနှိပ်ခြင်းကို ခုခံတွန်းလှန်သည့် နိုင်ငံရေး။ ဖိနှိပ်ပြီးအာဏာကို အဓမ္မသိမ်းပိုက် အရယူထားသည့် ဖိနှိပ်သူနှင့် လူထုအာဏာကို ပြန်လည်အရယူသည့် တိုက်ပွဲနိုင်ငံရေး။ သို့ဖြစ်ရာ ဖိနှိပ်အုပ်စိုးသူက အာဏာရယူဖို့ မဟုတ်မတရားနည်းဖြင့် အနိုင်ကျင့် ဖိနှိပ်မှု ပြင်းထန်လေ၊ လူထုက ဆန့်ကျင်တိုက်ခိုက်လေ၊ အုပ်စိုးဖိနှိပ်သူက မအောင်မြင်လေပဲ။

(ခ)

စစ်အုပ်စုသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေး သတ်ကွင်းရှိ ရွေးကောက်ပွဲ ကြိုးစင်ပေါ်တွင် နိုင်ငံရေးအားဖြင့် အတောင့်သားသေဆုံးသွားပြီဆိုသော်လည်း(သူတို့ကတော့ အောင်ပွဲကြီးရသည့်ပမာ အူမြူးနေကြသည်) ဘယ်လိုနည်း၊ ဘယ်လိုဟန်ဖြင့် အာဏာမြဲရန် ကောက်ကျစ်စုတ်ပဲ့ကြဦးမည်နည်း။ ရန်သူစစ်အုပ်စုက ထိုသို့ပင် သူတို့၏ မကြာခဏ သေဆုံးသွားသော အာဏာနိုင်ငံရေးကို အထပ်ထပ် အသက်သွင်းယူနေရသည် မဟုတ်လား။

ထိုကဲ့သို့ အာဏာမြဲရေးအတွက် အုပ်စိုးဖိနှိပ်သည့် နိုင်ငံရေးကို ဆက်ခါဆက်ခါ လုပ်လို့ရစေရန် တော်လှန်ရေးအခြေအနေနှင့် အတိုက်အခံ နိုင်ငံရေးအခြေအနေက ဖန်တီးပေးနေခဲ့သကဲ့သို့လည်း ဖြစ်နေခဲ့သည်။ ထို အားနည်းချက်များထဲမှ နှစ်ချက်ကို ထောက်ပြရလျှင် ပထမ အချက်– လူထုတပ်ဦးပါတီနှင့် ဒီမိုကရေစီတော်လှန်ရေးအင်အားစုများ၊ အမျိုးသားပေါင်းစုံ ပြည်သူလူထုကြီးသည် ကျစ်လျစ်ခိုင်မာသည့် အမျိုးသား ညီညွတ်ရေးကို မတည်ဆောက်နိုင်ခဲ့ခြင်းနှင့် ဒုတိယအချက်က – အခြေအနေ

# သမိုင်းတဆစ်ချိုးကွေ့ထဲရောက်ပြီဆိုတော့...



မောင်စိုးချိန်

ပြောင်းလဲမှုအရ မိမိနည်းပရိယာယ်ကို လျင်မြန်ပါးနပ်စွာ ပြောင်းလဲ မကျင့် သုံးနိုင်ခြင်း...တို့ ဖြစ်သည်။ ထိုနှစ်ချက်က စစ်အစိုးရ အာဏာ မြဲရေးအတွက် စစ်အုပ်စုကို အခြေအနေပေး မျက်စပစ်နေခဲ့သည်။

တနည်းအားဖြင့် လူထုတပ်ဦးအဖွဲ့အစည်းနှင့် လူထုတိုက်ပွဲ တို့ အားကောင်းမောင်းသန်ဖြစ်လာစေရန် မပေါင်းစပ်နိုင်ခြင်းပဲ ဖြစ်သည်။ ထို့အပြင် စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန် လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေးပန်းတိုင်သို့ တိုက်ပွဲမပါဘဲ လျှောက် လှမ်း ချီတက်၍လည်း မရနိုင်ကြောင်းကို စစ်အစိုးရ၏ လက်တွေ့ဖော်ပြ ချက်က သက်သေပြသပေးခဲ့လေသည်။ တလျှောက်လုံး အမျိုးသား ရင် ကြားစေ့ရေးအပေါ် သူတို့က ဥပေက္ခာပြု လျစ်လျူရှုနေခဲ့လေသည်။

ထို့ပြင်လည်း လူထုတပ်ဦးနေရာသို့ ရောက်ရှိနေသည့် ဒီချုပ်သည် ဒေါ်စုနှင့် အချို့ပါတီခေါင်းဆောင်များ ထောင်ကျနေပြီ ဆို လျှင် နိုင်ငံရေးလှုပ်ရှားနိုင်စွမ်း အများကြီး ချည့်နဲ့အားနည်းသွားလေ သည်။ နိုင်ငံရေးလှုပ်ရှားမှု နှစ်ပေါင်း ၂၁ နှစ်အတွင်း ဒေါ်အောင်ဆန်းစု ကြည်က ၁၅ နှစ် အကျယ်ချုပ်ကျခံနေရချိန်တွင် လူထုကြီးကို ခေါင်း ဆောင်ပြီး ထူးခြားပြောင်မြောက်သော နိုင်ငံရေးလုပ်ငန်းကို ဖန်တီးရန် ဆိုသည်မှာ အလွန့်ကို ကြီးမားသော အခက်အခဲ ဖြစ်နေလေသည်။ ကျောင်းသားခေါင်းဆောင်မှ လူထု ခေါင်းဆောင်များဖြစ်လာသည့် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုကျော်မင်းယုစသည့် ၈၈ မျိုးဆက်များသည် လည်း နှစ်ရှည်ထောင်ဒဏ်ပေးခြင်း ခံနေကြရသည်။ ထိုအချက်များကို ပေါင်းချုပ်လိုက်လျှင် ဗမာပြည်နိုင်ငံရေးသည် စစ်အာဏာရှင်စနစ် အောက်တွင် ဇာတ်ရိုက်နာခဲ့ရပေသည်။ စစ်အာဏာရှင်စနစ် အောက်မှ လွတ်မြောက်ဖို့ ရောင်နီမသန်းနိုင်ခဲ့ပေ။ လက်သည် တရားခံ ကား ဖက်ဆစ်စစ်အုပ်စုပင်ဖြစ်သည်။

(၇)

ယခုကလိန်ကျ ညစ်ပတ်စုတ်ပဲ့သော ရွေးကောက်ပွဲ ပြီးဆုံး သွားပြီးနောက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖက်ဆစ် စစ်အုပ်စုက ၂၀၁၀ နိုဝင်ဘာ ၁၃ တွင် အကျယ်ချုပ်မှ လွှတ်ပေးလိုက် သည်။ ထိုသို့ မလွှတ်မြောက်မီက ဒီချုပ်ထဲမှ တက်ကြွတိုးတက်သည့် တချို့ခေါင်းဆောင် အင်အားစုက နိုင်ငံရေးအတွေးအခေါ်၊ တော်လှန် စိတ်ဓာတ်တည်ဆောက်ရေး၊ လူထုကို မျက်နှာမူရေး၊ လူထုအကျိုး ထမ်းဆောင်လှုပ်ရှားရန်းကန်ရေးအတွက် အတော်အတန် ပြင်ဆင် လမ်း ဖောက်ခဲ့ကြပြီးဖြစ်သည်။ သံဃာ့တပ်ပေါင်းစု၊ ၈၈–၉၇–၂၀၀၇ မျိုးဆက် လူငယ်အင်အားစုများနှင့် တိုးတက်သည့်လူထုက စစ် အာဏာရှင်စနစ် ဖျက်သိမ်းရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် စွမ်းဆောင် ရုန်းကန်နေခဲ့ကြသည့် ကာလလည်းဖြစ်သည်။

စစ်အုပ်စုရွေးကောက်ပွဲအပြီးတွင် ဖက်ဆစ်စစ်အုပ်စုနှင့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ စစ်အုပ်စုဆန့်ကျင်တော်လှန်ရေး စိတ်ဓာတ်က ပို၍ပြင်းထန်လာသည်။ နိုင်ငံရေးနိုးကြားသည့် အရှိန် အဟုန်သည် ကြီးမားသွားသည်။ ထို့ပြင် တိုင်းရင်းသားခေါင်းဆောင် များက လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ စုစည်းကာ ရန်သူ ၏ထိုးစစ်ကို စုစည်းခုခံရေးနှင့် တိုင်းရင်းသားခေါင်းဆောင်တချို့က ဒုတိယပင်လုံညီလာခံ ပေါ်ထွန်းရေးအတွက် ကြိုတင်လမ်းဖွင့်ခဲ့ကြပြီး လည်း ဖြစ်သည်။ ဆိုခဲ့သည့် အခြေအနေသစ်များကို အားဖြည့်ပေးလိုက် သည့်အသံများကား နယ်စပ်မှ တော်လှန်ရေးသေနတ်သံများ ဖြစ်သည်။ ရှမ်းပြည်ဘက်မှ ခုခံရေးသေနတ်သံများဖြစ်သည်။ စာရေးသူသည် ရွေး ကောက်ပွဲအပြီးတွင် ဒုတိယပြည်တွင်းစစ် (သို့မဟုတ်) ပြည် တွင်းစစ် အသစ် ပြန်စလိမ့်မည်ဟု ၂၀၀၄–၂၀၀၅ ကတည်းကပင် ကြိုတင်ဆောင်းပါး ရေးခဲ့ ဖူးသည်။ အကြိမ်ကြိမ်ရေးခဲ့ဖူးသည့်အတိုင်းပင် စစ်အုပ်စု ကလိန်ကကျစ် ရွေး ကောက်ပွဲကာလတွင် ပြည်တွင်းစစ်သေနတ်သံများ ဆက်တိုက်ထွက်ပေါ် လာခဲ့သည်။ ဖက်ဆစ်တို့၏ ရွေးကောက်ပွဲ ရလဒ်ကို ရိုက်ချိုးဖျက်သိမ်းဖို့ ရည်ရွယ်သည့် သေနတ်သံများ၊ ၂၀၀၈ စစ်ကျွန်ပြုရေး စစ်ဖွဲ့စည်းပုံကို မီးရှို့ ဖျက်ဆီးပစ်ဖို့ ရည်ရွယ်ချက်နှင့်အတူ ၂၁ ရာစု ပင်လုံညီလာခံကို လှိုက်လှဲ ကြိုဆိုလိုက်သည့် တော်လှန်သောသေနတ်သံဖြစ်သည် ဟု ဆိုရလိမ့်မည်။

ယင်းတို့သည် အနာဂတ် နိုင်ငံရေးလှုပ်ရှားမှုအတွက် အခြေခံ ကောင်းများ၊ အလားအလာကောင်းများ ဖြစ်ခဲ့သည်။ နောက်တဆင့် တက်လှမ်းကြရန်အတွက် အခွင့်ရေးကောင်းများဖြစ်သည်။ သို့ဖြစ်ရာ အခြေခံကောင်းများက လမ်းခင်းပေးနေသည့် ကာလတွင် ဆိုခဲ့သည့်အ တိုင်း စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးအတွက် အဖိနှိပ်ခံအမျိုးသား ပြည်သူအသီးသီး ကျစ်လျစ်ခိုင်မာသော အမျိုးသားညီညွတ်ရေးကို တည် ဆောက်ထူထောင်နိုင်ကြရလိမ့်မည်။ တိုက်ပွဲနှင့်သာ ညီညွတ်ရေးကို ထူ ထောင်နိုင်မှာလည်းဖြစ်သည်။ ဥပမာ –စစ်အာဏာ ရှင်စနစ် ဖျက်သိမ်းရေး အတွက် ပြောင်မြောက်သစ်လွင်သည့် အမျိုးသားသွေးစည်းညီညွတ်ရေးကို တိုက်ပွဲဖြင့် တည်ဆောက်ပြီးပြီဆိုလျှင် ၉၀ ရွေးကောက်ပွဲရလဒ်ကို လူထု သဘောထားအတိုင်း အကောင်အထည်ဖော်ရပေလိမ့်မည်။ သည်ဥပမာ သည် မှန်းဆတွေးဆချက်သာဖြစ်သဖြင့် တခြားတိုက်ပွဲ သဏ္ဍာန်များကို လည်း တွေးဆ ကြည့်သင့်ကြသည်။

ချုပ်၍ဆိုရလျှင် အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက် ရေးအတွက် တိုက်ပွဲပုံသဏ္ဍာန် တခုခုဖြင့် တည်ဆောက် အရယူရပေ လိမ့်မည်။ ကောက်ကျစ်ပက်စက်သည့် ဖက်ဆစ်တို့သေနတ်ပြောင်းဝရှေ့ တွင် တိုက်ပွဲခင်း၍ ညီညွတ်ရေးတည်ဆောက်ဖို့အတွက် လွယ်ကူချောမွေ့ လိမ့်မည်မဟုတ်။ သို့သော်အင်အားကြီးမားသည့် တော်လှန်ရေးအလျင် အဟုန်ကို ဘယ်စစ်အာဏာရှင်မှ မတားဆီးနိုင်ခဲ့ပေ။ အဆုံးတနေ့တွင် အဖိနှိပ်ခံလူထုသည် အောင်ပွဲခံခဲ့ကြသည်ချည်း ဖြစ်သည်။ ထို့ကြောင့် ခိုင်ကျည်သော လူထုအားဖြင့် ညီညွတ်ရေးတည်ဆောက်ရင်း တိုက်ပွဲဝင်၊ တိုက်ပွဲတခုခုဖြင့် အခြေခံကာ ညီညွတ်ရေးတည်ဆောက်၊ အောင်ပွဲသို့ ရောက်ရမှာ မလွဲပေ။

မောင်စိုးချိန်
ဒီဇင်ဘာ၃၊ ၂၀၁၀။

နိုင်ငံရေး

# ကြံ့ဖွံ့အစိုးရကို တိုး၍တိုး၍ ဆန့်ကျင်လာကြလိမ့်မယ်

– ၂၀၁၀ ရွေးကောက်ပွဲပြီးမှ ‘ဖွတ်ထွက်မှ တောင်ပို့မှန်းသိ’ပြီး ကြံ့ဖွံ့ပါတီအကြောင်း ပြည်သူက သိလာတာလား။ မဟုတ်ပါ။ ကြံ့ဖွံ့ အသင်းပဲဖြစ်ဖြစ် ကြံ့ဖွံ့ပါတီပဲပြောပြော ကြံ့ဖွံ့အစိုးရပဲ ခေါ်ခေါ် သူတို့ အကြောင်း ပြည်သူက ‘နောကျေ’ပြီးသားပါ။

– တခုတော့ ရှိသည်။ ရွေးကောက်ပွဲတွင် ‘ထဘီမနိုင် ပဝါမနိုင်’ အာဏာလိုချင်ဇော ငမ်းငမ်းတက်ပြီး မတရားမှုတွေလုပ်ခဲ့ကြလို့ သူတို့၏ ‘ဂုန်းရုပ်’’စရိုက် ဘွင်းဘွင်းကြီး ပွင့်ကျသွားခဲ့သည်။

– ရွေးကောက်ပွဲ အကြိုကာလတွင် တချို့သော စစ်တပ်အောက်ခြေပိုင်းကပါ သူတို့ကို ဆန့်ကျင်လာကြောင်း သတင်းတွေ ထွက်လာသည်။ ကြံ့ဖွံ့ပါတီက သူတို့ကို မဲပေးဖို့ အတင်းခိုင်းသည်။ စစ်တပ်အောက်ခြေပိုင်းက လက်မခံ။ ဒီတော့ ဘယ်ဗိုလ်ချုပ်ကို တိုင်မယ်၊ အရေးယူမယ်–ဆိုတာမျိုးတွေ လုပ်လာသည်။ ခြိမ်းခြောက်မှုတွေ လုပ်လာသည်။။ စစ်တပ်အောက်ခြေပိုင်းမှ တပ်သားများ၏သားသမီး ကျောင်းသားသူငယ်လေးများကို ကြံ့ဖွံ့ဘက်မှ ဝိုင်းရိုက်မှုတွေ ဖြစ်လာသည်။ စစ်တပ်အောက်ခြေထုတရပ်လုံး၏ အခြေအနေတော့ မဟုတ်။ တကွင်းတကွက်ဖြစ်ရပ်မျှသာ။ ဒါပေမဲ့ စစ်တပ်အောက်ခြေပိုင်းကို သူတို့ထင်သလို နဖားကြိုးထိုးပြီး ခိုင်းစေလို့မရသည့် အခြေအနေတရပ် စတင်ဖြစ်ပေါ်လာတာကတော့ သေချာသည်။

– စစ်တပ်ထိပ်ပိုင်းက ‘လက်ညှိုးညွှန်ရာ ရေ’ဖြစ်နေချိန်တွင် စစ်တပ်အောက်ခြေပိုင်းက ငတ်နေကြသည်။ စစ်သားတွေက အထက်အရာရှိတွေ ကိုယ်ကျိုးစီးပွားရှာဖို့ ထင်သလို လုပ်နေကြမှန်း သိသည်။ စစ်သားမိန်းမတွေက ထင်းခွေပြီး ရောင်းချကာ စားသောက်စရိတ်ထဲ ဖြည့်နေရသည်။ ဒီလို နာကြည်းနေတုန်း ‘ကြံ့ဖွံ့’က ဆန္ဒမဲကို ‘အေးခားပြ’ လာတိုက်ချိန်နဲ့ဆုံစည်းပြီး ထိပ်တိုက်တိုးမိကြခြင်း ဖြစ်သည်။

– လူထုကတော့ စစ်တပ်အောက်ခြေပိုင်းထက် ကြံ့ဖွံ့ပါတီအကြောင်း ပိုသိသည်။ ‘ကြံ့ဖွံ့’တွေရဲ့ ဂျာမနီက နာဇီ–ရှပ်နက်တပ်ဖွဲ့ဝင်တွေလို ရမ်းရမ်းကားကားလုပ်မှုတွေကို လူထုက လက်တွေ့ရင်ဆိုင်ခဲ့ရသည်။

– ကြံ့ဖွံ့ပါတီထိပ်ပိုင်း(တိုင်းအဆင့် ခရိုင်အဆင့်တွေအထိ) စစ်တပ်နဲ့စစ်တပ်လူထွက်တွေက ချုပ်ကိုင်ထားသည်။ ဒီလူတွေ စစ်တပ်မှာဘာအဆင့်ပဲရှိရှိ၊ လူထုအတွက်တော့ သူတို့ ကြည်ညိုလေးစားတဲ့၊ ချစ်ခင်တဲ့ ခေါင်းဆောင်တွေ မဟုတ်။ ပြည်သူအတွက် ကိုယ်ကျိုးစွန့်ပြီး စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခဲ့သူတွေ မဟုတ်။ လက်ရှိစစ်အုပ်စုခေါင်းဆောင်နဲ့ စစ်တပ်ထိပ်ပိုင်းမှာ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဗိုလ်မှူးဗထူးတို့၊ ဗိုလ်ကျော်ဇောတို့လို တိုင်းပြည်က ကြည်ညိုလေးစား အသိအမှတ်ပြုတဲ့ ‘ပုဂ္ဂိုလ်ဆိုင်ရာ ဉပမိရုပ်’ တယောက်မှ မရှိ။ အရပ်ဝတ်ပဲ ဝတ်ဝတ်၊ စစ်ဝတ်ပဲ ဝတ်ထားထား၊ ကြံ့ဖွံ့ပါတီထဲ ဘယ်အဆင့်က ဝင်ပြီး ခေါင်းဆောင်သည် ဖြစ်စေ၊ သူတို့ကြောင့် လူထုက ကြံ့ဖွံ့ပါတီကို ပိုမိုအားထားလာစရာ အကြောင်းမရှိ။

– ကြည့်ရတာက ကြံ့ဖွံ့ပါတီထိပ်ပိုင်းက စစ်တပ်ကလူတွေ၊ စစ်တပ်ထွက်တွေနဲ့အမှုထမ်းတွေ ရှိနေမည်။ အရပ်ဘက် စီးပွားရေးလုပ်ငန်းရှင်များနှင့် အားဖြည့်ထားမည်။ စီးပွားရေးအရ သူတို့ကို ကျောထောက်နောက်ခံပြုထားမည်။ အောက်ပိုင်းမှာက လူမိုက်တွေ၊ ကိုယ်ကျိုးစီးပွားရှာသူတွေ၊ အခွင့်အရေးသမားတွေ ပြည့်နေမည်။ အားလုံးက လူထုအပေါ် ဗိုလ်ကျရမ်းကားမှုတွေ တဆင့်တိုးပြီး ဆက်လုပ်လာမှာ သေချာသည်။ လူထုလှုပ်ရှားမှုများ ဖြစ်ပေါ်စဉ်နှင့် ၂၀၁၀ ရွေးကောက်ပွဲ ကာလတို့တွင် သူတို့၏ ‘ရှပ်နက်တပ်သား ဇာတိရုပ်’နှင့် ‘လက်မရွံ့ကြေးစား ဇာတိရုပ်’’ကို လူထုက အထင်းသား မြင်တွေ့ခဲ့ပြီး ဖြစ်သည်။

– နောက်ပြီး “ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ’’ဆိုပြီး ပါတီ၏ ရည်ရွယ်ချက်ငါးရပ်ကို တင်ထားသော်လည်း စစ်အစိုးရ၏ အရည်မရ အဖတ်မရ ကြွေးကြော်သံတွေဆိုတာ တပြည်လုံးက သိထားပြီးသား။ သူတို့လက်ခံကျင့်သုံးမည်ဆိုသော အမျိုးသားညီလာခံက ချမှတ်သည့် (အခြေခံမူ ၁၀၄ ချက်) ဆိုတာကလည်း စစ်အာဏာရှင်စနစ်၏ အတုအယောင်အခြေခံမူတွေပဲဆိုတာ တပြည်လုံးက သိထားကြပြီးသား။ ဒါကလွဲပြီး ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ပန်သည့် ဘာလမ်းစဉ်မှ မရှိ။ တိုင်းပြည်ကို အမှန်တကယ် အကျိုးပြုမည့် ဘာမူဝါဒ၊ ဘာယုံကြည်ချက်သဘောတရားကိုမှ ရှင်းလင်းပြတ်သားစွာ ချမှတ်ထားခြင်း မရှိ။ ပြည်သူလူထုအပေါ် ဘာ‘ပဋိညာဉ်ပေးမှု’ ဘာ ‘ကတိကဝတ်ပြုမှု’မှ မလုပ်။

– ရွေးကောက်ပွဲကာလအတွင်း ကချင်ပြည်နယ်မှ အတိုက်အခံဘက်မှ အမျိုးသမီးတဦး၏ ပြောဆိုချက်မှာ ရှင်းသည်။ “ခုကတည်းက ဒီလောက်တောင် ခိုးကြ၊ ဝှက်ကြ၊ ရမ်းကားကြတာ...သူတို့သာ အစိုးရဖြစ်သွားရင် တွေးရဲစရာတောင်မရှိ’’ဆိုသော သဘောမျိုး ပြောသွားခဲ့သည်။ သူခိုးအစိုးရ၊ တောက်ပြားအစိုးရဟု မပြောရုံတမယ် ဖွင့်ချသွားသည်။ သူတို့အစိုးရဖွဲ့ပြီးလျှင် ပိုပြီး ရမ်းကားလာမှာကလည်း သေချာသည်။

လွှတ်တော်ထဲမှာ လွတ်လပ်စွာ ပြောဆိုခွင့်မရအောင် ခုကတည်းက ကန့်သတ်ချက်တွေ ချလာနေသည်။ (တိုင်းရင်းသားများ အရေးအတွက် လွှတ်တော်ထဲမှာ တိုက်ပွဲဝင်မည်–ဆိုသည်ကို အလေးအနက်စဉ်းစားရလိမ့်မည်။) ကလိန်ကကျစ်ရွေးကောက်ပွဲအကြောင်း ပြည်သူက ရှင်းရှင်းလင်းလင်း သိခဲ့ပြီ။ ကလိန်ကကျစ်လွှတ်တော်အကြောင်း မကြာမီ သိရတော့မည်။

ကြံ့ဖွံ့ပါတီက ရွေးကောက်ပွဲတွင် သူတို့အကြီးအကျယ် အောင်ပွဲခံခဲ့သည်ဟု ကြွားဝါနေကြသည်။ အမှန်က သူတို့၏ ‘ရှုံးပွဲ’သာ ဖြစ်သည်။ မဲလိမ်ပြီး နိုင်ခဲ့သော်လည်း နိုင်ငံရေးနှင့် လူထုယုံကြည်မှု အကြီးအကျယ်ရှုံးသွားပြီ။ သူတို့ဘာသာ ဒီအစိုးရကို ငါးနှစ်ခံမည့်အစိုးရလို့ပြောပြော၊ ဆယ်နှစ်ခံမည့်အစိုးရလို့ပြောပြော လူထု ယုံကြည်မှုမရှိသည့် အစိုးရသာ ဖြစ်လိမ့်မည်။

– သည်အချက်တွေကြောင့် မကြာမီ ကြံ့ဖွံ့ပါတီအစိုးရကို လူတန်းစားအသီးသီး ပြည်သူလူထုက တိုး၍ တိုး၍ ဆန့်ကျင်လာကြလိမ့်မည်။ အချိန်တချိန်တွင် တခဲနက် အုံကြွဆန့်ကျင်မှုတွေ ဖြစ်လာမှာကိုလည်း ဗေဒင်ဆရာမဟုတ်ပေမယ့် အတပ်ဟောရဲသည်။ ။

**သောင်းထွန်းမြင့်**

နိုင်ငံရေး

# ၂၀၁၀လွန် အာဏာရကြံ့ဖွံ့ပါတီ

အောင်ငြိမ်း

၁၉၉၀ မှာ တစည ပြုတ်ပြတ်သားသား ရှုံးနိမ့်သည်။ ၂၀၁၀ မှာ ကြံ့ဖွံ့ ပြတ်ပြတ်သားသား ညစ်သည်။ ဒီလိုနဲ့ စပေ့ (ကွက်လပ်) ကံစမ်းမဲ ဖောက်သည့် ၂၀၁၀ ရွေးကောက်ပွဲ ပြီးဆုံးသွားသည်။ စပေ့ထဲဝင် တိုးသည့် ပါတီများထံမှ ပူညံပူညံအသံတွေ ထွက်လာသည်။ ကြံ့ဖွံ့ ရယကနှင့် ကော်မရှင်ဟာ အတူတူပဲဆိုတာ ခုမှ သိရတယ်ဆိုတဲ့ ပါတီခေါင်းဆောင်တဦးရဲ့ မှတ်ချက်ကို သဘောတူပါသည်။ ကြံ့ဖွံ့ ရယကနှင့်ကော်မရှင်ဆိုတာ ဗိုလ်သန်းရွှေစစ်အုပ်စုက ဖန်တီးထားတဲ့ လက်ကိုင်တုတ်များ ဖြစ်ကြောင်းပြောမှ ပြည့်စုံပါမည်။

၁၉၉၀ နှင့် ၂၀၁၀ အခြေအနေချင်း မတူပါ။ ၁၉၉၀က လူထုအုံကြွမှု ဒီရေကြောင့် မဆလစစ်အုပ်စုက လုပ်ပေးရခြင်း ဖြစ်ပြီး၊ ၂၀၁၀က ကြံ့ဖွံ့စစ်အုပ်စု အကွက်ချ စီစဉ်ထားတဲ့ လန်ကြုတ်အစီအစဉ်သာ ဖြစ်သည်။ ဒီပွဲမှာ စပေ့ထဲဝင်တိုးသည့် ကံစမ်းလိုသူများကို ထားဦး၊ စပေ့ထဲမှာ တလျှောက်လုံး နေနေသည့် တစည ပင်လျှင် အညစ်ခံရသည်။ တစည ဘာပြောလဲ နားထောင်နေပါသည်။

မဆလစစ်အုပ်စုထံမှ တစညက နိုင်ငံရေးအမွေဆက်ခံပြီး ကြံ့ဖွံ့က အာဏာအမွေကိုဆက်ခံသည်။ အာဏာ(စစ်အာဏာ)အမွေက နိုင်ငံရေးအမွေထက် ပိုအစွမ်းထက်ကြောင်း ဒီပွဲမှာ မြင်တွေ့နိုင်သည်။ ဘာပဲဖြစ်ဖြစ် တစညဟာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ရိုးရိုးသားသား တက်လှမ်းလိုတဲ့ ဖော်ပြချက်ကို ကြိုဆိုရမှာ ဖြစ်သည်။ တကယ်တော့ တစညခေါင်းဆောင်တွေဟာ စစ်အုပ်စုဝင် ဟောင်းတွေဖြစ်ပါသည်။ (ကိုယ့်ပေါင်ကိုယ် လှန်ထောင်းသလို ဖြစ်မှာစိုးလို့) ထုတ်မပြောရင်သာရှိမည်၊ စစ်တပ်ကိုချုပ်ကိုင်ခြယ်လှယ်ပြီး စစ်အာဏာရှင်စနစ် ကျင့်သုံးခြင်းဟာ တိုင်းပြည်အတွက် ကောင်းကျိုးမပြုကြောင်း အသိဆုံး ဖြစ်ပါလိမ့်မည်။

၂၀၁၀ ရွေးကောက်ပွဲဟာ ယိုသူမရှက်မြင်သူရှက်ဆိုသလို ပြောင်ပြောင်ကြီး ပွင့်ကျခဲ့ပါပြီ။ ဒါဟာ ရွေးကောက်ပွဲ ဆန့်ကျင်တဲ့ ဒီမိုကရေစီအင်အားစုများအတွက် အောင်မြင်မှုတရပ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ နအဖစစ်အစိုးရရဲ့ အတွင်းသရုပ်နဲ့ ကောက်ကျစ်တဲ့ ခြေလှမ်းကို လူထုကြီးကို ဖွင့်ချပြနိုင်လို့ဖြစ်သည်။ စစ်အုပ်စုရဲ့ ကောက်ကျစ်တဲ့ခြေလှမ်းတွေဟာ မပြီးသေးပါဘူး။ လမ်းပြမြေပုံအဆင့် ၆ လွှတ်တော်ခေါ်တာ ၊ အဆင့် ၇ အစိုးရဖွဲ့ပြီး အာဏာလွှဲပြောင်းတာတွေ လုပ်ရဦးမှာဖြစ်သည်။ ဒီ အဆင့်တွေဟာ ၂၀၀၈ ကို အသက်သွင်းပြီး စစ်အုပ်စုတွင်း အာဏာအမွေခွဲတာဖြစ်လို့ လူထုကြီးရဲ့ဆန့်ကျင်မှုတင်မက စစ်အုပ်စုတွင်း အမွေလုပွဲတွေရဲ့ ဖော်ပြချက်တွေကိုပါ မြင်တွေ့ရတော့မှာ ဖြစ်သည်။ ရွေးကောက်ပွဲတုန်းက အတိုက်အခံနဲ့ လူထုကိုပဲ ရန်လုပ်ရသည်။ အာဏာလွှဲပြောင်းရာမှာတော့ အချင်းချင်းရန်လုပ်ကြရတော့မည်။

၂၂ နှစ်တာ(၁၉၈၈ – ၂၀၁၀) တိုင်း ပြည်ရဲ့ မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ၊ ဥစ္စာဘဏ္ဍာများ စီးပွားရေးလုပ်ငန်းများကို မတော်မတရား လုယက်ခဲ့ဝေ လက်ဝါးကြီးအုပ်ထားတာတွေ အရှည်တည်တံ့ဖို့ တိုးပွားဖို့ အာဏာကို ဆက်လက်ကိုင်စွဲကြဦးမှာဖြစ်သည်။ စစ်ဗျူရိုကရက် လူတန်းစား အခွန့်ရှည်ရေး လုပ်ကြဦးမှာ ဖြစ်သည်။ အာရှလမ်းမကြီးတွေ အာဆီယံလမ်းမကြီးတွေ၊ ရေနက်ဆိပ်ကမ်းတွေ ရေနံဓာတ်ငွေ့ပိုက်လိုင်းတွေဖောက်၊ ကြားခံစီးပွား ဝန်ဆောင်မှုလုပ်ငန်းတွေလုပ်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ပြီး ကြွယ်ဝမှုကို တိုးချဲ့ကြဦးမှာဖြစ်သည်။ ပြည်တွင်းမှာ လက်ဝါးကြီးအုပ်ပြီး ပြည်ပမှာ လက်ဝေခံလုပ်ကြတော့မည်။ နအဖစစ်အုပ်စုဟာ ဒါ့ကြောင့် ၂၀၁၀ ကိုတက်ကြွနေကြတာ ဖြစ်သည်။

၂၀၁၀ စပေ့(ကွက်လပ်)ထဲ ဝင်တိုးချင်နေသူတွေက ဘာကြောင့် တက်ကြွနေကြသလဲ။ ရှုံ့ချီနှပ်ချီလုပ်လို့ရတဲ့ အိတ်ရှုံ့ကလေးထဲ အလုအယက် ဝင်တိုးနေကြသည်။ မြှူးမိတဲ့ငါး ဘာများကော တတ်နိုင် ဦးမှာလဲ။ လွတ်လပ်မှုကို လိုချင်ရင် ထောင်ချောက်ကို ဖျက်ဆီးပစ်ရပေလိမ့်မယ်မဟုတ်ပါလား။ ၂၀၀၈ အာဏာအဆောက်အဦရဲ့ အစိတ်အပိုင်း တရပ်ဖြစ်သည့် ရုပ်သေးလွှတ်တော်ထဲတွင် ၎င်းတို့ရဲ့ အစွမ်းအစကို ဘယ်ပုံဘယ်နည်း ထုတ်ဖော်ပြသခွင့် ရကြလိမ့်မလဲဆိုတာကိုလည်း မကြာမီ တွေ့ကြရမှာဖြစ်သည်။

မကြာမီ စစ်အုပ်စုတွင်း အာဏာ အမွေခွဲကြတော့မည်။ ယခင်က အားလုံး ဘောင်းဘီဝတ်ပြီး စစ်အာဏာကော အုပ်ချုပ်ရေးအာဏာပါကိုင်ထားကြသည်။ ဝန်ကြီး တိုင်းမှူး မယက ဆိုတာတွေဟာ စစ်ဗိုလ်တွေချည်းဖြစ်သည်။ (နောက်ပိုင်း ရယကတွေကို စစ်ဗိုလ်တွေအစား အရပ်သား ကြံ့ဖွံ့တွေနဲ့ အစားထိုးသည်။ ၂၀၀၈၊ ၂၀၁၀ တို့မှာ မဲလိမ်မဲခိုးဖို့ ညစ်ဖို့ တာဝန်ပေးသည်)။ ယခုဘောင်းဘီချွတ်တွေက သမ္မတတွေ၊ ဝန် ကြီးတွေ၊ တိုင်းဒေသကြီးတွေရဲ့ ဝန်ကြီးချုပ်တွေ (ယခင်တိုင်းမှူးနေရာ)လုပ်ကြမည်။ ဘောင်းဘီဝတ် ဘောင်းဘီချွတ် အာဏာနှင့်လုပ်ပိုင်ခွင့်တွေ အမွေခွဲကြပြီ။ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ (အကလ)မှာ ဘောင်းဘီဝတ်နဲ့ ဘောင်းဘီချွတ် ရောထားသည်။ အမွေခွဲရာမှာ၊ လုပ်ပိုင်ခွင့်တွေ အသုံးချရာမှာ တွန်းတိုက်မှုတွေ တွေ့ရတော့မည်။

ယခင်က တပ်ချုပ်ကြီးအလိုကျ လုပ်နိုင်ရင် နေရာကောင်းရသည်။ နောင်ဆို သမ္မတကြီးအလိုကျလည်း လုပ်ရ၊ တပ်ချုပ် (အသစ်) အလိုကျလည်း လုပ်ရ ဖြစ်တော့မည်။ သမ္မတကကော ဘယ်သူဖြစ်မှာတုန်း။ တပ်ချုပ်ကကော ဘယ်သူတုန်း။ သူလားငါလား ဘယ်သူဖြစ်ထိုက်တုန်း။ ဗိုလ်ချုပ်မှူးကြီးကကော နားမှာလား။

အိုလုပြီဖြစ်တဲ့ ဗိုလ်သန်းရွှေအနေနဲ့ တပ်ချုပ်နဲ့သမ္မတနေရာကို စိတ်ချရမယ် (လို့ ထင်ရတဲ့) လူယုံတွေနဲ့လွှဲထားပြီး အာဏာရကြံ့ဖွံ့ပါတီဥက္ကဋ္ဌကြီး သို့မဟုတ် နာယကကြီး အဖြစ် နောက်ကွယ်က ကြိုးကိုင်နေတာလည်း ဖြစ်နိုင်သည်။ အာဏာဆိုတာ ဘိန်းလိုပဲ စွဲမိရင်ဖြတ်ဖို့ခက်သည်။ မကြာမီ ၂၀၀၈ အာဏာအဆောက်အဦ အသက်သွင်းတဲ့ ဇာတ်သုတ်ခဖြစ်စဉ်ကို တွေ့ရတော့မည်။

၂၀၁၀မှာ စစ်ဗျူရိုကရက်တွေ အရေခွံ ဘယ်လိုပဲပြောင်းပြောင်း အဖိနှိပ်ခံ ပြည်သူလူထုကြီးရဲ့ စစ်အာဏာရှင်စနစ်အပေါ် မုန်းတီးရွံရှာဆန့်ကျင်တဲ့ အရင်းခံစိတ်ဓာတ်က ပြောင်းလဲသွားမှာ မဟုတ်ဘူး။ စစ်အုပ်စုရဲ့ မတော်မတရားမှုတွေကို မကြည့်ချင် မမြင်ချင်အဆုံး မြင်တွေ့နေရတာဖြစ်တဲ့အတွက် ဒေါသမထွက်ဘဲကို နေလို့မရဖြစ်နေသည်။ ဒီမိုကရေစီအင်အားစုများအနေနဲ့ ၂၀၁၀ အရှုပ်တော်ပုံထဲ နစ်မနေဘဲ ၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး လမ်းကြောင်းမှန်ပေါ်ကနေ ပြည်သူ့အင်အားစုစည်းရေးကို ညီညီညွတ်ညွတ် အားသွန်လုပ်ဆောင်ဖို့ လိုပါသည်။

၂၀၁၀ ဟာစစ်အုပ်စုအတွက် ပန်းခင်း သောလမ်းမဟုတ်ပါ။ သူကိုယ်တိုင် ဖန်တီးထားသည့် ပြည်တွင်းပြည်ပ အကျပ်အတည်းများက သူ့ကိုစောင့်ကြိုနေပါသည်။

၁၂ နိုဝင်ဘာ ၂၀၁၀

နိုင်ငံရေး

# လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ ရွေးကောက်ပွဲမဟုတ် လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ အစိုးရမဟုတ်

(၁)

နိုဝင်ဘာ ၈ ရက်နေ့မှာ ဗိုလ်သန်းရွှေရဲ့ ရွေးကောက်ပွဲကြီး ပြီးသွားပြီး မဲတွေအားလုံး ရေတွက်လို့ မပြီးသေး၊ အဖြေကတော့ ထွက်နေပြီ။ တည်မြဲဖဆပလရဲ့ မနိုင်လည်း နိုင်ရမယ်။ နိုင်လည်း နိုင်ရမယ်ဆိုတဲ့ ဆရာကြီးတွေ လေသံအတိုင်း အော်ခဲ့ကြတာကိုး။ ဒါကို ဗိုလ်သန်းရွှေကတော့ ရေပူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာလိုချင်တယ်ဆိုပြီး တိုးချဲ့အမိန့်ချလိုက်တာကိုး။ စစ်အုပ်စုရဲ့ လက်ကိုင်တုတ်ပါတီ အနိုင်ရသွားတယ်။ ၈၀ ရာခိုင်နှုန်းကျော် မဲအနိုင်ရတယ်လို့ ကြေညာသွားပြီ။ ဗိုလ်သန်းရွှေကတော့ အတော်ကြီး ကျေနပ်သွားမှာပါ။ ခြေ လှမ်း ၇ လှမ်း စီမံကိန်းကြီး ၅၀ ရာခိုင်နှုန်းကျော် ပြီးသွားတော့ မျောက်အုန်းသီး ဖင်ထိုင်မိသလို ဂနာမငြိမ် ဖြစ်နေမှာတော့ သေချာပါတယ်။

ရွေးကောက်ပွဲ အောင်ပွဲခံရတော့ မင်းဝတ်တန်ဆာ တောင်ရှည်ပုဆိုးနဲ့ ဘိသိက်ပွဲဝင်ဖို့ ဟန်တပြင်ပြင်ဖြစ်နေရော့မယ်။ ပီတိဖြစ် အူမြူးပြီး အူပွရောဂါရမှာတော့ သေချာသလောက်ပါ။ ရွေးကောက်ပွဲတောင် တရားဝင်မဲစာရင်း မကြေညာရသေးဘူး၊ ဗိုလ်သန်းရွှေရဲ့တပ်တွေက မြဝတီသောင်ရင်းမြစ်ကမ်းဘေးကနေ အမြောက်ဖောက်၊ သေနတ်ဖောက်ပြီး ရွေးကောက်ပွဲပိတ်တဲ့ အခမ်းအနား လုပ်ကြတယ်။ မြဝတီမြို့က ပြည်သူတွေ သေနတ်သံ၊ ဗုံးသံတွေကြားကနေ တဖက်နိုင်ငံကို ထွက်ပြေးပြီး ဒုက္ခသည်ဘဝကို ခံယူကြရတယ်။ ပြည်သူတွေခံစားရတဲ့ဘဝက ခါးသီးလှပါတယ်။

ဒီတခါ ရွေးကောက်ပွဲမှာ တိုင်းရင်းသား အင်အားစုတွေရဲ့ အဖွဲ့အသီးသီး ကိုယ်စားလှယ်တွေ ရွေးချယ်ခံရတာ အနည်းတကာ့ အနည်းစုပါ။ ကချင်ပြည်နယ်ကို ကိုယ်စားပြုတဲ့ ကချင်ပြည်နယ်တိုးတက်ရေးပါတီ (KSSP) ကို ရွေးကောက်ပွဲပါဝင်ခွင့် မပေးခဲ့ပါဘူး။ ကေ အိုင်အေ ဒေသတချို့မှာ ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သလို ဝနယ်သွေးစည်းညီညွတ်ရေးအဖွဲ့ရဲ့ မြို့နယ် ၆ မြို့နယ်အနက် ၂ မြို့နယ်သာ ရွေးကောက်ပွဲ ကျင်းပနိုင်တယ်။ ကရင်၊ ကယမ်းဒေသတွေမှာလည်း နေရာတချို့ ရွေးကောက်ပွဲ ပါဝင် ခွင့်မရကြဘူး။ ဗိုလ်သန်းရွှေရဲ့ ရွေးကောက်ပွဲကြီးဟာ ဗမာလူမျိုး လူဦးရေ အများအပြားနေရာတွေမှာသာ ကျင်းပအောင်ပွဲခံနေတာတွေ့ရတယ်။ ဒါကြောင့် တိုင်းရင်းသားတွေက ဗမာလူမျိုးကြီး ရွေးကောက်ပွဲလို့တောင် ပြောကြတယ်။ တောင်ပေါ်နေရာအနှံ့ ကျင်းပတဲ့ တန်းတူရေး၊ သွေးစည်းရေးကို ဖြစ်စေတဲ့ ရွေးကောက်ပွဲကြီးမဟုတ်တာတော့ ထင်ရှားပါတယ်။

ဗမာလူမျိုးတွေ လွတ်မြောက်ပြီး တိုင်းရင်းသားလူမျိုးစုတွေ မလွတ်မြောက်ရင်လည်း နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ တန်းတူ တယ်လို့ မခေါ်နိုင်ပါဘူး။ ဒီလိုဘဲ လူမျိုးစုဒေသတွေမှာ နိုင်ငံရေးအရ၊ စီးပွားရေးအရ လွတ်မြောက်ပြီး ဗမာလူမျိုးတွေ မလွတ်မြောက်ရင် မဖြစ်ပါဘူး။ ဒါကြောင့် တပြည်လုံးအတိုင်းအတာအရ လွတ်မြောက်ရေး၊ တန်းတူရေးရမှသာလျှင် ပြည်နယ်ပြည်မ ပြည်သူတွေရဲ့ဘဝ သာယာချမ်းမြေ့မှာပါ။

(၂)

ဒီကနေ့ စစ်အုပ်စုဟာ ဗမာလူမျိုး ပေါင်းစုံ ပြည်သူတွေနဲ့ ထိပ်တိုက် ပဋိပက္ခဖြစ်နေတယ်။ ဗိုလ်သန်းရွှေစစ်အုပ်စုဟာ တိုင်းရင်းသားလူမျိုးစုတွေအပေါ်မှာ ဖိနှိပ်ရေးနဲ့သွေးခွဲရေး၊ ချော့မြှူရေးဆိုတဲ့ နည်းသဏ္ဍာန်တွေနဲ့ လုပ်နေတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ အစည်းပြေနေတယ်။ နယ်ခြားစောင့်တပ်ပုံသဏ္ဍာန်ကို ရိုက်သွင်းနေတယ်။ ဒါလည်း မအောင်မြင်ပါဘူး။ ရွေးကောက်ပွဲပြီးရင် လွှတ်တော်ဖွဲ့စည်းမယ်။ ဒီနောက် အဖွဲ့အစည်းသဏ္ဍာန်မျိုးစုံတွေ လုပ်လာပါလိမ့်ဦးမယ်။ တတိုင်းပြည်လုံးရဲ့ လက်နက်ကိုင်တပ်၊ လက်နက်ကိုင်အင်အားစုတွေကို ကာကွယ်ရေးဦးစီးချုပ်လက်အောက်မှာ ဖွဲ့စည်းရမှာဖြစ်တယ်။ ဖွဲ့စည်းပုံစည်းမျဉ်းအရ ဥပဒေကြောင်းအရဆိုရင် တည်ရှိနေတဲ့ လက်နက်ကိုင်တပ်တွေကို ဖျက်သိမ်းရမယ်။ ဒါမှမဟုတ် နယ်ခြားစောင့်တပ်ဖွဲ့ရေးကို လက်ခံရင်လည်း ကာကွယ်ရေးဦးစီးဌာနလက်အောက်မှာ ထားရမှာဖြစ်တယ်။ ယခုအခြေအနေက လူမျိုးစုလက်နက်ကိုင်အင်အားစုတွေဟာ ဗိုလ်သန်းရွှေရဲ့ နယ်ခြားစောင့်တပ် လက်မခံကြဘူး။

ကိုးကန့်အရေးအခင်းဖြစ်ခဲ့ပြီ။ ယခု DKBA နယ်ခြားစောင့်တပ်ကို လက်မခံတဲ့ အဖွဲ့က အစိုးရရဲ့ ရွေးကောက်ပွဲ မကျေနပ်တာရော၊ စစ်အုပ်စုရဲ့ သွေးခွဲအုပ်ချုပ်မှုတွေကို မခံရပ်နိုင်တာကြောင့်ရော ပြန်လည်ခုခံစစ်ပွဲဆင်နေပြီ။ ဗိုလ်သန်းရွှေ ဘယ်လမ်း ရွေးမလဲ။ အပစ်အခတ်ရပ်စဲရေး အဖွဲ့တွေကိုလည်း ရန်သူလို အထီးကျန် ပေါ်လစီကို စမ်းကျင့်သုံးနေတယ်။ ပြည်မအစိုးရနဲ့ အဆက်ဖြတ်တဲ့နည်း လုပ်နေတယ်။ နောက်တဆင့် တက်လိမ့်ဦးမယ်။

ဗိုလ်သန်းရွှေ စစ်အုပ်စုဟာ မကြာတော့တဲ့အချိန်မှာ စစ်ပြုရေးလမ်းကြောင်း ရွေးမလား၊ တပြည်လုံးအတိုင်းအတာအရ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း လိုက်မလား။ ရွေးချယ်ရတော့မှာပါ။ ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက်ရောက် လုပ်ခဲ့တာ၊ ပြည်သူတွေရဲ့ ဆန္ဒမပါဘဲ ပြုလုပ်ခဲ့တာ၊ ပြည်သူဆန့်ကျင်ရေးလုပ်ခဲ့တာ ကြာပါပြီ။ ဗမာပြည် ပြည်သူတရပ်လုံး၊ လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးဟာ ဗိုလ်သန်းရွှေရဲ့ ဖိနှိပ်သွေးခွဲမှုတွေကို ကြာရှည်ကြာမျှား မခံရပ်နိုင်တော့ပါ။ လူမျိုးပေါင်းစုံပြည်သူတရပ်လုံး စည်းစည်းလုံးလုံးနဲ့ စစ်အာဏာရှင် ရုပ်ပြအစိုးရကို ဘက်စုံ၊ ရွက်စုံ တိုက်ပွဲဝင်ကြတော့မှာ ဖြစ်ပါတယ်။ ဗိုလ်သန်းရွှေရဲ့ စိတ်ဓာတ်စစ်ဆင်ရေး အတွေးအခေါ်ကို အခြေခံတဲ့ လုပ်ရပ်တွေဟာ မကြာမီအချိန်မှာ သမိုင်းအမှိုက်ပုံးထဲ ရောက်တော့မှာပါ။

ဗိုလ်သန်းရွှေက ဗိုလ်ခင်ညွန့်ကို အိမ်အကျယ်ချုပ်နဲ့ နှစ်ရှည် အကျဉ်းချထားတယ်။ လူမဆန်စွာ ကန့်သတ်ချုပ်ချယ်ထားတယ်။ စိတ်ဓာတ်ရေးရာအရ ညှဉ်းပန်းနေတုန်းပဲ။ ဟသ်ာကိုးသောင်းဇာတ်ကို ခင်းနေတဲ့ ဗိုလ်သန်းရွှေကတော့ စိတ်ဓာတ်စစ်ဆင်ရေးကြောင့် ဦးနှောက်စားပြီး မကြာမီ ... ...

**မိုးလင်းဝင်း**

၁၁၊ ၁၁၊ ၂၀၁၀။

နိုင်ငံရေး

# " အမျိုးသား သွေးစည်းညီညွတ်ရေး ပြဿနာ"

မောင်စိန်သော်

စစ်အစိုးရ အာဘော်တစ်ခု ဖြစ်သည့် တို့တာဝန်အရေးသုံးပါး ဆိုသည်မှ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသား စည်းလုံးမှုမပြိုကွဲရေး ဒို့အရေး ဆိုသည့် ကြွေးကြော်သံသည် ကြားရသူတိုင်းအား နားကြားပြင်းကပ်လောက်အောင် ဒုက္ခပေးလျက်ရှိသည်။

အမှန်တကယ် အားဖြင့် လွတ်လပ်ရေးရပြီးခေတ် မြန်မာ့ နိုင်ငံရေး ဖြစ်စဉ်တွင် ပြည်တွင်းစစ် အကြိုကာလကတည်းက အမျိုးသား စည်းလုံးညီညွတ်မှု ပြိုကွဲသွားခဲ့ပြီး ဖြစ်နေသည်ကို မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူတိုင်း ပါဝင်ပတ်သက်ကြသူတိုင်း သိမြင်ခံစား နားလည်ကြသည်။ ယခုအချိန်အထိလည်း တော်လှန်ရေးအင်အားစုများမှာ မိသားစုတကွဲတပြား မျိုးဆက်လိုက်ရန်းကန်လှုပ်ရှားလျက် ဒီမိုကရေစီ ရေး တိုက်ပွဲဝင်အရေးဆို နေကြဆဲလည်း ဖြစ်သည်။ စစ်အစိုးရ ကြွေးကြော်နေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဆိုသည်မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွား အခြေခံဖြစ်သည့် စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲရေးအတွက် ဘောင်အကန့် အသတ် ကန့်၍ ခွဲခြားထားသော စစ်အုပ်စုနှင့် အပေါင်းပါများ၊ လက်အောက်ခံ နောက်လိုက်များ၏ တိုင်းရင်းသား စည်းလုံးရေးဖြစ်သည်။ တမျိုးသားလုံး လိုလားနေသည့် တန်းတူရည်တူ စည်းလုံးညီညွတ်ရေးမျိုး မဟုတ်ပေ။ အမှန်မှာ စစ်အာဏာရှင်စနစ် အခြေကျ တည်ရှိနေခြင်းသည်ပင်လျှင် အမျိုးသား သွေးစည်းညီညွတ်ရေး ပြိုကွဲနေမှု၏ ပြယုဂ်ကြီးတစ်ခု ဖြစ်နေသည်။ စစ်အာဏာရှင်များသည် ကိုယ့်အမျိုးသားချင်း စစ်ခင်းကြသည့် ပြည်တွင်းစစ်အတွင်းမှ အဆင့်နေရာရလာသည့် စစ်ဝန်ထမ်းများ ဖြစ်သည့်အားလျော်စွာ တိုင်းပြည်၏ အချုပ်အခြာအာဏာ ချုပ်ကိုင်၍ အုပ်ချုပ်စီမံရာတွင် စစ်အင်အားသုံး အကြမ်းဖက်နှိပ်ကွပ်မှုများဖြင့် တဖက်သတ်လုပ်ဆောင်ကြသည်။ အမျိုးသားသွေးစည်းညီညွတ်ရေးပြဿနာကို ဂရုပြု ထောက်ထားသူများမဟုတ်ကြပေ။ ရိုးသားပွင့်လင်းမှု မရှိ၊ ပြည်သူကိုအလေးမထား၊ စစ်ဝါဒကိုသာ အားကိုးအားထားပြု၊ စစ်ရေးနည်းနာများကို သုံး၍ စီမံအုပ်ချုပ်သူများ ဖြစ်ကြသည်။ အာဏာရ စစ်ဗျူရိုကရက်တို့၏ ပင်ကိုယ်လက္ခဏာအရ ကြမ်းကြုတ်မောက်မာသည့် အမူအကျင့်များကို ခဝါချ၍ ပွင့်လင်းပျော့ပြောင်းသည့် နိုင်ငံရေးတိုးတက်မှုဘက် လှည့်ပြောင်းနိုင်သူများ မဟုတ်ကြောင်း စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေခြင်းက သက်သေပြနေသည်။ အသေအချာ ဆန်းစစ်ကြည့်မည်ဆိုပါက စစ်အာဏာရှင်စနစ် ပေါ်ပေါက်အမြစ်တွယ်လာခြင်းကိုယ်၌က ပြည်တွင်းစစ်၏ အထွက်ပစ္စည်းတစ်ခုဖြစ်ပြီး အမျိုးသား ရင်ကြားစေ့ရေး၏ အဓိက အတားအဆီးကြီးလည်း ဖြစ်နေပေသည်။

ပြည်တွင်းစစ်ဖြစ်စဉ် တလျှောက်လုံး အုပ်စိုးသူ အဆက်ဆက်အတွင်း ပြည်တွင်းစစ်ပြဿနာကို နိုင်ငံရေးအရ စေ့စပ်ဖြေရှင်းရေး လိုလားသူများ အပေါ်စီးမရ၊ အပြတ်ချေမှုန်းပစ်ရေးဆိုသည့် မှားယွင်းဖောက်ပြန်သည့် အမျိုးသားသွေးကွဲရေး ပြည်တွင်းစစ် ပေါ်လစီ ဆက်လက် ကျင့်သုံးရေးသမားများ အသာစီးရကြသည်။ ဒါကြောင့် တိုင်းပြည်ဘဏ္ဍာငွေ မတရားသုံးစွဲ၍ စစ်တပ်အင်အား တိုးချဲ့ပြီးရင်းတိုးချဲ့၊ စစ်အရာရှိကြီးများ အဆင့်တက် ရာထူးခွဲဝေခန့်အပ်ကြရင်း တန်ခိုးသြဇာထူထောင်လာနိုင်ကြသည်။ ဘယ်နိုင်ငံရေးပါတီ၊ ဘယ်လူမျိုးစု ဘယ်နိုင်ငံရေးသမားကိုမှ အရေးစိုက်စရာမလိုဘဲ စစ်ဗျူရိုကရက်ကြီးတစ်စု လက်နက်ကိုင်တပ်အားကိုးဖြင့် နိုင်ငံ့အာဏာ အပြီးအပိုင်သိမ်းပိုက်ရာမှ စစ်အာဏာရှင်စနစ် ရုပ်လုံးပေါ်လာသည်ဟု သုံးသပ်နိုင်သည်။ ထိုအချိန်မှစ၍ တမျိုးသားလုံး သွေးစည်းညီညွတ်ရေး ကြိုးပမ်းမှုမှန်သမျှ အလဟဿ ဖြစ်ကြရသည်။ စစ်အာဏာသိမ်းခဲ့သည့် ၁၉၆၂ မှစ၍ တိုင်းပြည်ဘဏ္ဍာ ကြိုက်သလိုသုံးပြီး စစ်တပ်အင်အား တိုးချဲ့မှုများ ယနေ့အချိန်အထိလည်း ရပ်တန့်မသွား၊ အဆင့်တက် ဘက်စုံတိုးချဲ့မှုများ လုပ်နေသည်။ အနုမြူလက်နက်အထိ စိတ်ကူးမျှော်မှန်းချက်များ ရှိနေကြောင်းလည်း ကြားသိနေရသည်။ ဤတိုင်းပြည်မှာ ဘာမို့လို့ ခံနိုင်မှာတဲ့လဲ။ ဤကဲ့သို့သော စစ်အင်အား တိုးချဲ့နေမှုများသည် နိုင်ငံနှင့်ပြည်သူ ကာကွယ်ရေး အဓိကမဟုတ်၊ စစ်အာဏာရှင်စနစ် ပိုမိုခိုင်မြဲရေးအတွက် စိတ်ကူးမျှော်မှန်းချက်များ လက်တွေ့အကောင် အထည်ဖော်နေမှုဖြစ်ကြောင်း အထင်အရှားပြနေခြင်းဖြစ်သည်။ တိုင်းပြည်မှာ အင်အား အတော်အတန် တောင့်တင်းသော အမျိုးသားတပ်မတော်တရပ် ရှိရမည်မှန်ပါသည်။ သို့သော်လည်း ပြည်သူလူထု ဘယ်အခြေဆိုက် နေပြီလဲ။ ချင့်ချိန်ရမည်။ ပြည်သူအချို့၏ဘဝ ရပ်တည်မရလောက်အောင် စားဝတ်နေရေး ပြေးလွှားရှာဖွေ စားသောက်နေရသည့် အဖြစ်များ၊ ပတ်ဝန်းကျင် နိုင်ငံတိုင်းလိုလိုမှာ အထင်သေး အမြင်သေး ပေးသမျှလုပ်ခဖြင့် လုပ်အား ရောင်း စားနေကြရသည့် အခြေအနေဖြစ်နေသည်။ စစ်အင်အား အဆမတန်တိုးချဲ့နေသည့် အာဏာပိုင်များ ဤအဖြစ်များကို ထည့်မတွက်၊ စစ်အာဏာရှင်စနစ် ခိုင်မြဲရေးကိုသာ ဇောက်ချ လုပ်ဆောင်နေကြသူများဖြစ်သည်။

စစ်အာဏာရှင်စနစ် တည်ရှိနေသမျှ ပြည်တွင်းစစ် ရပ်စဲနိုင်လိမ့်မည်မဟုတ်၊ ပြည်တွင်းစစ်မရပ်စဲနိုင်လျှင် အမျိုးသား ရင်ကြားစေ့ရေးမဖြစ်နိုင်သလို အမျိုးသား သွေးစည်းညီညွတ်ရေး တည်ဆောက်မရနိုင်ပါ။ အမျိုးသား သွေးစည်းညီညွတ်ရေး မတည်ဆောက်နိုင်ဘဲ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီတို့၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တို့ ကြွေးကြော်နေခြင်းသည် အဆံမပါသည့် သင်္ကြန်အမြောက်သာဖြစ်သည်။ မည်သည့်နိုင်ငံရေးပြဿနာကိုမှ ပြေလည်အောင် ဖြေရှင်းနိုင်မည်မဟုတ်ပေ။ အာဏာရစစ်အုပ်စု လက်ရှိအခြေအနေ မည်သို့ရှိပါသနည်း။ စစ်အာဏာရှင်စနစ် သဏ္ဌာန်ပြောင်းအုပ်ချုပ်ရေး ပြင်ဆင်မှုများ အတော်ခရီး ရောက်နေပြီ ဟု ဆိုရလိမ့်မည်။ ပြည်သူလူထုနှင့် စစ်အုပ်စု အတိုက်အခံ ဒီမိုကရေစီ အင်အားစု အသီးသီး အပြင်၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာကပါ ဝိုင်းဝန်းဆန့်ကျင် တောင်းဆို ကန့်ကွက်နေသည့်ကြားက ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် ဘေးချိတ်ပြီး အမျိုးသား ညီလာခံမှအစ၊ စစ်အာဏာရှင်စနစ် အခြေခံသော ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ ဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲတို့ကို ဇွတ်အတင်း တစ်ဖက်သတ်ကျင်းပခဲ့သည်။ ၎င်းတို့ လမ်းပြမြေပုံအတိုင်း ဘူတာစဉ် အတော်များများ ဖြတ်ကျော်သွားပြီဟု ဆိုနိုင်သည်။ သို့သော်လည်း ပြည်သူလူထု ထောက်ခံအားပေးမှု အမှန်တကယ်မရရှိမှန်း သိနေ၍ သတိကြီးစွာထား ဖိ

နိုပ်ချုပ်ချယ်ရေး နည်းနာသုံး၊ ရှေ့ဆက်လှမ်း လိမ့် မည်။ စစ်အာဏာရှင်စနစ် သဏ္ဍာန်ပြောင်းကျင့် သုံးရေး၊ စစ်ယူနီဖောင်းချွတ် အရပ်ဝတ် ပြောင်းဝတ်၍ သိက္ခာမဲ့စွာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြပြန်လိမ့်ဦးမည်။ အလျှော့ပေး နောက်ဆုတ် လိမ့်မည်မဟုတ်ပေ။ ပြည်သူလူထုနှင့် ဒီမိုကရေစီ အင်အားစုအသီးသီး မျှော်လင့်စောင့်စားနေသည့် ဒီမိုကရေစီနိုင်ငံရေး အပြောင်းအလဲ၊ အမျိုးသားရင်ကြားစေ့ရေး အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက်ရန်တို့ကို စစ် အာဏာရှင်များ ထည့်သွင်းစဉ်းစား လုပ်ဆောင်မည်မဟုတ်။ ၎င်းတို့ခင်းထားသည့်လမ်း ၎င်းတို့ လျှောက်ကြလိမ့်မည်။ ပြည်သူလူထုဘက်ကတော့ စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲရလဒ်အစား ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကို မျှော်လင့်ခြင်းကြီးစွာဖြင့် ပို၍ကြိုဆို တက်တက်ကြွကြွ ထောက်ခံပြနေသည်။ ဒီမိုကရေစီအင်အားစုများအနေဖြင့် ပြည်သူလူထုဆန္ဒသဘောထား အစစ်အမှန်ကို ဆုပ်ကိုင်ပြီး အမျိုးသားသွေးစည်းညီညွတ်ရေးအတွက် အမျိုးသား ရင်ကြားစေ့ရေးကို ဘယ်လိုရ အောင်အကောင်အထည်ဖော်မလဲ။ တဖွဲ့တပါတီ လုပ်ဆောင်နေရုံဖြင့် အောင်မြင်နိုင်မည်မဟုတ်၊ ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ရမည့် အချိန်ရောက်နေပြီ။ စစ်အစိုးရကတော့ စစ်အာဏာရှင်စနစ် မွမ်းမံရေး ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေဖြင့် အကာအရံ အတားအဆီးကြီး လုပ်ထားသည်။ ယခင် ၉၀ ရာခိုင်နှုန်းကျော်ဖြင့် လုပ်ကြံအတည်ပြုခဲ့သည့် မဆလ၏ ၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအား တိုက်ဖျက်ခဲ့သည့် အတွေ့အကြုံ ပြည်သူလူထုတွင် ရှိထားပြီးဖြစ်သည်။ ယခုလည်း ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကို ၉၀ ရာခိုင်နှုန်းကျော်ဖြင့် လုပ်ကြံထားပြန်လေပြီ။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ တိုက်ဖျက်ရေး ဝိုင်းဝန်းလုပ် ဆောင်ကြရလိမ့်မည်ဟု မြင်ပါသည်။ အိမ်ဆောက်ချင်လျှင် အိမ်ဝင်းရှိရန်လိုသည်။ တောင်ယာစိုက်ချင်လျှင် တောထွင်ရှင်းလင်းရမှာ ဓမ္မတာသာ ဖြစ်သည်။ ။

မောင်စိန်သော်

၁၈– ၁၁– ၂၀၁၀ ။

## လှည့်ကွက်

ငယ်ငယ်က ကျောင်းသွားလမ်းမှာ ဈေးကို ဖြတ်သွားရပါသည်။ တခါတရံ ဈေးစောစောသိမ်း၍ ဈေးကွက်လပ်မှာပင် မျောက်ပွဲသော်လည်းကောင်း၊ မျက်လှည့်ပွဲသော်လည်းကောင်း ပြသသည်ကို ကျောင်းနောက်ကျခံကာ ကြည့်ခဲ့သည်များ ရှိပါသည်။ ထိုအထဲတွင် ခွေးဆပ်ကပ်များလည်း ပါတတ်သည်။ ကျွန်တော်အကြိုက်ဆုံးကတော့ မျက်လှည့်ပွဲ။ မျက်လှည့်ကို မှန်ပြောင်း ကြည့်ခိုင်းပြီး ပြသသည့်အကွက်များကိုလည်း ကြည့်ဖူးပါသည်။ မှန်ပြောင်းထဲမှ မြင်ကွင်းကိုသာ မြင်ရပြီး အထဲတွင် ဘယ်လိုလိမ်သည်ကိုသာ ကြည့်ရပါသည်။ အပြင်မှာ လိမ်နည်းနှင့်တော့ လားလားမှ မတူ။ အပြင်လိမ်နည်းက တခုကို အာရုံပြပြီး နောက်တခုကို မေ့လျော့ထားအောင် လုပ်ကာ ဖြောင်လိမ် ဖြောင်စား လုပ်ပြခြင်းဖြစ်သည်။ ပွဲကတော့ ကျသလား မမေးနဲ့။ ဆရာ ဆရာမများ သည်ပင်လျှင် ခေါင်းလောင်းထိုးသံကြားမှ အပြေးအလွှား ကျောင်းတက်ကြသည်။

ဆူဆူ ဆူဆူ လူစုလို့ အနားသွားကပ် ကြည့်ပါသည်။ ရုံသွင်းမျက်လှည့်ပွဲလားလို့ပါ။ အနားရောက်မှ သိရသည်။ မဲထည့်ပွဲတဲ့။ သူများပြောလို့ ကြားဖူးပါတယ်။ အမောင် တောင်မှန်း မြောက်မှန်း မသိပါ။

ပြောသူက ပြောသည်။ တိုက်ရိုက်ပြောလို့ တိုက်ရိုက်ကြားပါသည်။ တဆင့်ကြား မဟုတ်ပါ။

ကြိုတင်မဲတွေက ပေးတဲ့မဲထက် ၂ ဆလောက် ပိုနေသည်။ ဥပဒေက ကြိုတင်မဲ မပေးရတဲ့။ တကယ်တမ်းမှာတော့ ပေးခွင့်ရအောင် လုပ်ပြီး ကြိုတင်မဲတွေနဲ့ချည်း အနိုင်ယူတာတဲ့။ မဲစာရင်းဆိုတာ ဝါဇီကထုတ်တဲ့ မြန်မာငွေလိုပဲတဲ့။ ကြိုက်သလို စာရင်းပြလို့ ရသတဲ့။ သူတို့စာရင်းမှန်ကြောင်း ဘယ်သူ့ကိုမှ သက်သေမပြ။ ဘယ်သူနဲ့မှလည်း သက်သေပြတာ မရှိဘူးတဲ့။ ဒီတော့ ဘယ်သူကများ ဘယ်သူ့ကို ယုံရမှာလဲ။ ဩော်… ငယ်ငယ်က မှန်ပြောင်းနဲ့ အကြည့်ခိုင်းတဲ့ မျက်လှည့်ပြကွက်မျိုးပေါ့။ ဥပဒေပါ ပုဒ်ထီး ပုဒ်မတွေက မှန်ပြောင်းတမျိုးလိုပဲ။ တခြားကို မမြင် မကြည့်ခိုင်းတော့။

ဥပဒေမှာ မပါတဲ့ ကြိုတင်မဲထက် ဆယ်ဆလောက်ဆိုးတာက အရပ်ကတို့ ပြောနေကြတဲ့ ခိုးမဲ၊ မှောင်ခိုမဲတဲ့။ ဘယ်ကလာ မှောင်ခိုရမလဲ။ မျက်နှာအုပ်ပြီး မစင်စွန့်သလို အရှက်မရှိလေခြင်း။

မဲပေးနိုင်တဲ့ လူစာရင်းက ရွာမှာ တကယ်ရှိတဲ့ လူစာရင်းထက် ၃ ဆ များနေသည်။ (များတဲ့၊ အပိုပြတဲ့) မဲစာရင်းပါမဲတွေက ကြံ့ဖွံ့ဝမ်းဗိုက်ထဲ အားလုံးရောက်တာတဲ့။ တရွာလုံးက ကန့်ကွက်လျှင်သော်မှ ၂ ဆက သူ့အိတ်ဝင်အောင် ဖန်တီးထားတဲ့ ဟချလောင်း လှည့်ကွက်။

ဒီတကွက် တတ်ရုံလေးနဲ့ ၂၀၁၀ လွှန်ရင် အမတ်ဖြစ်ဦးမည်။ ဩော်…အကုသိုလ်ကံ အကျိုးပေးလေခြင်း။ ရွာဦးကဆရာတော်ဘုရားက ဟောဖူးသည်။ မကောင်းမှုဆိုတာ အပ်ဝင်လျှင် ပုဆိန် ထွက်တတ်တယ်တဲ့။

**မောင်အေးနိုင်**

၃၀–၁၁–၂၀၁၀

တော်လှန်ရေးရုပ်ပုံလွှာ

# နိုင်ငံမဲ့ချင် မဲ့ အဘိဓမ္မာတော့ မမဲ့ခဲ့လေသူ

## ( ဆရာရာဂျန် သို့ အမှတ်တရ )

( ဝင်းတင့်ထွန်း )

( ၁ )

၁၉၈၂ ခုနှစ်က စစ်ထောက်လှမ်းရေးတွေက ကျွန်တော့်ကို ဖမ်းဆီးလိုက်ကြချိန်မှာ၊ ဘာကိစ္စတွေနဲ့များ အဖမ်းခံလိုက်ရလေသလဲလို့တောင် ကိုယ့်အဖြစ် ကိုယ်မစဉ်းစားနိုင်သေးခင်မှာ၊ ရင်ထဲ တရစ်ဝဲဝဲကပ်ပါလာခဲ့တဲ့ မမေ့နိုင်စရာ ဖြစ်ရပ်ပုံလေးတွေက တိုက်တိုက်ဆိုင်ဆိုင် နှစ်ခုတောင်မှ ရှိနေခဲ့ပါတယ်။ တခုက ဆရာစွမ်း(ဆရာမောင်စွမ်းရည်) နဲ့ပတ်သက်ပါတယ်။ ဆရာစွမ်းက သူ့ရဲ့အထွေးဆုံး သမီးလေး 'ကြာဖြူ' ကို တိုက်ကျွေးဖို့ နို့မှုန့်နှစ်ပူးဖိုး ငွေအစိတ် ပေးလိုက်တာ အိတ်ကပ်ထဲ ကပ်ပါလာခဲ့တဲ့ ကိစ္စ။ 'ဒီအရင်က နို့မှုန့်ဝယ်ပေးဖို့ တပူးပဲ မှာတတ်ရာက၊ အခုအဖမ်း ခံရမယ့်အခေါက် ရောက်မှ 'ဒီတခါတော့ ပိုက်ဆံလေး လက်ထဲရှိနေတုန်း– သမီးအတွက် နှစ်ပူးသာ ဆွဲပေးဗျာ–' လို့ ပြောရင်း ပိုက်ဆံ အစိတ်ကို ထုတ်ပေးလိုက်တဲ့ ဆရာစွမ်းရဲ့ မျက်နှာကြီးကို မကြာခဏ သတိရနေမိပြီး စိတ်မကောင်းဖြစ်ရပါတယ်။ 'အင်း– ဒီအချိန်လောက်ဆိုရင်တော့၊ ဆရာစွမ်းကြီးခမျာ– ဒီကောင် ဘယ်များ သဝေထိုးနေလဲ မသိဘူး၊ ခါတိုင်း လာနေကျဟာ အခုမှကွာ–' ဆိုပြီးများ လာနိုးလာနိုးနဲ့ လည်တဆန့်ဆန့်ဖြစ်နေ လေမလား။ အဆွဲခံလိုက်ရတာကို တနည်းနည်းနဲ့သိသွားလောက်ပြီး ဆရာစွမ်းပါ မျက်ခုံးလေး ဘာလေး လှုပ်နေလေရော့မလား– –တောင်တွေး မြောက်တွေး တွေးမိရင်းက စိတ်မကောင်းကြီးစွာ ခံစားရပါတယ်။

နောက်ထပ်တခုကတော့–ဆရာရာဂျန်နဲ့ ပတ်သက်နေပါတယ်။

အဲဒီ အဖမ်းခံရတဲ့ ညက– အဖမ်းမခံရခင် ညနေစောင်းလောက်မှာပဲ ဆရာရာဂျန်–ရယ်၊ ကိုကျော်လှိုင်ကြီးရယ်၊ ကျွန်တော်ရယ်ဟာ မကြာခဏ ကျွန်တော်တို့တွေ ထိုင်နေကျနေရာတခုဖြစ်တဲ့ မြို့လည်လမ်းဘေး လက်ဖက်ရည်ဆိုင်လေး တခုမှာ အတူထိုင်ခဲ့ကြရင်း၊ ဆရာက မနက်ဖန် မနက်မှာ တောင်ဥက္ကလာက သူ့အိမ်ကို လာဖြစ်အောင်လာဖို့ ပြောနေခဲ့ပါတယ်။ ကိစ္စကတော့– နောက်နေ့ မနက်မှာ သူ့သားကြီး ကိုဇော်ဝင်းရဲ့ ကျူရှင်ကျောင်းလေး ဖွင့်မယ့်ကိစ္စပါ။ ဆရာ့မှာ သမီးအကြီးဆုံး မသန်းဝင်းရဲ့နောက်မှာ သားကြီးကိုဇော်ဝင်း ရှိပါတယ်။ ထောင်ကထွက်လာပြီးစ ဘာအလုပ်အကိုင်မှ မရှိသေးတဲ့ကိုဇော်ဝင်းကို ဆရာက သူ့လိုပဲ ကျူရှင်ဆရာလုပ်ဖို့ စီစဉ်ပေးပါတယ်။ မတူတာက – ဆရာကိုယ်တိုင်ကတော့ အိမ်တိုင်ယာရောက် သွားသင်ရတဲ့ ကျူရှင်ဆရာ စာပြဆရာ။ သူ့သားကြီး ကိုဇော်ဝင်းကိုကျတော့ စာသင်ခန်းကျောင်းခန်းလေးလုပ်ပြီး အဲဒီစာသင်ခန်း ကျောင်းခန်းလေးနဲ့စာပြရတဲ့ ရပ်ကွက်တွင်းက ကျူရှင်ဆရာအဖြစ် စီစဉ်ပေးခဲ့ပါတယ်။ အဲဒီလို စာသင်ခန်းကျဉ်းကျဉ်းလေးနဲ့ ကျူရှင်ဆရာအဖြစ် စာသင်အလုပ်ကလေး ဖြစ်အောင် ဖန်တီးပေးရတာတောင် ဆရာ့မှာ အခက်အခဲတခု ဖြစ်ရတာကတော့၊ ကျူရှင်လာတက်ကြမယ့် ကျောင်းသူကျောင်းသားတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ မည်ကာမတ္တသစ်သားထိုင်ခုံနဲ့ စာရေးခုံတန်းရှည်လေးတွေ လုပ်ပေးဖို့တောင် ငွေပိုငွေလျှံ တပြားတချပ်မှ မရှိတဲ့ အခက်အခဲပါပဲ။ တကယ်က ဆရာ့မျက်နှာနဲ့ ဆိုရင် အဲဒီအခက်အခဲအတွက်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်က ဦးစောလွင်ကိုဖြစ်ဖြစ်၊ ဥက္ကဋ္ဌသခင်ဇင်ရဲ့ ဇနီး ဒေါ်ဒေါ် ဒေါ်ကြည်ကြည်ကိုဖြစ်ဖြစ်၊ ဥက္ကဋ္ဌသခင်သန်းထွန်းရဲ့ ဇနီး ဒေါ်ဒေါ် ဒေါ်ခင်ကြီးကိုဖြစ်ဖြစ် ပြောပြ လိုက်မယ်ဆိုရင် ဘာမှ အဆင်မပြေစရာ မရှိနိုင်ပါ။ ဒါပေမဲ့ ဆရာက အဲဒီလိုမျိုး မလုပ်။ သူ့ စိတ်ထဲ အကြောင်းမျိုးစုံ တွက်ဆပြီး အပေ့ါပါးဆုံး စဉ်းစားဆုံးဖြတ် ရွေးချယ်လေသလား မသိပါ။ ဆရာက ကျွန်တော့်ကိုပဲ ရင်းရင်းနှီးနှီး ဖွင့်ဟပြီး– " ခင်ဗျား–ကျွန်တော့်ကို အဲဒီအတွက် ပိုက်ဆံ (၁၅၀) လောက် မဖြစ်ဖြစ်အောင် လုပ်ပေးဦး။ ကျူရှင်ပြဖို့ စာသင်ခန်းလေးဖြစ်ဖို့ မရှိမဖြစ်ပစ္စည်း အဲဒီစာသင်ခုံနဲ့ ထိုင်ခုံလေးတွေလုပ် ဖို့ကလည်း (၁၅၀ –၂၀၀) လောက် ကုန်မယ်–တဲ့။ ကျွန်တော် ဘယ်သူ့ဆီမှလည်း မပြော



ချင်ဘူး။ ခင်ဗျားဘာသာ ကြည့်ကြက်လုပ်ပေးဦး–" တဲ့။ အဲဒီလို ယုံယုံကြည်ကြည်နဲ့ ရိုးရိုးရှင်းရှင်းကြီး ပြောလာတာကြောင့်၊ ကျွန်တော့်မှာလည်း ပိုက်ဆံအပိုအလျှံ တပြားတချပ်မှ ရှိသူမဟုတ်ပေမယ့် ကျွန်တော့်ရုံးက ငွေစုငွေချေးအသင်းကနေ ငွေ(၁၅၀)ချေးပြီး ဆရာ့လက်ထဲ ဆရာစိတ်ချမ်းသာအောင် ထည့်ပေးလိုက်နိုင်ခဲ့ပါတယ်။ အဲဒီလို ငွေထည့် ပေးလိုက်နိုင်ပြီးလို့ တပတ်ဆယ်ရက်လောက် အကြာမှာပဲ၊ ကျွန်တော်အဖမ်းခံရမယ့်ရက်–ကျွန်တော်အဖမ်းခံရမယ့်ည မတိုင်ခင် ညနေစောင်းလောက်မှာပဲ၊ ဆရာနဲ့လဖက်ရည်ဆိုင် အတူထိုင်ဖြစ်ကြတော့–ဆရာက "မနက်ဖြန် မောင်ဇော်ဝင်းကြီးရဲ့ ကျူရှင်ခန်းလေး စ ဖွင့်မယ်၊ အဲဒါ ထိုင်ခုံတွေက ခင်ဗျား ရှာပေးတဲ့ ပိုက်ဆံတွေနဲ့ လုပ်ထားတာ၊ ခင်ဗျား လာဖြစ်အောင်လာနော်။ ကျောင်းခန်းလေး စဖွင့်တဲ့ အထိမ်းအမှတ်သဘော– ကျောင်းတက်မယ့် မောင်ဇော်ဝင်းရဲ့ ကျောင်းသားလေးတွေကို မုန့်ဟင်းခါးချက်ပြီး ကျွေးရင်း ဖွင့်မလို့ ပြင်ထားတယ်။ ကျွန်တော်တို့ မိသားစု ရယ်၊ ကိုကျော်လှိုင်နဲ့ ခင်ဗျားနဲ့ရယ်ကလွဲလို့ တခြားသူ ဘယ်သူ့မှ မခေါ်ထား မဖိတ်ထားဘူးဗျ။ အဲဒါ မနက်ဖန်မနက် လာဖြစ်အောင် လာနော်၊ ကျွန်တော် စောင့်နေမှာ —" တဲ့။ အဲဒီမှာ ကျွန်တော်တို့နဲ့အတူ ထိုင်နေတဲ့ ရခိုင်ကိုကျော် လှိုင်ကြီးက ပြုံးပြုံးကြီးနဲ့ "စိတ်ချဆရာ–လာမယ် လာမယ်" လို့ သွက်သွက်လက်လက်ပြန်ပြောရင်းက ကျွန်တော့်ကိုကြည့်လိုက်ပြီး "ဟေ့ကောင် မင်းနဲ့ငါ အတူသွားမယ်၊ မင်းကို ငါ လာခေါ်မယ်"လို့ တပါတည်း အချိန်းအချက် လုပ်ပါလေတော့တယ်။ ကျွန်တော်တို့ လဖက်ရည်ဆိုင်လေးထဲကနေ ထွက်လာခဲ့ကြချိန်အထိ ဆရာက "မနက်ဖန် လာဖြစ်အောင် လာနော်– ကျွန်တော် စောင့်နေမှာ–" လို့ တရရ ထပ်ပြီးမှာနေတော့ "စိတ်ချဆရာ၊ လာကို လာမယ်၊ ဟောဒီ ကိုကျော်လှိုင်ကြီးပဲ မေ့ပြီး လာမခေါ်ရင်တော့ ကျွန်တော်တယောက်တည်း ဆရာ့အိမ် မလာတတ်ဘူး၊ သူ လာ မခေါ်ရင်တော့ ကျွန်တော့်ပျက်ကွက်မှု မဟုတ်ဘူးနော် ဆရာ"လို့တောင် ခပ်နောက်နောက် ပြောလိုက်မိသေးတယ်။ ဆရာက ခေါင်းလေးတချက် ညိတ်လိုက်ပြီး၊ သူ့ ရဲ့ ထုံးစံအတိုင်း ခေါင်းလေးတမော့်မော့်နဲ့ ပြုံးပြုံးကြီး ထွက်သွားပါတော့တယ်။ ကိုကျော်လှိုင်ကြီးနဲ့လည်း အသေအချာ ထပ်ချိန်းဆိုပြီး ကျွန်တော်တို့ လူချင်း ခွဲလာခဲ့ပါ တော့တယ်။ အဲဒီနေ့ညမှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်လည်း စစ်ထောက်လှမ်းရေးက သတ္တဝါတွေရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပါတော့တယ်။

တညလုံးလုံး စစ်ထောက်လှမ်းရေးသတ္တဝါတွေက ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းကို မေးလိုက်မြန်းလိုက် မှတ်တမ်းတင်လိုက်၊ ဓာတ်ပုံရိုက်ယူတဲ့ကောင်က ဓာတ်ပုံလာရိုက်လိုက်နဲ့ တညလုံးတမေ့းမှ အိပ်ခွင့်မရတဲ့အတွက် လူကခပ်နွမ်းနွမ်းဖြစ်နေရတဲ့ကြားထဲက မနက် လင်းလာတဲ့အချိန်မှာတော့၊ "အင်း ဒီအချိန်ဆိုရင်တော့ ကိုကျော်လှိုင်ကြီးများ ငါ့ဆီ ရောက်နေလောက်ပြီလား" လို့တထင့်ထင့်တွေးနေမိသလို၊ သည့်ထက်သည် နေမြင့်ချိန်တွေရောက်တော့လည်း "ဆရာတော့–သူ့သား ကျူရှင်ကျောင်းလေး ဖွင့်ပွဲအတွက် ငါ့ကို တမျှော်မျှော်စောင့်ရင်း၊ လာနိုးလာနိုးနဲ့ ဖြစ်နေလောက်ပြီ ထင်တယ်"နဲ့ အတွေးတွေ ပွားမိနေရကာ စိတ်မကောင်းဖြစ်နေမိရပါတော့တယ်။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် မမေ့စရာကြီးပါပဲ။ ဆရာစွမ်းမျက်နှာ တလှည့်၊ ဆရာရာဂျန်မျက်နှာ တလှည့်– အာရုံထဲမှာ တရစ်ဝဲဝဲ မြင်ယောင်နေခဲ့မိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဘာမှ မတတ်နိုင်တော့။

ထောက်လှမ်းရေး(၆)ထဲ ဖမ်းဆီးထားရာကနေ အင်းစိန်နရသိန်ထောင်ထဲ အပို့ခံလိုက်ရပြီးတဲ့နောက်ပိုင်း၊ နေ့တိုင်းလိုလို စစ်ကြောမေးမြန်းကြ၊ အမျိုးမျိုးအဖုံဖုံ နှိပ်စက်ကလူ ပြုကြတဲ့ အချိန် မှာလည်း ဆရာစွမ်း ဆရာဂျမ်းတို့နဲ့ ပတ်သက်ပြီး တရက်သပ်သပ် စစ်ဆေးမေးမြန်းတာ ခံခဲ့ရပြန်သလို၊ ဆရာရာဂျန်၊ လေထီးဗိုလ်အုံးမောင်တို့နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော့်မှာ သီးသန့်စစ်ကြော မေးမြန်းတာ ခံခဲ့ရပြန်ပါတယ်။ ဆရာဂျမ်း–ဆရာစွမ်းတို့ နဲ့ပတ်သက်တဲ့ စစ်ကြောမေးမြန်းချက်တွေမှာတော့– 'သူတို့က တကယ့် ကဗျာဆရာကြီးတွေ၊ ကျွန်တော်ကလည်း ကဗျာဆရာလေ။ အဲဒါကြောင့် စာပေအနုပညာအရပဲ ပတ်သက်တာ၊ တခြားဘာမှ ပတ်သက်မှုမရှိ ' ဆိုပြီးပဲ ဖြေခဲ့ရတယ်။ အမျိုးမျိုးအဖုံဖုံ စွပ်စွဲချက်တွေနဲ့ လှည့်ပတ်ဒုက္ခပေး မေးမြန်းတာမျိုးတွေ တနေကုန်နီးပါး လုပ်ခဲ့တာ ခံခဲ့ရပေမယ့် နှိုင်းယှဉ်ချက်အရ လွယ်လွယ်ကူကူပဲ ပြီးစီးသွားခဲ့ပါတယ်။ လေထီးဗိုလ်အုံးမောင်၊ ဆရာရာဂျန်တို့နဲ့ ပတ်သက်ပြီး အစစ်ဆေး ခံရမှုတွေမှာကျတော့ တော်တော်နဲ့မပြီး၊ ကျွန်တော့်မှာ အလူးအလိမ့်ကို ခံခဲ့ရပါတော့တယ်။ ဆရာတို့က နိုင်ငံရေးအရလည်း တကယ့်ပုဂ္ဂိုလ်ကြီးတွေ မဟုတ်လား။ (အဲဒီတုန်းက) အသားထဲက 'လောက်'–အဓိကတာဝန်ရှိသူ အကြီးစားသစ္စာဖောက်ကလည်း သူသိထားရာတွေ အကုန် လျှောက်ဖော်ရုံမက၊ သူ့လိုပဲ အမြီးပြတ် အဖော် ဖြစ်စေရေး မနောယုတ်နဲ့ သူ ဂဃနဏ သိထားတာမဟုတ်တဲ့ စောင်းပါးရိပ်ခြည် ကိစ္စမျိုးတွေကိုပါမချန်၊ ဆရာတို့နဲ့ ပတ်သက်တဲ့ကိစ္စတွေကိုကျတော့ ကျွန်တော့်ပခုံးပေါ် ပစ်တင်ပြီး ဖော်ထားတော့၊ ကျွန်တော့်မှာ ကျောကော့အောင် ခံရပါတော့တယ်။ အဲဒီ 'လောက်'က သူထင်ထားတဲ့ သူသိထားတဲ့ ဆယ်ရာခိုင်နှုန်းလောက်ကို ဖော်လိုက်ပြီး၊ ကျန် ကိုးဆယ်ရာခိုင်နှုန်းကိုတော့ ကျွန်တော့်ကိုပဲ မေးလိုက်၊ ကျွန် တော်သိနိုင်တယ်ဆိုတဲ့ ဖော်နည်းကားမျိုးနဲ့ ကျွန်တော့်ပခုံးပေါ် ပစ်တင်ပြီး၊ ကျွန်တော့်ဘက်က မခံနိုင်လို့ အချက်အလက်သစ်တွေ ထပ်ပေါ်လာရင်လည်း 'ကျွန်တော်လည်း သူ့လိုပဲ ဖော်ရတာပါ၊ ဒါက သူဖော်တာမဟုတ်–ကျွန်တော်ဖော်တာပါ'မျိုးဖြစ်အောင် တမင် ကောက်ကောက်ကျစ်ကျစ်နဲ့ ဖော်ထားတော့၊ ထောက်လှမ်းရေးက သတ္တဝါတွေက ကျွန်တော့်ကို တော်တော်ကို သဲကြီးမဲကြီး ဖိန့်မောင်းတိုက်ပြီး စစ်ကြောရေးဝင်ကြပါလေတော့တယ်။ 'လေထီးအုံးမောင် ဆိုတဲ့ထော့ကျိုးနဲ့ မင်းဘယ်လို ပတ်သက်သလဲပြော'၊ 'ရာဂျန်ဆိုတဲ့ ကုလားကြီးနဲ့ မင်းပတ်သက်သမျှ အကုန်ပြောစမ်း' 'အဲဒီ ကုလားကြီးရာဂျန်နဲ့ မင်း ဘယ်လိုပတ်သက်ခဲ့သလဲ ပြော' စတဲ့ စတဲ့– ရင့်ရင့်သီးသီး ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုမှုတွေနဲ့ကို အတင်းအဓမ္မ စစ်ဆေးကြတော့တာပါပဲ။ ကျွန်တော်က ဘာမှမသိဘူး ငြင်းလေ၊ ကျွန်တော့်ကို ထုကြနှက်ကြလေနဲ့ ကျွန်တော့်မှာ ရေဆုံးရေဖျားကို အနာခံရ အဆော်ခံရတော့တာပါပဲ။ ကျွန်တော့်ဆီက တစုံတရာ ပေါ်လာလို့ 'ငြိ'စရာတွေ ထွက်လာလို့ကတော့၊ လေထီးဗိုလ်အုံးမောင်နဲ့ ဆရာရာဂျန်တို့လို ပုဂ္ဂိုလ်ကြီးတွေကိုပါ ထောင်ထဲ ဆွဲသွင်းလိုက်ကြမှာကတော့ သေချာနေပါတယ်။ အချိုးကြီးရလိုက်ပြီ ဆိုပြီးတော့တောင် အူမြူးသွားကြမှာလည်း သေချာပါတယ်။ ဒါကြောင့် စစ်ခွေးတွေဘက်က မတော်မတရား အဓမ္မနည်းလမ်းပေါင်းစုံနဲ့ စစ်ကြောရေး ဝင်ခဲ့ကြ၊ ရေဆုံးရေဖျား လိုက်ခဲ့ကြသလို၊ ကျွန်တော့်မှာလည်း မရှုမလှ အနာတရတွေနဲ့ပဲ ရေဆုံးရေဖျားခံခဲ့ရပါတော့တယ်။

ကျွန်တော် ထောင်က လွတ်လာပြီးတဲ့နောက်မှာ ဆရာဂျမ်းနဲ့ ဆရာစွမ်းကိုတော့ သူတို့နဲ့ပတ်သက်ပြီး ကျွန်တော့်ကို စစ်ဆေးခဲ့ကြတာတွေ ကို ပြန်ပြောပြနိုင်ခဲ့ပါတယ်။ နို့မှုန့်ဖူးဖိုး ငွေအစိတ်ကိစ္စကိုတော့

ဆရာစွမ်းကို သာမက၊ အရွယ်ရောက်နေပြီဖြစ်တဲ့ ဆရာစွမ်းရဲ့သမီးတွေး ကြာဖြူကိုပါ ရယ်ရယ်မောမော ပုံပြင်ပြောသလို ပြောပြနိုင်ခဲ့ပါတယ်။ ဦးလေးလေထီးဗိုလ်အုံးမောင်ကတော့ ကျွန်တော် ထောင်ကအထွက်မှာ သူကိုယ်တိုင် သူ့အိမ်မှာ ကျွန်တော့်ကို ထမင်းသပ်သပ် ဖိတ်ကျွေးသေးတဲ့အတွက်၊ သူ့ကိုလည်း အဲဒီတုန်းကကိစ္စတွေကို ကျွန်တော် ကောင်းကောင်းမွန်မွန် လတ်လတ်ဆတ်ဆတ်ကြီး ပြန်လည်ပြောပြနိုင်ခွင့် ရခဲ့ပါတယ်။ ဆရာ့ကိုတော့ – ဆရာရာဂျန်ကို တော့ ကျွန်တော် ဘယ်လိုမှ ပြန်လည်ပြောပြနိုင်ခွင့်မရခဲ့တော့ပါ။ ဘာ့ ကြောင့်လဲ။ –

ကျွန်တော် ထောင်ကျနေစဉ်အတွင်းမှာပဲ ဆရာက ဆုံးပါးကွယ်လွန်သွားခဲ့ရပါပြီ။ ဆရာဆုံးပါးသွားရှာပြီဆိုတဲ့သတင်းကို အင်းစိန်ထောင် (၅)တိုက်အတွင်းကနေပဲ ကြားသိလိုက်ရပြီး ကျွန်တော့်မှာ တော်တော်ကို ကြေကြေကွဲကွဲ ခံစားလိုက်ရပါတယ်။ တနေ့နေ့မှာတော့–ဆရာ့အကြောင်း ဆရာ့ရုပ်ပုံလွှာကို အမှတ်တရ ရေးကိုရေးဦးမယ်လို့လည်း အကြိမ်ကြိမ်တွေးထားမိခဲ့ပေမယ့်၊ အကြောင်းကြောင်းကြောင့် နှစ်ပေါင်းများစွာ ကျွန်တော် ရေးခွင့်မရခဲ့ပါဘူး။ မရေးနိုင်ခဲ့ပါဘူး။ အခုမှပဲ––

ဆရာတို့ကိုယ်တိုင် အင်မတန်အလေးထားခဲ့တဲ့ ‘အရေးတော်ပုံဂျာနယ်’ အသစ်တဖန် တကျော့ပြန် ပြန်လည်ထွက်ပေါ်လာချိန်မှာမှ – ဆရာအတွက် အမှတ်တရကို ဒီ‘အရေးတော်ပုံဂျာနယ်’မှာပဲ မှတ်မှတ်ထင်ထင် တိုက်တိုက်ဆိုင်ဆိုင် ဖော်ပြနိုင်ခွင့်ရခဲ့တာ အပေါ်မှာတော့ နှစ်ပေါင်းများစွာ မရေးဖြစ်ခဲ့ရသေးတာကိုတောင် ကြံဖန်ကျေးဇူးတင်မိသလိုလို ဖြစ်မိရင်း ကျွန်တော် ကျေနပ်မိရပါတယ်။

ဆရာကိုယ်တိုင်ကလည်း ဗမာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းမှာ၊ အထင်ကရ ပေါ်ပေါက်ခဲ့တဲ့ အရေးတော်ပုံတွေ တလျှောက်မှာ – အရေးတော်ပုံ တပ်သားကောင်းကြီးတဦးမဟုတ်လား၊ တကယ့်အရေးတော်ပုံတပ်သားဟောင်းကြီးတဦး ဖြစ်ခဲ့တယ် မဟုတ်လား–

(၂)

ဆရာရာဂျန်ကို ‘ဆရာရာဂျန်’လို့ ရှေ့မှာ ‘ဆရာ’ တပ်ပြီး ခေါ်ကြတာကတော့၊ နိုင်ငံရေးနယ်ထဲ ခြေစုံပစ်ပြီး မဝင်ခင်က ကျောင်းဆရာလုပ်ခဲ့ဖူးတာကြောင့်လို့ ဆိုကြပါတယ်။ ‘သခင်ချစ်’ကို ချစ်ခင်ရင်းနှီးသူတွေက ‘ဆရာချစ်’ လို့ခေါ်ခဲ့ကြသလို၊‘ဆရာကွန်း’၊ ‘ဆရာမောင်ကြီး’၊ ‘ဆရာထွန်းရွှေ(နဂါးနီ ဦးထွန်းရွှေ)’ စသဖြင့်– ဗမာပြည်နိုင်ငံရေး လောကမှာ ဆရာတပ်ပြီး အခေါ်ခံရ၊ အမည်တွင်ခဲ့ရသူ အနည်းငယ်ကြားထဲမှာ ဆရာရာဂျန်လည်း တယောက်အပါအဝင်လို့ ဆိုရမှာပါ။

ဆရာဟာ ပညာတတ်တယောက် ဖြစ်ခဲ့ပါတယ်။ ဆရာ့ကို ကိုယ်တိုင် မေး မကြည့်ဖူးပေမယ့် ကိုကျော်လှိုင်တို့အဆိုအရ၊ အင်္ဂလိပ်ခေတ်စစ်ကြိုခေတ်ကတည်းက တက္ကသိုလ်မှာ ‘ရူပဗေဒဂုဏ်ထူးတန်း’ကျောင်းသားတယောက် ဖြစ်ခဲ့ပြီး၊ ရူပဗေဒဂုဏ်ထူးတန်းမှာ အဲဒီကာလတုန်းက (နောင် ဗမာပြည် ပညာရေးလောကမှာ ရူပဗေဒပါမောက္ခဖြစ်လာမယ့်) ဦးစံသာအောင်နဲ့ဆရာ – နှစ်ယောက်တည်းပဲ ဂုဏ်ထူးတန်းကျောင်းသား အဖြစ်ရှိခဲ့တယ်လို့တောင် ကြားနာရဖူးပါတယ်။

နယ်ချဲ့ ဆန့်ကျင်ရေးစိတ်ဓာတ် အလျှံတညီးညီး ပြင်းထန်လွန်းလှတဲ့ ဆရာရာဂျန်ဟာ စစ်မှန်တဲ့ တော်လှန်ရေးလမ်းကြောင်းပေါ် မလျှောက်လှမ်းနိုင်သေးခင် အစောပိုင်းကာလတွေကတည်းက အင်္ဂလိပ်နယ်ချဲ့သမားကို တုံးတုံးခါးခါး မုန်းတီးခဲ့ပြီး၊ ကိုလိုနီအုပ်စိုးသူဆိုးတွေကို လျှို့ဝှက် ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်ရေးအတွက် လျှို့ဝှက်ပေါ်ပေါက်လာခဲ့တဲ့ ‘အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ရေးအဖွဲ့’တွေနဲ့တောင် ပတ်သက်ခဲ့ဖူးသူဖြစ်ပါတယ်။ အင်္ဂလိပ်လက်အောက်ကနေ ရုန်းထွက်ဖို့ – အိုင်ယာလန်မှာ ‘ဆင်ဖိန်း’၊ အိန္ဒိယမှာ ‘ဘင်းဂေါတားရားရစ်’ တို့လို လျှို့ဝှက် အကြမ်းဖက် မြေအောက်အဖွဲ့ အစည်းကြီးတွေ ပေါ်ပေါက်ခဲ့သလို၊ ဗမာပြည်မှာလည်း မြေအောက်လျှို့ဝှက် တားရားရစ်အဖွဲ့ တွေ ပေါ်ပေါက်ခဲ့ရာမှာ ဆရာဟာ ရန်ကုန်က ဘင်္ဂါလီတက္ကသိုလ်ကျောင်းသားတွေ တချို့ပါဝင်တဲ့ ‘ဘင်္ဂါ တားရားရစ်’ အကြမ်းဖက်အဖွဲ့ တဖွဲ့မှာ ပါဝင်လှုပ်ရှားခဲ့ဖူးသူ ဖြစ်ခဲ့ဖူးပါတယ်။

“အဲဒီတုန်းကတော့ အဲဒီလို တားရားရစ်လုပ်ကြံရေးလှုပ်ရှားမှုတွေကို တော်လှန်ရေးလှုပ်ရှားမှုတွေလို့ ထင်မြင်ခဲ့မိပြီး–ကိုယ်တိုင်ကလည်း– တားရားရစ် အတွေးအခေါ်အယူအဆတွေကို တော်လှန်တဲ့ အတွေးအခေါ် အယူအဆလို့ ထင်ခဲ့ ယူဆခဲ့ သဘောကျခဲ့မိတာကိုး–ဗျ”လို့လည်း တဟဲဟဲရယ်ရင်း ကျွန်တော်တို့ကို တခါတော့ ဆရာကိုယ်တိုင် ရှင်းပြခဲ့ဖူးပါတယ်။

တားရားရစ်ဇင် (terrorism)ဟာ မှန်ကန်တဲ့အတွေးအခေါ် အယူအဆ မဟုတ်–ဆိုတာ သိမြင်လာပြီးတဲ့နောက်ပိုင်းမှာတော့၊ ဆရာဟာ ‘မာ့က်စ်ဝါဒ အဘိဓမ္မာ’ ကို ဆုပ်ကိုင်သူတယောက်အဖြစ် ပြောင်းလဲလာခဲ့ပါတယ်။

အင်္ဂလိပ်နယ်ချဲ့အောက်ကနေ ဖက်ဆစ်တွေရဲ့လက်အောက် ပြောင်းလဲကျရောက်ခဲ့ရပြန်တဲ့ ဂျပန်ခေတ်အတွင်းမှာလည်း၊ ဆရာဟာ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေထဲ ရှေ့တန်းကနေ ပါဝင်ခဲ့သူတယောက် ဖြစ် ခဲ့ပြန်ပါတယ်။ ဗြိတိသျှကိုလိုနီနယ်ချဲ့စနစ်ကို တုံးတုံးခါးခါး မုန်းတီးခဲ့သလို၊ ဂျပန်ဖက်ဆစ်စနစ်ဆိုးကိုလည်း ပြတ်ပြတ်သားသား ဆန့်ကျင်ခဲ့ပါတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေထဲမှာ ရိုးသားနိုးကြားတဲ့ ပင်ကိုယ်အခြေခံ စိတ်ဓာတ်အမှန်နဲ့ ဦးဦးဖျားဖျား တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ရာမှာ၊ သခင်ကျော်စိန်တို့တွေနဲ့ ပူးပေါင်း လှုပ်ရှားမိခဲ့တာကြောင့် တပ်ဦးကျွံသလို ဖြစ်ခဲ့ရပြီး၊ ဂျပန်ဖက်ဆစ်တွေရဲ့ ဖွဲ့ဆော်ဦး ဖမ်းဆီးနှိမ်နင်းခြင်းခံရသူတွေအထဲမှာ ဆရာရာဂျန် ပါခဲ့ရပြန်ပါတယ်။ တပြည်လုံးလက္ခဏာဆောင်တဲ့ ဖက်ဆစ်တော်လှန်ရေးကြီး မဆင်နွှဲရသေးခင်အတွင်းမှာကို၊ ၁၉၄၃ ခုနှစ်အကုန်မှာ –သခင်ကျော်စိန်၊ သခင်ဖေဌေး၊ သခင်ထွေး၊ သခင်မြသန်းတို့နဲ့အတူ၊ ဖက်ဆစ်ဂျပန်တွေရဲ့ အဦးဆုံး အရေးယူဖမ်းဆီးခြင်းခံခဲ့ရသူတွေထဲမှာ ဆရာရာဂျန် ပါခဲ့ရပါတယ်။ သခင်ကျော်စိန်တို့နဲ့ လှုပေါင်းမှားခဲ့၊ တပ်ဦးကျွံသလို ဖြစ်ခဲ့ရပြီး၊ ထိခိုက်နစ်နာမှုတွေ ကြုံတွေ့ခဲ့ရပေမယ့်၊ ဘာပဲဖြစ်ဖြစ် – ဆရာရာဂျန်တို့ရဲ့ ဖက်ဆစ်ဆန့်ကျင်ရေး အခြေခံစိတ်ဓာတ်ကိုတော့ အသိအမှတ်ပြုရ လေးစားရမှာပဲ ဖြစ်ပါတယ်။ ဆရာဟာ သူကိုယ်တိုင်သာ ဂျပန်ကင်ပေတိုင်တွေရဲ့အဖမ်းအဆီးကို ခံလိုက်ရပေမယ့် အဲဒီလို ကိုယ်တိုင် အဖမ်းမခံရခင်ကလေးမှာတောင် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် မြေအောက်လုပ်ငန်း လုပ်ကိုင်နေကြတဲ့ တခြားအစုကပုဂ္ဂိုလ်တွေကို တော်လှန်ရေးစိတ်ဓာတ် တော်လှန်ရေးအသိ အပြည့်အဝနဲ့ သွားရောက်သတိပေးပြီး၊ အသက်ဘေးကနေ ကယ်တင်ပေးတာ လုပ်နိုင်ခဲ့ပါသေးတယ်။ အဲဒီတုန်းက ရန်ကုန် ရေကျော်ထဲမှာ ခိုပြီး ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လုပ်ငန်းတွေလုပ်နေတဲ့‘သခင်တင်မြ’ တို့တွေကို ‘ဒီအိမ်ကနေ မြန်မြန်ထွက်သွားကြဖို့’ အချိန်မီ သွားရောက် သတိပေး ကယ်တင်လိုက်

သူဟာ ဆရာရာဂျန်ပါပဲ။ သခင်တင်မြတို့ လင်မယား လက်မတင်လေးမှာပဲ အဖမ်းအဆီးမခံရဘဲ လွတ်မြောက်ခွင့်ရသွားတာဟာ ဆရာရာဂျန်ရဲ့ စိတ်ကောင်းနှလုံးရှိမှုနဲ့ တော်လှန်ရေးအသိ ပြည့်ဝမှုကြောင့်ပါပဲ။ (ဒါကြောင့်– ကနေ့လက်ရှိ မျက်မှောက်ကာလတွေမှာ သခင်တင်မြဟာ သူနဲ့ခေတ်ပြိုင် တခြားသော နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ လက်ဝဲသမားခေါင်းဆောင် ကြီးငယ်အမျိုးမျိုးအပေါ်၊ ငယ်ကျိုးငယ်နာတွေကအစ မလိုတမာ စော်စော်ကားကား နှိမ့်ချသရော် ရေးသားပြဲ့နေပေမယ့် ဆရာရာဂျန်နဲ့ပတ်သက်ပြီးတော့တော့၊ သိပ်ပြီး စော်စော်ကားကား မရေးသားဝံ့တာ သတိထားမိကြမယ် ထင်ပါတယ်။)

ကံကောင်းထောက်မလွန်းလို့ ဂျပန်ကင်ပေတိုင်တွေရဲ့လက်ချက်နဲ့ အသက်နဲ့ကိုယ်–အိုးစားမကွဲဘဲ ပြန်လည်လွတ်မြောက် လာနိုင်ခဲ့ပြီး နောက်ပိုင်းမှာတော့၊ ဂျပန်ဖက်ဆစ်တွေဟာ အပြီးအပိုင် လက်နက်ချကြောင်းမကြေညာသေးပေမယ့် စတင်ဖွဲ့စည်းစကတည်းကနေ တလျှောက်လုံး မြေအောက်ပါတီ ဘဝနဲ့ သာ ရပ်တည်လှုပ်ရှားလာခဲ့ရတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ စမ်းချောင်း ဗားကရာလမ်းမှာ ပါတီဌာနချုပ်ဆိုင်းဘုတ်ကို ထူထောင်ပြီး ပြောင်အတိအလင်းပေါ်ပေါက်လာချိန်မှာတော့၊ ဆရာရာဂျန်ဟာလည်း ဗမာပြည်ကွန်မြူနစ်ပါတီဝင်အဖြစ် အတိအလင်း ဖြစ်ပေါ်ရောက်ရှိလာရုံမက၊ ဌာနချုပ်အတွင်း ဝင်ထွက်သွားလာကာ တက်တက်ကြွကြွလှုပ်ရှားသူတဦးဖြစ်လာရုံမက၊ ဗမာပြည်ကွန်မြူနစ်ပါတီကနေ ဖွဲ့စည်းလိုက်တဲ့ 'ဗဟိုအလုပ်သမားသမဂ္ဂ' မှာ ဗဟိုအဆင့်အမှုဆောင် လူကြီးတဦးအဖြစ်ပါ ကာလတိုတခုအတွင်း တိုးမြှင့်တာဝန်ပေးအပ်တာ ခံခဲ့ရပါတယ်။ နယ်ချဲ့ဗြိတိသျှတို့ ပြန်လည်ရောက်ရှိလာပြီး စက္ကူဖြူစာတမ်းနဲ့ ထပ်မံ ကျွန်ပြုအုပ်ချုပ်ဖို့ ကြိုးပမ်းလာစဉ်အတွင်း–၁၉၄၆ ခုနှစ်မှာ ပေါ်ပေါက်လာခဲ့တဲ့ '၁၉၄၆ အထွေထွေအလုပ်သမားသပိတ်ကြီး' တိုက်ပွဲစဉ်တွေအတွင်း၊ အင်္ဂလိပ်နယ်ချဲ့အစိုးရကို ပြတ်ပြတ်သားသားတုံ့ပြန်တိုက်ခိုက်ခဲ့တဲ့ အလုပ်သမားသပိတ် ခေါင်းဆောင်တွေအတွင်းမှာ ဆရာရာဂျန်ဟာ ရှေ့တန်းကနေ ပါဝင်ခဲ့တဲ့ ခေါင်းဆောင်တဦး ဖြစ်ခဲ့ပါတယ်။ အလုပ်သမားသပိတ်ကြီးတွေ တလုံးပြီးတလုံး ဖောက်ခွဲ ဆင်နွှဲနေကြစဉ်အတွင်း၊ အလုပ်သမားထုရဲ့ သပိတ်တိုက်ပွဲတောင်းဆိုချက်တွေနဲ့ပတ်သက်ပြီး၊ အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့တောင် မျက်နှာချင်းဆိုင်ပြီး တုံ့ပြန်ပြောဆို အရေးဆိုခဲ့ဖူးသူ ဖြစ်ပါတယ်။ နယ်ချဲ့လက်အောက်ကနေ လွတ်မြောက်ရေးအတွက် အဲဒီလို အထွေထွေအလုပ်သမား သပိတ်ကြီးတွေသာမက 'လယ်ဝေးလယ်သမားသူပုန်လှုပ်ရှားမှုကြီး' ပါ ပေါ်ပေါက်လာရပြီးတဲ့နောက်ပိုင်းမှာတော့၊ ဝမ်းကိုက်လို့ဆိုတဲ့အကြောင်းပြချက်နဲ့ ဆာဒေါ်မန်စမစ် လန်ဒန်ကို ပြန်သွားရပြီးနောက်ပိုင်းမှာတော့၊ ဘုရင်ခံအသစ်ရောက်ရှိလာရကာ၊ ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်တဲ့ ဖဆပလ အဖွဲ့ကြီးကို အသိအမှတ်ပြု နေရာပေးလာရကာ နောက်ဆုံးမှာ ဗိုလ်ချုပ်အောင်ဆန်းကို ကြားဖြတ်အစိုးရဖွဲ့ဖို့ အထိတောင် အာဏာကို ခွဲဝေပေးလာခဲ့ရပါတော့တယ်။

သမိုင်းဝင် ဒီအဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဆရာကတော့– 'အမှန်ကတော့ အင်္ဂလိပ်က ဒီသပိတ်ကြီးတွေနဲ့ လယ်ဝေးလယ်သမားသူပုန်ကြီးကို ဘယ်လိုမှ မနှိမ်နင်းနိုင်တော့ဘူးဆိုတာ သိလာရပြီးတဲ့ နောက်မှာ– ဗိုလ် ချုပ်အောင်ဆန်းကို ကြားဖြတ်အစိုးရအဖွဲ့ ခိုင်းပြီး အာဏာကို တစိတ်တပိုင်း ထိုးအပ်လိုက်တယ်ဆိုတာဟာ–

ဗိုလ်ချုပ်အောင်ဆန်းကို ဒီအထွေထွေသပိတ်ကြီးတွေနဲ့ လယ်ဝေးလယ်သမားသူပုန်နဲ့ကို– ထိပ်တိုက်တွေ့ပေးလိုက်ပြီး ခေါင်းတည်ပေးလိုက်တာဗျ။ ဗိုလ်ချုပ်အောင်ဆန်းကိုလည်း နာမည်ပျက်အောင် လုပ်လိုက်သလိုပဲ။ သူတို့နှိမ်နင်းလို့မရတာကို ဗိုလ်ချုပ်အောင်ဆန်းကို နေရာပေး အနှိမ်နင်းခိုင်းသလိုဖြစ်သွားရပြီး၊ ကျွန်တော်တို့ အလုပ်သမားသပိတ်ခေါင်းဆောင်တွေလည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ဆိုတော့ တော်တော်ကို ဂွကျရတော့တာပဲဗျာ။ ဗိုလ်ချုပ်အောင်ဆန်းက ကြားဖြတ်အစိုးရဆိုတော့– တနေ့မှာ ကျွန်တော်တို့ကို ခေါ်ပြီး ဒီမှာ–ကိုရာဂျန်– ခင်ဗျားတို့အလုပ်သမား သပိတ်တောင်းဆိုချက်တွေထဲက ဒီအချက်–ဒီအချက်တွေကို–ယူ၊ ဒါတော့ ပေးလို့မရသေးဘူး၊ အဲဒါ ခင်ဗျားတို့ သပိတ်လှန်ပေး–ဆိုပြီးလုပ်တော့၊ တောင်းဆိုချက်တွေ တဝက်တပျက်လောက်နဲ့ပဲ ကျွန်တော်တို့မှာ သပိတ်လှန်ပေးလိုက်ရတာမျိုးတွေတောင် ကြုံခဲ့ရတာပေါ့ဗျာ–' လို့ ကျွန်တော်တို့တွေကို တခါက ရှင်းပြခဲ့ဖူးပါသေး တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီကြီးကနေ သခင်စိုးနဲ့သခင်စိုးရဲ့ နောက်လိုက် သခင်တင်မြတို့ (၇) ဦး–ခေါင်းဆောင်ပြီး အလံနီပါတီအဖြစ် ခွဲထွက်ထူထောင်သွားတဲ့အခါမှာတော့၊ ဆရာရာဂျန်တို့ လေထီးဗိုလ်အုံးမောင်တို့ တွေဟာ သခင်သန်းထွန်း၊ သခင်ချစ်၊ သခင်ဇင်၊ သခင်တင်ထွန်း၊ သခင်ဗသိန်းတင်တို့နဲ့အတူ ရပ်တည်ပြီး၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့အလံကိုပဲ စွဲစွဲမြဲမြဲ ဆက်လက်ဆုပ်ကိုင်သူတွေ ဖြစ်ခဲ့ကြပါတယ်။ သခင်စိုးရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှု ကိစ္စအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ 'ဒုတိယကွန်ဂရက်က ပါတီခေါင်းဆောင်အဖြစ်မှ –သခင်စိုးကို (၂)နှစ်တိတိ ဖယ်ရှားထားဖို့ အရေးယူလိုက်တဲ့ကိစ္စကနေ–နောက်ဆုံး သခင်စိုးရဲ့ ပါတီခွဲထောင်တဲ့အထိ ဖြစ်ပေါ်လာရတဲ့ကိစ္စတွေထဲမှာလည်း ဆရာဟာ အမှတ်မထင် ပါဝင်ပတ်သက်ခဲ့ရဖူးသူတဦး ဖြစ်ခဲ့ရပါသေးတယ်။ အဲဒီအချက်ကိုတော့– သမိုင်းမှာ သိသူ အတော်နည်းပါးလိမ့်မယ်လို့ ထင်မိပါတယ်။

ဆရာကိုယ်တိုင်ရဲ့ပြောပြဖူးချက်အရ၊ အဲဒီတုန်းက ဆရာဟာ ရန်ကုန်စီရင်စု ပါတီကော်မီတီမှာ တာဝန်ရှိသူ လူကြီးတဦးပါ။ သခင်စိုးရဲ့ မယားကြီးက သခင်စိုးရဲ့ နောက်မယားယူတဲ့ကိစ္စ 'မနှင်းမေကိစ္စ' နဲ့ ပတ်သက်ပြီး ပါတီကနေ အရေးယူပေးဖို့ဆိုပြီး– တရားဝင် စာနဲ့ပေနဲ့ တိုင်ကြားလာတာဟာ ဆရာရာဂျန်ဆီကို အရင်ဆုံးလို့ဆိုပါတယ်။ ပါတီလုပ်ဟန်သဘောအရ၊ အဆင့်ဆင့်ပါတီကော်မတီကနေတဆင့်–ဆရာ့ထံကနေ တဆင့် တိုင်ကြားတဲ့ သဘောဖြစ်ပေမယ့် တိုင်ကြားစာကို လက်ခံရရှိတဲ့ ဆရာဟာ ဘယ်လိုအရေးယူ ဆောင်ရွက်ပေးရမှန်းမသိအောင် ဖြစ်သွားရတယ်ဆိုပါတယ်။ ဘာလို့လဲဆိုတော့ အရေးယူပေးရမယ့်သူက ပါတီတခုလုံးရဲ့ နံပါတ်တစ်ပုဂ္ဂိုလ်ကြီးဖြစ်တဲ့ အထွေထွေအတွင်းရေးမှူး သခင်စိုးကြီးဖြစ်နေတော့၊ ရန်ကုန်ပါတီ ကော်မတီ တာဝန်ရှိသူတယောက်အနေနဲ့ ဘယ်လိုလုပ်ရမှန်းမသိအောင် ခေါင်းခြောက်သွားရပြီး၊ ဆရာက သူနဲ့ အနီးဆုံးဖြစ်တဲ့ သခင်သန်းထွန်းကို သွားရောက်ရှင်းလင်းပြသတာလုပ်ခဲ့ပြီး၊ 'ဒီကိစ္စကတော့ အခုပါတီမှာ ပါတီ ဗဟိုကော်မတီ အစည်းအဝေးလည်း ကျင်းပပြုလုပ်နေတာနဲ့ တိုက်ဆိုင်နေချိန် ဖြစ်တဲ့အတွက်၊ ပါတီဗဟိုကော်မတီ အစည်းအဝေးကိုပဲ တင်ပြလွှဲအပ်ပေးလိုက်တာ အသင့်လျော်ဆုံး ဖြစ်လိမ့်မယ် ထင်တယ်' ဆိုတဲ့ သုံးသပ်အကြံပြုပေးချက်အရ ဒီတိုင်ကြားစာကို ဗဟိုကော်မီတီအစည်းအဝေးထံကိုပဲ လွှဲအပ်တင်ပြပေးလိုက်ရတော့တယ်ဆိုပါတယ်။ အဲဒီမှာ ပါတီဗဟိုကော်မတီ အစည်းအဝေးကနေပဲ သခင်စိုးအပေါ် ပါတီစည်းကမ်း ဖောက်ဖျက်မှုနဲ့ ပါတီခေါင်းဆောင် အဖြစ်မှ(၂)နှစ်တိတိ ဖယ်ရှားအရေးယူတာကို ဆုံးဖြတ်ခဲ့ကြတာလို့ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာက –

'သခင်စိုးက သူ့ကိစ္စကို ပါတီအစည်းအဝေးမှာ အခုလို ချပြပေး

လိုက်ရတာအပေါ်မှာ ကျွန်တော်နဲ့သခင်သန်းထွန်းပူးပေါင်းပြီး သူ့ကို တမင်သက်သက် အရှက်ကွဲအောင်လုပ်လိုက်တာလို့များ ယူဆသလားမသိပါဘူးဗျာ–သခင်သန်းထွန်းအပေါ်မှာလည်း အငြိုးထားပြီး–နောက်ပိုင်းမှာ ပါတီထဲဘရောက်ဒါဝါဒအမှား–ရောက်ရှိလာတာနဲ့ပတ်သက်ပြီး ရှင်းကြလင်းကြတဲ့အခါမှာတော့ သခင်စိုးက သခင်သိန်းဖေကိုသာမက သခင်သန်းထွန်းကိုရောအငြိုးကြီးကြီးနဲ့ကို စွဲချက်တင် ထိုးနှက်တိုက်ခိုက်တော့တာပဲဗျ။ သခင်သန်းထွန်းက လူပုံအလယ်မှာ သူ့မှာလည်း တာဝန်ရှိပါတယ်ဆိုတာကို ရိုးရိုးသားသားဝေဖန်ရေးပေးခဲ့တယ်။ အဲဒီတော့ ကျန်တဲ့ပါတီကော်မီတီဝင်တွေ အများစုက သခင်စိုးကို ခင်ဗျားလည်း တာဝန်ရှိတာပဲ၊ သခင်သန်းထွန်းက ရိုးရိုးသားသားဝေဖန်ရေးပေးရှာတယ်၊ ခင်ဗျားကတော့ တာဝန်ရှိတာတောင် မပြောဘဲသူများအပေါ်ပဲ ပုံချနေသလိုလုပ်နေတယ်၊ ဒါမမှန်ဘူး–လက်မခံနိုင်ဘူး–ဆိုတဲ့သဘောတွေ ထွက်လာတော့တာပါပဲဗျာ။ ဘာပဲဖြစ်ဖြစ်– အဲဒီလိုအခြေ အနေတွေဖြစ်ပေါ်လာရပြီးတဲ့နောက်မှာ သခင်စိုးကြီးရဲ့ ပါတီကနေခွဲထွက်ပြီး အလံနီပါတီထောင်တာဖြစ်ပေါ်လာရတော့–ခုတင်ကပြောတဲ့သူ့အိမ်ထောင်ရေးကိစ္စအပေါ်က ပြဿနာဟာလည်း တစိတ်တပိုင်းအနေနဲ့တော့ ပါနိုင်တာပေ့ါ။

သခင်စိုးရဲ့ အိမ်ထောင်ရေးကိစ္စနဲ့ပတ်သက်ပြီး အရေးယူတာက ၁၉၄၅ ဇူလိုင်–ပါတီဒုတိယကွန်ဂရက်မှာ၊ အလံနီပါတီအဖြစ် သခင်စိုးတို့ ခွဲထောင်တာက ၁၉၄၆ ဖေဖော်ဝါရီ မှာ– (၆) လကျော်လောက်ပဲ ကွာပါတယ်’ ဆိုပြီး၊ အကြောင်းတိုက်ဆိုင်လို့ ရှင်းပြပြောဆိုခဲ့တာတွေကိုလည်း ကြားနာမှတ်သားခဲ့ရဖူးပါတယ်။

ဗမာပြည်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ – နယ်ချဲ့ အင်္ဂလိပ်ကို ဆန့်ကျင်တွန်းလှန်တိုက်ပွဲဆင်ခဲ့ကြတဲ့ကာလမှာရော၊ ဂျပန်ဖက်ဆစ်တွေကို ပြန်လည်တုံ့ပြန်အန်တုခဲ့ကြတဲ့ လှုပ်ရှားမှုတွေထဲမှာပါသာမက၊ လွတ်လပ်ရေးအကြိုခေတ် အထွေထွေသပိတ်တိုက်ပွဲကြီးတွေအတွင်းမှာလည်း တက်တက်ကြွကြွ ရှေ့တန်းတနေရာကနေ ပါဝင်ခဲ့တဲ့ ဆရာဟာ ဗမာပြည်လွတ်လပ်ရေးကြေညာပြီးစ ခေတ်ဦးကာလထဲမှာတော့၊ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရသူ – လက်နက်ကိုင်ကွန်မြူနစ် တယောက်အဖြစ် ကူးပြောင်းဖြတ်သန်းလာရပါတော့တယ်။ လက်နက်ကိုင်တော်လှန်ရေးအတွင်းမှာ ဆရာ့ရဲ့တော်လှန်ရေးနာမည်ကတော့ ‘ရဲဘော်အောင်နိုင်’ ဖြစ်လာရပါတော့တယ်။

ဗမာပြည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုသမိုင်းမှာ – အိန္ဒိယနွယ်ဖွားကုလားတွေ တော်တော်များများရှိခဲ့ရာမှာ၊ မစ္စတာဂိုရှယ် (သခင်ဘတင်–ခေါ်– ရဲဘော်ဂိုရှယ်)၊ မစ္စတာနတ်သ် (ရဲဘော်ထွန်းမောင်)၊ မစ္စတာမူကာဂျီ (ရဲဘော်ဖြူဝင်း)တို့နဲ့အတူ၊ ရှေ့ဆင့်နောက်ဆင့် ပါဝင်ခဲ့သူဟာ ဆရာရာဂျန် (ခေါ်) ရဲဘော်အောင်နိုင်–ပါပဲ။

ဆရာရာဂျန်ဟာ တောထဲမှာ– ၁၉၅၆–၅၇လောက်မှာ ပခုက္ကူ၊ မင်းဘူး–စတဲ့ အနောက်ဘက်ဒေသတွေမှာ လှုပ်ရှားခဲ့ပြီး၊ အနောက်ပိုင်းတိုင်းတိုင်းကော်မီတီဝင်ကနေ အရန်ဗဟိုကော်မတီဝင်အထိ ဖြစ်ခဲ့ဖူးပါတယ်။ လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေရင်းက နောက်ပိုင်းမှာ ဆရာဟာ အဖမ်းဆီးခံလိုက်ရပြီး အကျဉ်းထောင်အတွင်း ကျရောက်ခဲ့ရပါတယ်။ ဆရာဟာ လက်နက်ချ မလုပ်ခဲ့ပါ။ ဗိုလ်နေဝင်းစစ်အစိုးရ၊ မဆလတပါတီ အာဏာရှင်အစိုးရလက်ထက်–၁၉၆၉ ခုနှစ်ထဲမှာကျတော့၊ ဆရာရာဂျန်ဟာ စစ်အစိုးရရဲ့ ကိုကိုးကျွန်းအထိ ပို့ပစ်တာကို တောင် ခံခဲ့ရပါလေတော့တယ်။ ကိုကိုးကျွန်းကို အပို့ခံရလေတော့လည်း စစ်အစိုးရရဲ့ဖိနှိပ်မှုတွေအောက်မှာ ဆရာဟာ ခေါင်းငုံ့မခံခဲ့ဘဲ၊ လေထီးဗိုလ်အုံးမောင်နဲ့အတူ ‘ကျွန်းပါတီကော်မီတီ’ မှာ ပူးတွဲခေါင်းဆောင်ခဲ့ပြီး တော်လှန်ရေးစိတ်ဓာတ်ကို ပြတ်ပြတ်သားသား ဖော်ပြခဲ့ပါတယ်။ ကျွန်းမှာ–စစ်အစိုးရရဲ့ အယုတ်တမာအကြံအစည် ‘ကိုယ်ထူကိုယ်ထစနစ်’ ဆိုတာကို ပြန်လည်ရိုက်ချိုးနိုင်ဖို့ ပထမဆုံးစပြီး တိုက်ပွဲဆင်တဲ့ (၅)ရက်ကြာ ‘ငါးပိတိုက်ပွဲ’ မှာ ဆရာရာဂျန်ကိုယ်တိုင် ပါဝင်ဦးဆောင်တိုက်ပွဲဝင်ပြခဲ့ပါတယ်။ ကျွန်းမှာ နိုင်ငံရေးအကျဉ်းသားတွေအတွက် စစ်အစိုးရဘက်က ငါးပိပုပ် ငါးပိပျက်တွေကိုပဲပေးတဲ့အတွက်၊ ငါးပိကောင်းနဲ့လဲပေးရမယ်လို့ တောင်းဆိုပြီး အစာတော်ခံတိုက်ပွဲဝင်ရာမှာ ဆရာကိုယ်တိုင်ပါဝင်ခဲ့ပြီး၊ (၂)ရက်လောက် အကြာမှာ ဆရာကိုယ်တိုင် နားထိုင်းသွားခဲ့ရတဲ့အထိ ဖြစ်ခဲ့ရတယ်ဆိုပါတယ်။ (၅) ရက်အကြာမှာ ငါးပိကောင်းနဲ့ပြန်လဲပေးရတဲ့အထိ ပွဲဦးထွက်တိုက်ပွဲကို အနိုင်တိုက်ပေးနိုင်ပြီးတဲ့နောက်၊ နောက်ပိုင်းတိုက်ပွဲတွေမှာ ‘အဘိုးကြီးနှစ်ယောက် မပါရ’ ဆိုပြီးတော့တောင်၊ ဆရာနဲ့ဗိုလ်အုံးမောင်ကို ကျန်ရဲဘော်တွေက သတ်မှတ်တောင်းဆိုခဲ့ရတယ် ဆိုပါတယ်။ နောက်ပိုင်းမှာ ဆက်လက်ပေါ် ပေါက်လာခဲ့တဲ့ ‘ရက် ၄၀တိုက်ပွဲ’ ကနေ–နောက်ဆုံးတိုက်ပွဲတခုဖြစ်တဲ့ ရဲဘော် (၈)ဦးအသက်ပေးလှူသွားခဲ့ရတဲ့ ကျွန်းလုံးဝ ဖျက်သိမ်းပေးရေး ‘၅၃ရက်ကြာ အစာတော်ခံတိုက်ပွဲ’ကြီးအထိ ရဲရဲဝံ့ဝံ့ မော်ကွန်းထူတိုက်ပွဲဆင်သွားကြရာမှာ၊ ကျွန်းတိုက်ပွဲတွေကို အောင်မြင်အောင် ပိုင်းပိုင်းဖြတ်ဖြတ်ဦးစီးခေါင်းဆောင်သွားခဲ့ကြတဲ့ အဓိက ပုဂ္ဂိုလ်ကြီးနှစ်ဦးကတော့–လေထီးဗိုလ်အုံးမောင် နဲ့ ဆရာရာဂျန်ပဲဖြစ်ပါတယ်၊

ဆရာရာဂျန် ဆိုတာ အဲဒီလိုသမိုင်းအစဉ်အလာရှိခဲ့တဲ့ အထင်ကရ ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ခဲ့ပါတယ်။

( ၃ )

ဆရာ့ကို ကျွန်တော် ရင်းနှီးသိကျွမ်းခွင့်ရခဲ့တာဟာ ၁၉၇၄ ခုနှစ်ထဲမှာ ဖြစ်ပါတယ်။ ဆရာ ကျွန်းက ပြန်ရောက်–ထောင်က ပြန်လွတ်လာပြီးတဲ့ နောက်ပိုင်းမှာမှ တွေ့ဆုံသိကျွမ်းခွင့်ရခဲ့တာဖြစ်ပေမယ့် လူငယ်တွေအပေါ် တော်တော်ကို ချစ်ခင်အလေးထားတတ်လွန်းတဲ့ ဆရာ့ရဲ့ ချစ်ခင်စရာ အလေ့စရိုက်တွေကြောင့် ကာလတိုတခုအတွင်းမှာကို ဆရာနဲ့ ချစ်ခင် ရင်းနှီးခွင့် ရရှိခဲ့ပါတယ်။

ဆရာ့ရဲ့ ချစ်ခင်လေးစားစရာကောင်းတဲ့ အလေ့တခုကတော့၊ သူ ချစ်ခင်တဲ့ ရဲဘော်တွေမှန်သမျှရဲ့အရေးကိစ္စတွေမှာ–သာရေးနာရေးကအစ လူမှုရေးကိစ္စတွေအထိ လူငယ်လေးတဦးပမာ လှည့်လည်သွားလာ ဝင်ထွက် ဆောင်ကြဉ်းပေးနေတတ်ခြင်းပါပဲ။ ဒါ့ကြောင့် ဆရာ့ကို တချို့ ရဲဘော်တွေက ‘ဆက်သွယ်ရေး တမန်ကြီး’ ‘စာပို့ ရထားကြီး’ လို့ တောင် ချစ်စနိုး ကင်ပွန်း တပ်ကြတာ ရှိပါတယ်။ ‘ရဲဘော်သိန်းကြည်ရဲ့ အမေ ဆုံးလို့ တဲ့’၊ ‘ သမိုင်းက ရဲဘော်သိန်းအောင်ကြီး မင်္ဂလာဆောင်သွားကြဦးမှ’ ‘ကိုတင်အောင် ဆေးရုံတက်ရတယ်’ဆိုတာမျိုးကအစ၊ ‘မင်းလှက ကိုအောင်မေသု ရောက်နေတယ်’ ‘ကိုမြသန်း(မြသန်းတင့်)က ဟန်စုရင်ရဲ့ စာအုပ်ကို ဘာသာပြန်မလို့ တဲ့’ ဆိုတာမျိုးတွေအထိ ရဲဘော်အချင်းချင်းကြား သိသင့်သိထိုက်တဲ့ သတင်း စကားမျိုးတွေကိုလည်း ပြောတတ်ဆိုတတ် အသိပေးတတ်လေ့ရှိသူ ဖြစ်ပါတယ်။

အဲဒီကာလတွေတစိုက်မှာ ကျွန်တော်ဟာ ဆရာနဲ့နေ့စဉ်လိုလို ဆုံတတ်၊ လဖက်ရည်ဆိုင် အတူထိုင်ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့တွေရဲ့ နေ့စဉ်ဆုံရပ်သဖွယ် ဖြစ်နေတာကတော့၊ ရေနံရုံးကြီး

ဘေးက ဦးသန်းဆွေကြီးရဲ့လမ်းဘေးစာအုပ်ဆိုင်လေးမှာ ဖြစ်ပါတယ်။ အဲဒီတုန်းက ရေနံရုံးကြီးဘေးမှာ၊ ခြောက်ထပ်ရုံး၊ ပန်းဆိုးတန်းနဲ့ကောက်ပဲသီးနှံရုံး ဘေးအနီးတဝိုက်တွေမှာ– ပလက်ဖောင်းစာအုပ်ဆိုင်တန်းလေးတွေ အလျှိုလျှိုထွက်နေကြရာ– စာအုပ် အဟောင်းတန်းလောကမှာ အမည်တူ ‘ကိုသန်းဆွေ’က နှစ်ယောက် ရှိနေတဲ့အတွက်၊ အသက်လည်း အတော်ကြီးနေပြီဖြစ်–မျက်ရည်တွေလဲ အမြဲလိုလို ကျနေတတ်တဲ့ မျက်စိမကောင်းရှာတဲ့ ဦးသန်းဆွေကို ‘ဦးသန်းဆွေကြီး’၊ လူ ငယ်ဖြစ်တဲ့ (အခု ဂျပန်ရောက် ဖျတ်ဖျတ်လတ်လတ်ကိုသန်းဆွေကို) ‘သန်းဆွေလေး’လို့ အမှတ်သညာပြု ကင်ပွန်းတပ်ထားကြရာမှာ၊ ကျွန်တော်တို့ ဆရာတို့ ဆုံရာနေရာကတော့ ဦးသန်းဆွေကြီးရဲ့ စာအုပ်ဆိုင်လေးမှာ ဖြစ်ပါတယ်။ အများအားဖြင့် ဒီစုရပ်မှာ အမြဲလိုလိုဆုံဖြစ်ကြတာက ဆရာရယ်၊ ရခိုင်ကျော်လှိုင်ကြီးနဲ့ ကျွန်တော်ပဲ ဖြစ်ပါတယ်။ အမြဲလိုလို ကြိုတင်ရောက်ရှိနေတတ်တာက ကိုကျော်လှိုင်ကြီးဖြစ်ပြီး၊ ဆရာနဲ့ကျွန်တော် ရောက်အလာကို ဦးသန်းဆွေကြီးဘေးကနေ ကျောက်ချသလို ထိုင်ရင်း စောင့်နေလေ့ရှိပါတယ်။ နေ့လည်စောင်းလောက်မှာ သူ့ရဲ့ထုံးစံအတိုင်း ခေါင်းလေး မော့ကာမော့ကာနဲ့ ပုံမှန်မပျက် ရောက်လာတတ်တာကတော့ ဆရာပေါ့။ ခပ်တိုတိုညှပ်ထားလေ့ရှိတဲ့ဆံပင်တွေက တခေါင်းလုံးဖွေးဖွေးလှုပ် အဖြူ၊ အမြဲလိုလို ဝတ်ထားတတ်တာကလည်း ရှပ်အင်္ကျီအဖြူနဲ့ဆိုတော့၊ ဒီအဖြူနှစ်ခုအကြားမှာ အိန္ဒိယနွယ် ကုလားဆင်ရုပ် ပေါ်လွင်နေတဲ့ အသားညိုညို မျက်နှာပြည့်ပြည့်ကြီးဟာ အဝေးကကို မြင်နိုင်လောက်အောင် ကောက်ကြောင်းရှင်းရှင်းနဲ့ ထင်းထင်းကြီးဖြစ်နေတတ်ပါတယ်။ အဲဒီတုန်းက ဆရာက ‘ဗမာအမျိုးသမီးပုံနှိပ်တိုက်’က ဦးစောလွင်ရဲ့သားသမီးတွေကို (သင်္ချာဘာသာလား ရူပဗေဒဘာသာလားတော့ မသိ)စာသွားပြပေး စာသင်ပေးနေရာကနေ စာသင်ပြီးချိန်၊ ကျွန်တော်တို့ရှိနေရာ ဦးသန်းဆွေရဲ့ လမ်းဘေး စာအုပ်ဆိုင်လေးဆီ ကုန်းကြောင်းလျှောက်ပြီး ပေါက်ချလာလေ့ရှိတာ ဖြစ်ပါတယ်။ ဆရာ ရောက်လာပြီဆိုရင် ကျွန်တော်တို့တွေဟာ အဲဒီနဲ့မနီးမဝေးက ကျွန်တော်တို့ သောက်နေကျနေရာ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးဆီ ချီတက်ကြတော့တာပါပဲ။ ကုလားသွေးပါတဲ့ဆရာဟာ လက်ဖက်ရည်ကိုတော့ တော်တော်လည်း ကြိုက်ရှာပါတယ်။ လက်ဖက်ရည်လေးကို နှစ်နှစ်သက်သက်သောက်ရင်း အပြုံးတမြမြနဲ့ ပြောစရာ စကားတွေ ရှိရင် ပြောတော့တာပါပဲ။ လက်ဖက်ရည် တခွက်ကလွဲလို့ ဘာမှလည်း စားသောက်လေ့မရှိပါ။ ကျွန်တော် လခထုတ်တဲ့ ရက်မျိုးဆိုရင်တော့ ဆရာက ထပ်ပြီးပြုံးလိုက်ရင်း ‘ဘယ်နှယ်လဲ–’လို့ မေးလေ့ရှိပြီး၊ ကျွန်တော်ကလည်း ‘ဟာ ဆရာကလည်း ဒီနေ့ လခထုတ်နေ့လေ–’လို့ ဆိုလိုက်ရင်တော့ ဆရာဟာ အဲဒီနေ့မှာတော့ သူကြိုက်လှတဲ့ စမူဆာတခုကို ယူစားပါလိမ့်မယ်။ ပြီးရင် ခပေါင်းစီးကရက်တလိပ်ကို ယူသောက်ပါမယ်။ သူ့အတွက်တော့ ဒါလောက်ဆိုရင် တော်တော်ကို လုံလောက် ကျေနပ်သွားပုံပါပဲ။ ဆရာဟာ အဲဒီလို ချို့ချို့တဲ့တဲ့ ဖြတ်သန်းရင်း ဘဝကို အရိုးရှင်းဆုံး နေထိုင်သွားခဲ့ပါတယ်။

သူ့ အတွက်ကိုတော့ အဲဒီလို ခြိုးခြိုးခြံခြံနေထိုင်သွားခဲ့ပေမယ့် တခါတရံမှာ သူ့ရဲ့ဇနီးအတွက် စိတ်မကောင်းဖြစ်လာတဲ့အခါမျိုးတွေမှာတော့ ဆရာဖြေရှင်းတတ်ပုံ ပြုမူတတ်ပုံလေးတခုရှိတာကိုလည်း ကျွန်တော့်မှာ ကြေကြေကွဲကွဲခံစား ရရင်း တိုက်တိုက်ဆိုင်ဆိုင် သိခဲ့ရဖူးပါတယ်။ ဒါလည်း ဆရာကတော့ သူ အင်မတန် ချစ်ခင်တဲ့သူတွေကိုမှ လူရွေးပြီး အကူအညီတောင်းတတ်တာမျိုးဖြစ်တယ်ဆိုတာ ကျွန်တော်သိလိုက်ပါတယ်။ အဲဒါကတော့– ဆရာဟာ ဆရာ့အဘွားကြီးနဲ့ ကလေးတွေ အသားမစားရတာ ကြာပြီဖြစ်တဲ့အခါ၊ ‘ဟင်းစား ငါး သွားတောင်းလေ့’ ရှိတာပါပဲ။ အင်းစိန် ကမ်းနားဘေးက ကိုချစ်သိန်း–ဆိုတဲ့ ရဲဘော်တဦး ဖွင့်ထားတဲ့ ‘ငါးဒိုင်’ကို သွားပြီး ငါးတောင်းတတ်ပါတယ်။ ကိုချစ်သိန်းက ညောင်တုန်းသား–လို့ထင်ပါတယ်။ ပန်းတနော်–ညောင်တုန်းဘက်က တက်လာတဲ့ ငါး တွေကို ရန်ကုန်–အင်းစိန် ကမ်းနားမှာပဲ ငါးဒိုင်ဖွင့်ပြီး အရောင်းအဝယ်လုပ်နေတဲ့အတွက် သူ့ငါးဒိုင်လေးထဲမှာ အမြဲလိုလို ငါးစည်ကြီးတွေနဲ့ငါးတွေ ရှိနေတတ်ပါတယ်။ ဆရာ့ကို မြင်လိုက်တာနဲ့ ကိုချစ်သိန်းက ဝမ်းပန်းတသာကြိုဆိုပြီး ငါးစည်ကြီးတခုခုထဲကနေ ငါးကြီးကြီးသုံးလေးကောင်ကို ဆွဲထုတ်၊ ဖက်နဲ့ပါ သေချာ ထုပ်ပတ်ပေးရုံမက ပလတ်စတစ်အိတ်နဲ့ပါ ထည့်ပေးတော့တာပါပဲ။ ပြီးရင် တချက် ပြုံးလိုက်သေးပြီး ‘အင်း–ဆရာ့ကို က ငါးတင်ပေးလို့ ဖြစ်မှာမဟုတ်ပါဘူး–ခဏ နေဦးနော်’ ဆိုရင်း အပြင်ကို ကပျာကယာထွက်သွားကာ၊ ငါးနဲ့ချက်ဖို့ ခရမ်းချဉ်သီး၊ နံနံပင်နဲ့ ငရုတ်သီးစိမ်းတွေပါ ထည့်ပေးလိုက်တတ်တာ တွေ့ရပါတယ်။ ဆရာကလည်း ‘အင်း–ငါးတင်မဟုတ်ဘူး၊ ငါးဟင်းချက်ဖို့ ခရမ်းချဉ်သီးနဲ့နံနံပင်ပါကို ဝယ်ပေးရတော့တာပဲဗျာ’ဆိုပြီး တဟဲဟဲနဲ့ ရယ်နေတတ်ပါတယ်။ အဲဒီလို ကိုချစ်သိန်းကြီးရဲ့ငါးဒိုင်ကို ငါးသွားတောင်းရာမှာ ဆရာက အဖော်ခေါ်တဲ့ အတွက် ကျွန်တော်လည်း ဆရာနဲ့အတူ သုံးလေးခါမက အဖော်လိုက်ပေးခဲ့ရဖူးပါတယ်။

ဆရာက ကျွန်တော့်ကို အဲဒီလိုတွေသာ အဖော်ခေါ်တတ်တာမဟုတ်၊ ဆေးရုံသွားပြီး လူမမာမေးတဲ့ကိစ္စမျိုးတွေကနေ– ဟိုကိစ္စ ဒီကိစ္စ၊ ကိစ္စပေါင်းစုံတွေနဲ့လည်း ကျွန်တော့်ကို အပါခေါ်သွားခဲ့ဖူးတာတွေ တော်တော်များများ ရှိပါတယ်။ တကယ်က ကျွန်တော်ဟာ ဆရာ့ရဲ့ တူအရွယ် သားအရွယ်လောက်ပဲ ရှိပေမယ့် ဆရာ့ရဲ့ ယုံယုံကြည်ကြည် ဟိုဟိုဒီဒီ ခေါ်သွားမှုတွေကြောင့်၊ ရန်ကုန်မှာ ကျင်လည်ဖြတ်သန်းခဲ့ရစဉ်အတွင်း–ဆရာနဲ့ ပတ်သက်ပြီး သိခဲ့ရ ကျွမ်းခဲ့ရ ရောက်ခဲ့ရဖူးတဲ့နေရာတွေလည်း တော်တော်များများ ရှိပါတယ်။ ဥက္ကဋ္ဌသခင်သန်းထွန်းရဲ့ ဇနီး–ဒေါ်ဒေါ် ဒေါ်ခင်ကြီးဆီကိုဆိုရင်– ဆရာနဲ့အတူ လေးငါးကြိမ်မက ရောက် ခဲ့ရဖူးတဲ့အတွက်၊ အခု ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရာ အိမ်အမှတ် (၅၄) ခြံဝင်းကြီးထဲကို ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကတည်းက ကျွန်တော် အကြိမ်ကြိမ်အခေါက်ခေါက် ရောက်ခဲ့ရဖူးပါတယ်။ အဲဒီကာလတွေတုန်းက ဒေါ်ဒေါ် ဒေါ်ခင်ကြီးဟာ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ အိမ်အမှတ် (၅၄)ခြံဝင်းထဲက အင်းယားကမ်းစပ်ဘေးက တထပ်တိုက်အိမ်ငယ်လေးမှာနေထိုင်ပြီး ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကတော့ အခု ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရာ အိမ်မကြီးမှာ နေပါတယ်။ တခါတရံ အမဖြစ်သူ ဒေါ်ခင်ကြီးထံ ဆင်းဆင်းလာတတ်တဲ့အတွက်၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကိုလည်း အဲဒီ တထပ်တိုက် ပုလေးထဲမှာပဲ စတင်တွေ့ဆုံခဲ့ရဖူးပါတယ်။ ဒေါ်ဒေါ် ဒေါ်ခင်ကြီးနဲ့ ဒေါ်ခင်ကြည်တို့ကလည်း လေထီးဗိုလ်အုံးမောင်ကိုတော့ ‘ကိုအုံးမောင်’လို့ပဲ ခေါ်တာ မှတ်မိပြီး၊ ဆရာရာဂျန်ကိုတော့–‘ဆရာ’လို့ပဲ ခေါ်ကြတာ ကျွန်တော် သတိထားမိဖူးပါတယ်။

(၄)

ဦးသန်းဆွေကြီးရဲ့ လမ်းဘေးစာအုပ်ဆိုင်လေးဘေးမှာ ဆုံရပ်လုပ်ပြီး၊ နေ့တိုင်းလိုလို လက်ဖက်ရည်ဆိုင် အတူထိုင်ကြစဉ် ကာလတုန်းက တခါတရံ ဆရာ တော်တော်နဲ့ရောက်မလာသေးဘူးဆိုရင် ဦးသန်းဆွေကြီးက တမျှော်မျှော် ဖြစ်နေတတ်ပါတယ်။ သူက မျက်စိမကောင်းတဲ့အပြင် မျက်ရည်တွေကလည်း မကြာခဏဆိုသလို ကျနေတတ်တဲ့အတွက် ဝေးဝေးလံလံအထိ လှမ်းမကြည့်နိုင်တဲ့အခါမျိုးမှာ ဦးကျော်လှိုင်ကြီးက ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း ‘ဒီနေ့ တို့ပါလက်စတိုင်းကြီး ဘယ်များ ရောက်နေပြန်

သလဲ မသိဘူး’ လို့ ချစ်စနိုး ခပ်နောက်နောက်ဆိုတတ်ပါတယ်။ အဲဒီလို မျှော်နေရင်းက ဆရာတယောက် ခေါင်းလေးတမော့်မော့်နဲ့ ခပ်သုတ်သုတ် လျှောက်လှမ်းလာတာကို မြင်လိုက်ရပြီဆိုရင်တော့၊ ‘ဟိုမှာ ဟိုမှာ တို့ပါလက်စတိုင်းကြီး လာနေပြီ – ဆရာ လာနေပြီ’ လို့ ခပ်ပြုံးပြုံးနဲ့ နောက်တတ်ပြန်ပါတယ်။ အဲဒီကာလက ကမ္ဘာ့သတင်းတွေထဲမှာ ပါလက်စတိုင်းကိစ္စဟာ ရှေ့တန်းရောက်နေတဲ့ ကိစ္စ ဖြစ်သလို၊ ပါလက်စတိုင်းလူမျိုးတွေရဲ့ နိုင်ငံမဲ့ ဖြစ်နေရ၊ နိုင်ငံပျောက်နေရသလို ဖြစ်နေရတဲ့ကိစ္စတွေအပေါ်မှာလည်း နိုင်ငံရေးစိတ်ဝင်စားသူတိုင်းလိုလိုက စာနာနားလည် သဘောပေါက်နေကြပါတယ်။

တရက်မှာတော့ အစ်ကိုကြီးကိုကျော်လှိုင်ကို ကျွန်တော်က ‘ခင်ဗျားက ဆရာ့ကို ဘာလို့ ပါလက်စတိုင်းကြီးလို့ခေါ်ရတာလဲ–’ လို့ လက် ဖက်ရည်ဆိုင်ထဲမှာ အတူထိုင်နေကြရာက မေးခွန်းထုတ်လိုက်မိပါတယ်။

‘ပါလက်စတိုင်းတွေက အခု နိုင်ငံမဲ့ဖြစ်နေရတယ်မဟုတ်လား–စတိတ်လက် stateless တွေ ဖြစ်နေရတယ်လေ– အခု–တို့ဆရာကလည်း စတိတ်လက်စ်ကြီးပဲကွ’ လို့ ဆရာ့ကိုကြည့်ရင်း ဆရာ့ရှေ့မှာတင် နောက်စစနဲ့ ဖြေပါတယ်။

‘ မင်း–မယုံရင် မေးကြည့်လေ– ဆရာက စတိတ်လက်မှ စတိတ်လက်ကွ၊ ဆရာ့မှာ မှတ်ပုံတင်ကို မရှိဘူး။ မှတ်ပုံတင်ပေးဖို့ သွားပြောလည်း မရဘူး၊ ဆရာ့ကို မှတ်ပုံတင်ကို ထုတ်မပေးဘူး–’ လို့ ထပ်ပြောပါတယ်။ ဆရာ ကတော့ ဘာမှ မပြောဘဲ ပြုံးနေရှာတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာ့ကို ကျွန်တော်ကိုယ်တိုင် ထပ်မေးကြည့်တဲ့ အခါမှာတော့ ဆရာက– ‘ဟိုတုန်းကတော့ မှတ်ပုံတင်တွေစပြီး လုပ်ပေးစဉ်တုန်းကတော့ ကျွန်တော့်ကို မှတ်ပုံတင်လုပ်ဖို့အတွက် ထောင်ထဲမှာ လာပြီး သက်ဆိုင်ရာက ဓာတ်ပုံတွေ ဘာတွေ ရိုက်ယူသွားဖူး တယ်ဗျ။ ဒီဘက်ပိုင်းမှာ ထောင်ကထွက်လာတော့လည်း ထောက်လှမ်းရေးတင်ဦးကိုယ်တိုင်ကို ပြောပြဖူးတာပဲ။ လုပ်ပေးမလိုလိုဘာလိုလိုနဲ့–အခုချိန်အထိ ကျွန်တော့်ကို မှတ်ပုံတင်ကို ထုတ်မပေးတော့ပါဘူး။ ဒါကြောင့် အခုထိ ကျွန်တော့်မှာ မှတ်ပုံတင်မရှိဘူး။ ဘယ်မှလဲ သွားလို့ လာလို့ကို မရတော့ဘူး ဖြစ်နေတယ်’ လို့ ဆရာကိုယ်တိုင် ရှင်းပြခဲ့ဖူးပါတယ်။

ကျွန်တော့်မှာ ဆရာ့အတွက် တော်တော်ကို စိတ်မကောင်းကြီးစွာ ခံစားလိုက်ရပါတယ်။

ဆရာ့အပေါ် အုပ်စိုးသူအဆက်ဆက်နဲ့ ဗိုလ်နေဝင်းရဲ့အငြိုးဟာ တလျှောက်လုံးကိုပဲ ဆက်လက်တည်ရှိနေခဲ့တာကိုလည်း နောက်ပိုင်းမှာလည်း ထပ်မံတွေ့ရပါတယ်။ ၁၉၈၀ပြည့်နှစ်ထဲမှာ ဗမာပြည်နိုင်ငံရေးအတွက် နိုင်ငံရေးဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံရေးသမားတွေကို ဗိုလ်နေဝင်းက ‘နိုင်ငံ့ဂုဏ်ရည် ဘွဲ့’ ဆိုတာတွေ ဖောဖောသီသီပေးတဲ့အခါမှာလည်း ဆရာရာဂျုန်ကိုတော့ မပေးဘဲ ချန်ထားခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး–လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ဆရာရာဂျုန်လို ရှေ့တန်းအခန်းက မပါဝင်ခဲ့ဖူးသူတွေကိုတောင်၊ ဆရာရာဂျုန်ရဲ့ တဝက်လောက်မျှမစွမ်းဆောင်ခဲ့ဖူးသူတွေကိုတောင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်၊ ဒုတိယဆင့်ဆိုတာတွေကို ဖောချင်းသောချင်း ပေးခဲ့ပေမယ့် ဆရာရာဂျုန်ကိုတော့ လုံးဝ ချန်လှပ်ထားခဲ့ပါတယ်။ အဲဒီလို တမင် ချန်လှပ်ပစ်ခြင်းခံခဲ့ရတဲ့သူဟာ အဲဒီတုန်းက နိုင်ငံရေးလောကမှာ– ဆရာရာဂျုန်နဲ့ သခင်ဗမောင်တို့နှစ်ဦးပဲ ရှိခဲ့ပါတယ်။ ဆရာကတော့ အပြုံးမပျက်ခဲ့ပါ။ ဗိုလ်နေဝင်း ပေးတဲ့ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ကို လိုလည်း မလိုချင် မက်လည်း မမက်ခဲ့ပါ။

ဆရာဟာ တလျှောက်လုံး သူ့ ယုံကြည်ချက်ကိုပဲ စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားခဲ့ပြီး သေတဲ့အထိ အလံမလှဲခဲ့သူ ဖြစ်ပါတယ်။ ဗမာပြည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ– စွန့်လွှတ်အနစ်နာခံမှုမျိုးစုံ ပေးဆပ်မှုမျိုးစုံနဲ့ကို ရှေ့ တန်းကျကျ နေရာတွေကနေ စွမ်းစွမ်းတမံ ပါဝင်စွမ်းဆောင်ခဲ့ဖူးသူဖြစ်ပေမယ့် ဗမာပြည်ကြီး လွတ်လပ်ရေး ရပြီးပြီဆိုတဲ့အချိန်မှာ နိုင်ငံသားတယောက်အဖြစ် မှတ်ပုံတင် ထုတ်ပေးခြင်းတောင် မခံရဘဲ၊ မှတ်ပုံတင်မရှိရဘဲ နိုင်ငံမဲ့ကြီးတယောက်လို ကာလကြာရှည် နေထိုင်ဖြတ်သန်းသွားခဲ့ရသူ ဖြစ်ပါတယ်။ ဘဝတလျှောက်လုံး ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်းနဲ့ပဲ ရုန်းကန်လှုပ်ရှားသွားခဲ့ရသူဖြစ်ပေမယ့် သူ့ယုံကြည်ချက်ကို သူကိုင်ကာ–သူခံယူထားတဲ့ တော်လှန်ရေးအဘိဓမ္မာနဲ့ အတူ အစဉ်ထာဝရ ရပ်တည်ဖော်ပြသွားခဲ့လေသူ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဆရာ့အကြောင်းကို ပြန်ပြောင်းသတိရမိရင်း၊ ဆရာ့အတွက် ‘အမှတ်ရချက် ရုပ်ပုံလွှာ’ လေးကို ရေးသားနိုင်ဖို့ စဉ်းစားမိလေတိုင်း၊ ပထမဆုံး ရင်ထဲ ပြေးဝင်စီးမျောလာတာကတော့ – ဆရာဟာ “ နိုင်ငံမဲ့ချင် မဲ့ – အဘိဓမ္မာတော့ မမဲ့ခဲ့လေသူ” ဆိုတာပါပဲ။

၁၉၈၀ပြည့်နှစ်ဝန်းကျင် တပိုက်က ကျွန်တော်တို့ စာပေအနုပညာလောကမှာ ခေတ်ပေါ်ကဗျာနဲ့ ပတ်သက်ပြီး၊ ဆရာဒဂုန်တာရာရဲ့ ‘ကာရန်မဲ့ချင် မဲ့–အဘိဓမ္မာမမဲ့ဖို့ အရေးကြီးတယ်’ ဆိုတဲ့အဆိုကို စွဲလန်းနှစ်သက်နေခဲ့ဖူးတာကြောင့်များလား မသိပါ။ ကျွန်တော်ကတော့– ဆရာရာဂျုန်အကြောင်း သတိရမိတိုင်း၊ ရင်ထဲ ပြေးဝင်ရောက်ရှိလာတာကတော့–ဆရာဟာ ‘နိုင်ငံမဲ့ခဲ့ရပေမဲ့–အဘိဓမ္မာတော့ မမဲ့ခဲ့လေသူ’၊ ‘နိုင်ငံမဲ့ချင်မဲ့ – အဘိဓမ္မာတော့ မမဲ့ခဲ့လေသူ’။

ဒါ့ကြောင့် ကျွန်တော်ကတော့ ဆရာ့ကို ‘ နိုင်ငံမဲ့ချင်မဲ့ – အဘိဓမ္မာတော့ မမဲ့ခဲ့လေသူ–’ ဆိုတဲ့ ခေါင်းစဉ်နဲ့ ပဲ ဂုဏ်ပြုမှတ်တမ်း တင်လိုက်မိပါတယ်။

( ဝင်းတင့်ထွန်း )

၁၀– ၁၂– ၂၀၁၀



# ဗစ်တိုယာရာ

## သို့မဟုတ်

## ချီလီနိုင်ငံရဲ့ တော်လှန်ရေးတေးသံရှင်

တာရာလင်းယုန်

နာမည်ကျော် အမေရိကန်ရိုးရာ သီချင်းအဆိုတော် ပီတာဆီးဂါး (Peter Seeger)က "သူ့သီချင်းတွေကို နားထောင်ပြီး သူ့သတ္တိက ကျွန်တော်တို့ကို ပိုသတ္တိ ရှိအောင် လှုံ့ဆော်နေသရွေ့ သူဟာ ဘယ်တော့မှ မသေ ပါဘူး"လို့ရည်ညွှန်းခဲ့တဲ့ ချီလီက အခါဇာနည် ကဗျာဆရာ–တေးသံရှင်ရဲ့နာမည်ကို စပိန်စကားနဲ့ဆိုရင် ဗစ်တိုယာရာမာတီနဲ့သ် လို့ အသံထွက်ပါတယ်။ ၁၉၃၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်နေ့မှာ မွေးဖွားပြီး ၁၉၇၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့မှာ အသတ်ခံလိုက်ရတဲ့ ဗစ်တိုယာရာဟာ ကျောင်းဆရာ၊ ပြဇာတ်ဒါရိုက်တာ၊ ကဗျာဆရာ၊ အဆိုတော်၊ သီချင်းရေးဆရာနဲ့ နိုင်ငံရေး လှုပ်ရှားသူတဦး ဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ ချီလီ ကွန်မြူနစ် ပါတီဝင်လည်း ဖြစ်ပါတယ်။

သူ့ကို ချီလီနိုင်ငံစန်တီယာဂိုမြို့တော်နဲ့မဝေးလှတဲ့ လုံ့ချွင်ဆိုတဲ့ရွာမှာ ဆင်းရဲသားမိသားစုတခုက မွေးဖွားခဲ့တာပါ။ မောင်နှမသုံးယောက်ထဲမှာ သူကနံပါတ်သုံးဖြစ်ပါတယ်။ သူ့ဖခင် မင်ညူအယ်ယာရာဟာ စာမတတ်ရှာပါဘူး။ ဒါကြောင့်သား သမီးတွေကိုလည်း စာတတ်စေဖို့ထက် အလုပ်လုပ်စေဖို့ပဲ ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဗစ်တိုယာရာဟာ ၆နှစ်သား အရွယ်ကတည်းက လယ်ထဲယာထဲမှာ အဖေနဲ့အတူ အလုပ်လုပ်ရပါတယ်။ တကယ်တော့ သူ့ဖခင်ဟာ မိသားစုကို ဖူလုံအောင် မကျွေးမွေးနိုင်ပါဘူး။ သူ့အမေကတော့ တောင်ပေါ်သွားပြီး ဆေးမြစ်၊ ဆေးဥတွေ ရှာဖွေရောင်းချရပါတယ်။ ဒီလိုနဲ့ ဘဝရဲ့ အခက်အခဲတွေကို မဖြေရှင်းနိုင်လို့စိတ်ညစ်၊ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ပြီး မူးရင် သွေးဆိုးတဲ့ အရက် သမားကြီးလုံးလုံး ဖြစ်သွားခဲ့ပါတယ်။ နောက်တော့ သူဟာ အိမ်ထောင်နဲ့အဆင်မပြေဖြစ်ပြီး အိမ်ကနေ ထွက်သွားပါတော့တယ်။ အဲဒီအချိန်ကစပြီး ဗစ်တိုတို့မိသားစုကို သူ့မိခင်က ကုန်းရုန်းရှာဖွေ လုပ်ကိုင်ကျွေးခဲ့ပါတယ်။ သူ့မိခင်ဟာ သူ့ဖခင်လို စာမတတ်ပေမတတ် မဟုတ်ပါဘူး။ သူမဟာ ကိုယ့်ဟာကိုယ် စာကို လေ့လာတတ် မြောက်ခဲ့သူဖြစ်ပြီး ဂီတာ–စန္ဒရား တီးတတ်ပါတယ်။ သီချင်းလည်း ဆိုတတ်ပါတယ်။ အရပ်ထဲက မင်္ဂလာဆောင်တွေ၊ အသုဘတွေမှာ တီးမှုတ်သီဆို ပေးတတ်ပါတယ်။ ဗစ်တိုရဲ့အနုပညာဗီဇဟာ သူ့မိခင်ဆီကပါလာတာလို့ ဆိုနိုင်ပါတယ်။

ဒါပေမဲ့ သူမဟာ ဗစ်တို ၁၅ နှစ်သားအရွယ်မှာပဲ ကွယ်လွန်သွားပါတယ်။ ဒါကြောင့် ဗစ်တိုတယောက် ၁၅ နှစ်သားအရွယ်ကစပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်လမ်းကိုယ်လျှောက်ရပါတော့တယ်။ တချိန်တည်းမှာ ဆုံးရှုံးသွားတဲ့ မိခင်ရဲ့မေတ္တာကို ဂီတာထဲမှာ ပြန်ရှာဖွေခဲ့ပါတယ်။ အစမှာ သူဟာ စာရင်းကိုင်ပညာရပ်ကို လေ့လာပါသေးတယ်။ ဒါပေမဲ့ နောက်တော့ သူဟာ ဘရင်ဂျီ ဘုန်းကြီးဖြစ်ကျောင်းတခုကို ရောက်သွားပါတယ်။ ဘရင်ဂျီဘုန်းကြီး လုပ်ဖို့ပါ။ ဒါပေမဲ့ အဲဒီမှာ ၂ နှစ်လောက်နေလိုက်တော့ သူဟာ ဘရင်ဂျီဘာသာအပေါ် သက်ဝင်မှုလျော့ပါးသွားပြီး ကျောင်းက ထွက်လိုက်ပါတယ်။

### အနုပညာသည် ယာရာ

ယာရာဟာ သူကြီးပြင်းရာပတ်ဝန်းကျင်က ချီလီအမျိုးသားများနဲ့ တခြားလက်တင်အမေရိကတိုက်သားများက ရိုးရာယဉ် ကျေးမှုနဲ့ တေးသီချင်းတွေရဲ့ လွှမ်းမိုးမှုကို နက်ရှိုင်းစွာခံခဲ့ရပါတယ်။ အထူးသဖြင့် ချီလီက အမျိုးသမီးဂီတာပညာရှင် ဗိုင်အိုလက် တာပါရာ (Violeta Parra)(၁၉၁၇–၆၇)၊ အာဂျင်တီးနားဂီတာပညာရှင်နှင့် သီချင်းရေးဆရာ အက်တာဟူအာယုပန်ချီ (Atahualpa Yupanqui) (၁၉၀၈–၁၉၉၂)နဲ့ ချီလီကဗျာဆရာကြီးပါဘလိုနီရူဒါ စသူတွေဖြစ်ပါတယ်။ ယာရာဟာ ၁၉၅၀စုနှစ် များထဲမှာ ချီလီရိုးရာ တေးဂီတလောကထဲကို ရောက်လာပါတယ်။ ၁၉၆၀စုနှစ်များထဲမှာတော့ သူဟာ အနုပညာလောကထဲကို ခြေစုံပစ် ဝင်လိုက်ပြီလို့ ဆိုနိုင်ပြီး ၁၉၆၆ ခုနှစ်မှာ ပထမဆုံး အသံသွင်းအခွေ ထုတ်ခဲ့ပါတယ်။ ဒီလိုနဲ့ သူဟာ ပြဇာတ်လောကမှာလည်း နာမည်ရခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ နောက်ပိုင်းမှာ ဂီတဘက်ကို ပိုအလေးစိုက်ခဲ့ပါတယ်။ သူ့သီချင်းတွေရဲ့ ထူးခြားချက်ဟာ ရိုးရာ အသံနဲ့လက်ဝဲနိုင်ငံရေးအယူအဆတွေ ပါနေတာပါပဲ။ ၁၉၆၀ စုနှစ်များထဲမှာကျတော့ ဇာတ်လမ်းလေးတွေကို နောက်ခံပြုထားတဲ့ သူ့ရဲ့ရိုးရာတေး သီချင်းတွေကို "သီချင်းသစ်"လို့ အများက ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။ သူ့ရဲ့အကျော်ကြားဆုံး သီချင်းတွေကတော့ "အလုပ်သမားတဦးထံ ဆုတောင်းခြင်း"နဲ့ "မင်းကိုသတိရနေတယ် အာမန်ဒါ"ဆိုတာတို့ဖြစ်ပါတယ်။

### နိုင်ငံရေးလှုပ်ရှားသူ ယာရာ

သူဟာ စီအိုင်အေ ထောက်ခံမှုနဲ့စစ်တပ်အာဏာသိမ်းခံရ၊ အသတ်ခံလိုက်ရတဲ့ ချီလီသမ္မတအာယန်ဒေးရဲ့ ပေါ်ပြူလာတပ်ပေါင်းစုကို ထောက်ခံသူဖြစ်ပြီး ဝါဒဖြန့်ရာ၊ စည်းရုံးမဲဆွယ်ရာတွေမှာ တက်တက်ကြွကြွပါဝင်ခဲ့ပါတယ်။ သူဟာ သူဆရာ လုပ်နေတဲ့ စက်မှုတက္ကသိုလ် (ဒီနေ့အခေါ် –စန်တီယာဂိုတက္ကသိုလ်)ကိုသွားနေတုန်းမှာ အာဏာသိမ်းမှုဖြစ်ပွားတာပါ။ အဲဒီညမှာ သူဟာကျောင်းကဆရာတွေ၊ ကျောင်းသားတွေနဲ့ပဲ အိပ်လိုက်ပြီး စိတ်ဓာတ်တင်ဖို့အတွက် သီချင်းတွေ ဆိုကြပါတယ်။ အဲဒါဟာ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ ဖြစ်ပါတယ်။ သူဟာ

ကျူးဘားနိုင်ငံက ဖီဒယ်ကာစထရိုနဲ့ ချေဂွေးဗားရားတို့ကို အလွန် လေးစားကြည်ညိုသူလည်း ဖြစ်ပါတယ်။

### ကျဆုံးသူယာရာ

နောက်တနေ့ စက်တင်ဘာ ၁၂ ရက်နေ့မှာတော့ ယာရာကို အာဏာသိမ်းစစ်တပ်တွေက တခြားအဖမ်းခံရတဲ့ ထောင်ဂဏန်းရှိတဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေနဲ့အတူ ချီလီအားကစားကွင်း (၂၀၀၃ ခုနှစ် စက်တင်ဘာလမှာ ဗစ်တိုယာရာ အားကစားကွင်းလို့ နာမည် ပြောင်းမှည့်လိုက်ပါတယ်)ကို ခေါ်သွားပါတယ်။ အဲဒီအားကစားကွင်းကြီး ထဲမှာပဲ စစ်သားတွေက ဖမ်းထားသူတွေကို ညှဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်ပါတယ်။ ဒီနေရာမှာ တနိုင်ငံလုံး ချစ်တဲ့ အနုပညာရှင်ကိုလည်း သူတို့က ခြွင်းချက်မထားပါဘူး။

ယာရာကို အကြိမ်ပေါင်းများစွာ ရက်ရက်စက်စက် ရိုက်နှက် ကန်ကျောက်ကြတဲ့အတွက် သူ့မှာ လက်တွေလည်းကျိုး၊ နံရိုးတွေလည်း ကျိုးခဲ့ပါတယ်။ အဲဒီလို ပြင်းထန်စွာ နာကျင်ဒဏ်ရာရပြီး မြေကြီးပေါ်မှာ လဲနေတော့ သူ့ကို နှိပ်စက်နေတဲ့ကောင်တွေက သရော်လှောင်ပြောင်ပြီး ဂီတာတီး၊ သီချင်းဆိုခိုင်းတယ်လို့ မျက်မြင်တွေ့ရသူ တခြားနိုင်ငံရေး အကျဉ်းသားတွေက ဆိုပါတယ်။ အဲဒီအခါမှာ ယာရာဟာ အန်တုတဲ့အနေနဲ့ ပေါ်ပြူလာတပ်ပေါင်းစုကို ထောက်ခံတဲ့ "ငါတို့မုချအောင်မည်"ဆိုတဲ့ သီချင်းကို ဟစ်ဆိုလိုက်ပါတယ်။ အဲဒီတော့ သူ့ကို ဝိုင်းပြီး ရိုက်ကြန်ကြပြန်ပါတယ်။ စက်တင်ဘာလ ၁၅ ရက်နေ့မှာတော့ သူ့ကို လူသူကင်းတဲ့ နေရာတခုကိုခေါ်သွားပြီး စက်သေနတ်နဲ့ပစ်သတ်လိုက်ပါတယ်။ နောက်ပြီး သူ့အလောင်းကို စန်တီယာဂိုမြို့စွန်မြို့ဖျားက လမ်းတခုပေါ်မှာ ပစ်ထားလိုက်ကြပါတယ်။ ဒီရုပ်ချော၊ အသံကောင်းအဆိုကောင်းမို့ သူ့ပရိသတ်က 'မင်းသား'လို့ အခေါ်ခံရသူ ယာရာရဲ့ အသက်မရှိတော့တဲ့ခန္ဓာကိုယ်ပေါ်မှာ တွေ့ရတဲ့ကျည်ဆံပေါက်ပေါင်းက ၃၄ ခု တောင်မှပါ။

ယာရာရဲ့ဇနီးက ဗြိတိသျှနိုင်ငံသူ ဂျုံးတာနာ(Joan Turner) ဆိုသူ ဖြစ်ပါတယ်။ ဒီအကြောင်းကိုဘယ်သူ့ကိုမှ မပြောရဘူး ဆိုတဲ့ အာမခံချက်နဲ့ ယာရာရဲ့အလောင်းကို ကောက်ခွင့်ပြုလို့ ဂျုံးဟာ သူ့ ခင်ပွန်းရဲ့အလောင်းကို ပြန်ကောက်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ ယောက်ျား အသုဘပြီးတော့ သူလည်း ချီလီနိုင်ငံကနေ တိတ်တဆိတ် ထွက်သွားခဲ့ပါတော့တယ်။

ယာရာဟာ အဲဒီအားကစားကွင်းကြီးထဲမှာ အလှောင်ခံထားရတုန်းမှာ နိုင်ငံရေးအကျဉ်းသမားတွေရဲ့ဘဝကို ထင်ဟပ်ထားတဲ့ ကဗျာတပုဒ် ရေးခဲ့ပါတယ်။ ကဗျာကို တခြားနိုင်ငံရေးအကျဉ်းသားတဦးရဲ့ ဖိနပ်ထဲမှာ ထည့်ပြီး အပြင်ကို သယ်ထုတ်နိုင်ခဲ့ပါတယ်။ ကဗျာမှာ နာမည်မပါပါဘူး။ ဒါပေမဲ့ အားလုံးကပဲ ဒီကဗျာကို 'ချီလီအားကစားကွင်း'လို့ ရည်ညွှန်းကြပါတယ်။

ယာရာရဲ့ရုပ်အလောင်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့မှာ စန်တီယာဂိုမြို့အလယ် "ဗစ်တိုယာရာနန်း"မှာကျင်းပခဲ့ပါတယ်။ လူထောင်ပေါင်းများစွာတို့ဟာ သူ့အလောင်းကိုဂုဏ်ပြုကြပြီး မူလ ၁၉၇၃ ခုနှစ်က မြှုပ်နှံတဲ့နေရာမှာပဲ ပြန်လည် မြှုပ်နှံလိုက်ကြပါတယ်။

ဗစ်တိုယာရာရဲ့အနုပညာကို မြည်းစမ်းရအောင် သူ့ကဗျာတပုဒ်ကို အောက်မှာ ဖော်ပြလိုက်ပါတယ်။ စပိန်ဘာသာကနေ အင်္ဂလိပ်ဘာသာ၊ အင်္ဂလိပ်ဘာသာကနေ မြန်မာဘာသာ၊ အဆင့်ဆင့်ဘာသာပြန်ရတာမို့



*စန်တီယာဂိုသင်္ချိုင်းမှာရှိတဲ့ဗစ်တိုယာရာရဲ့ဂူပေါ်မှာ "အောင်ပွဲသို့တိုင်"လို့ရေးထားပါတယ်*

ဒီဖြစ်စဉ်အတွင်းမှာ ကဗျာရဲ့အလှတချို့ ပျောက်ဆုံးသွားတာကိုတော့ နားလည်ခွင့်လွှတ်စေချင်ပါတယ်။

### ကြေညာစာတမ်း

ငါဟာ သီချင်းဆိုဝါသနာပါလို့မဟုတ်
အသံကောင်းလို့လည်းမဟုတ်
ငါ့ဂီတာမှာ ခံစားမှုရော၊ အမှန်တရားပါ
ပါရှိလို့ ငါသီချင်းဆိုတယ်။
သူ့မှာ ကမ္ဘာမြေကြီးရဲ့နှလုံးသားနဲ့
ချိုးငှက်ရဲ့အတောင်ပံတွေရှိတယ်။
သူဟာ နှစ်ခြင်းခံရေလို
ဝမ်းနည်းသူ၊ ပျော်ရွှင်သူကို
ဆန္ဒပြည့်စေတယ်
ဗိုင်အိုလက်တာ ပြောသလိုဆိုရင်
သူ့မှာရည်ရွယ်ချက်ရှိတယ်ပေါ့။
နွေဦးနံ့သင်းနေတဲ့
အလုပ်ကြိုးစားသူဂီတာလေး။

ငါ့ဂီတာဟာ သူဌေးတွေအတွက်မဟုတ်
မဟုတ်ဘူး၊ အဲဒါမျိုး လုံးဝမဟုတ်ဘူး။
ငါ့သီချင်းဟာ ကြယ်စင်တွေကို လှမ်းတက်တဲ့
လှေခါးဖြစ်တယ်။
ကိုယ့်သီချင်းကိုယ် သစ္စာရှိစွာ
သီဆိုရင်း သေဆုံးမယ့်လူရဲ့
သွေးကြောတွေထဲမှာ
လှုပ်ရှားနေတယ်ဆိုရင်
အဲဒီသီချင်းဟာ
အဓိပ္ပာယ်ရှိတာပေါ့။

ငါ့သီချင်းဟာ တဒင်္ဂချီးမွမ်းမှုအတွက်မဟုတ်
ပြည်ပမှာ နာမည်ကျော်ရေးအတွက်လည်း မဟုတ်
ကျဉ်းမြောင်းရှည်လျားတဲ့
နိုင်ငံတခုရဲ့ပထဝီမြေအတွက် ဖြစ်တယ်။
အရာအားလုံး လဲလျောင်းရာနဲ့
အရာအားလုံးစတင်ရာဖြစ်တဲ့
အဲဒီနေရာမှာ
ရဲရင့်တဲ့တေးတပုဒ်ဟာ
ထာဝရသစ်လွင်နေလိမ့်မယ်။

**တာရာလင်းယုန်**



နိုင်ငံတကာ့ရေးရာ

# ဂလိုဘယ်လိုက်ဖေးရှင်းခေတ်က ကမ္ဘာ့အကျပ်အတည်း

**မော်သန်းနိုင်**

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက မပြီးဆုံးသေးဘူး။ စီးပွားရေးအကျပ်ကနေ နိုင်ငံရေး အကျပ်အတည်းဆီသို့ ကူးပြောင်းနေပြီ။ နိုင်ငံရေး–လူမှုရေး မတည်ငြိမ်မှုတွေ ပေါ်နေပြီ။ ဂရိ(ခေါမ)မှာ ဖုံးခွဲတဲ့ ကိစ္စ ပေါ်တယ်။ ဂျာမနီမှာ နာဇီဝါဒသစ် လှုပ်ရှားမှု ပေါ်တယ်။ ပြင်သစ်မှာ ၁၉၆၈ က ဖြစ်ခဲ့တဲ့ လူထု ဆန္ဒပြပွဲကြီးမျိုး ပေါ်တယ်။ အင်္ဂလန်မှာတော့ ကြံ့ကြံ့ခံကြီးစည်ရာ ပူးတွဲအစိုးရ ပေါ်တယ်။(ကွန်ဆားဗေးတစ်နဲ့ လစ်ဘရယ်ဒီမိုကရက် ပူးတွဲအစိုးရ)

အမေရိကန်မှာ အောက်လွှတ်တော်ကို ရီပတ်ဘလီကင်ပါတီက စီးမိသွားပြီ။ အိုဘားမားအစိုးရနဲ့ နိုင်ငံရေးပဋိပက္ခ ဖြစ်လာစရာ ရှိတယ်။ (၂)နှစ်နေရင် ကျင်းပမယ့် သမ္မတရွေးပွဲအတွက် ‘အားစု’ကြတော့မှာ သေချာတယ်။

ဂျပန်မှာလည်း အစိုးရက မတည်ငြိမ်ဘူး။ သူပိုင်ကိုယ်ပိုင် လုနေကြတဲ့ ကျွန်းကလေးတွေကိစ္စ၊ တရုတ်နဲ့ ဖြစ်လိုက် ရုရှနဲ့ဖြစ်လိုက် ဖြစ်နေတယ်။ စီးပွားရေးအကျပ်အတည်းထဲ အာရုံရောက်နေတဲ့ လူထုကို နိုင်ငံရေးထဲ အာရုံပြောင်းသွားစေဖို့ လုပ်ကြတာပါ။ ဒီကိစ္စမျိုးက အလွန် အကဲဆတ်တယ်။ လွန်သွားရင် ပြဿနာ ကြီးတတ်တယ်။

(၁၉၃၀) စီးပွားပျက်ကပ်တုန်းကတော့ စီးပွားရေးက နိုင်ငံရေးဘက်ကို ကူးတာ သိပ်မြန်တယ်။ (၁၉၃၃) ရောက်တော့ ကမ္ဘာစစ် မလွဲမရှောင်သာ ဖြစ်တော့မယ်ဆိုတာ သေချာနေပြီ။

အခုတော့ တဖြည်းဖြည်းပဲ ပြောင်းနေတယ်။ ဟိုတုန်းကနဲ့မတူတဲ့ နိုင်ငံစုံအဖွဲ့အစည်းကြီးတွေရှိတာနဲ့အခုခေတ်မှာ စစ်ဖြစ်ရင် နိုင်သူမရှိ၊ ရှုံးသူပဲ ဖြစ်မယ့်အရေးကြောင့် စစ်ကြီးတခု ဖြစ်ဖို့တော့ မလွယ်ဘူး။ ပြည်တွင်းရေးတွေတော့ ပြောင်းဆန်နေမယ်လို့ တွက်ရပါတယ်။

# အမေရိကန်စီးပွားရေးကပ် ကမ္ဘာပတ်နေပြီ။



**ဝင်းတင့်အောင်**

(၁)အမေရိကန် စီးပွားရေးကပ်က နာလန်ထ နေးတယ်။ နာလန်ထတာမှ ဟုတ်ရဲ့လားလို့လည်း တွေးစရာပဲ။

(၂) ဒီတော့ ကမ္ဘာတဝန်းမှာပါ “ဒိုမိနို အကျိုးဆက်” ခံစားရတယ်။ လူမှုရေး မတည်ငြိမ်မှုတွေ ဖြစ်နေတယ်။ “လူတန်းစားတိုက်ပွဲ” ပြင်းထန်လေ့ရှိတဲ့ ပြင်သစ်ပြည်မှာ ပင်စင်ယူရမယ့်အသက်ကို (၆၀) နှစ်ကနေ (၆၂) နှစ်အထိ တိုးလိုက်လို့ ဆန္ဒပြပွဲတွေ ဖြစ်နေပြီ။ ဒီကိစ္စ အထက်လွှတ်တော်မှာ မဲခွဲကြတော့ (၁၇၇) မဲ– (၁၅၃) မဲနဲ့ ကပ်ပြီး အတည်ပြုပေးလိုက်တယ်။ ဒါကလည်း သမ္မတ ဆာကိုဇီ(SarKozy) က အနိုင်ရအောင် နည်းနည်းညစ်လိုက်လို့ပဲ–လို့ ဆိုကြတယ်။“လူတန်းစားတိုက်ပွဲ”က ပြင်းထန်လာဦးမှာ သေချာသလောက်ပဲ။

(၃) “လူတန်းစား စေ့စပ်ရေး”အစဉ်အလာရှိတဲ့ အင်္ဂလန်မှာတော့ မြို့ပြချွေတာရေး လုပ်နေကြရပြီ။ တခါက စူပါ ပါဝါ ဖြစ်ခဲ့တဲ့ အင်္ဂလန်ဟာ ဘယ်လောက်အထိ ကျဆင်းမလဲ၊ စောင့်ကြည့်ရမှာပဲ။

(၄) G-20 ဆိုတဲ့ နိုင်ငံ(၂၀) အုပ်စုကတော့ တောင်ကိုရီးယားမြို့တော်မှာ အတွင်းပဋိပက္ခတွေကို ကြိတ်ချေနေကြတယ်။ ဒါပေမဲ့ စေ့စပ်လို့မရ ဖြစ်နေတယ်။ ကုန်သွယ်ရေးမှာ ပဋိပက္ခ ဖြစ်နေတာကို ပြေလည်အောင်လုပ်ချင်ပေမယ့် ညှိမရ ဖြစ်နေတယ်။ ငွေကြေး လဲလှယ်မှုနှုန်းမှာ ပဋိပက္ခ ဖြစ်နေတာလည်း စေ့စပ်လို့မရဘူး။

ဘယ်လိုပဲ စေ့စပ်လို့မရဘဲ ဖြစ်နေပါစေ၊ ပြီးရင်တော့ ကြားချ ထားတဲ့– မရေမရာတဲ့ ကြေညာချက်တခု ထွက်လာမှာပါ။ “ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ” မလုပ်ကြေးလို့ပြောပြီး ကိုယ့်အကျိုးစီးပွားအတွက်ပဲ လုပ်ကြဦးမှာပဲ။

(၅) ‘ကမ္ဘာမီးလောင်– သားကောင်ချနင်း’ဆိုတာလို ကပ်ဆိုက်လာရင် “ကိုယ့်ဒုက္ခကို သူများအပေါ် ပုံချ”တာဟာ လုပ်ရိုး လုပ်စဉ်ပါ။

ရေ့တန်းရောက် တိုင်းပြည်တွေမှာ “လူမှုရေးမတည်ငြိမ်မှု”ဖြစ်ရင် ‘အလုပ်သမားသပိတ်’ဖြစ်လေ့ရှိပြီး ခေတ်နောက်ကျတဲ့ (မဖွံ့ဖြိုးသေးတဲ့) နိုင်ငံမှာ ‘လယ်သမားသူပုန်’ပေါ်တတ်တာပဲ။ ဆရာစံလယ်သမား သူပုန်ဟာ ‘၁၉၃၀’စီးပွားပျက်ကပ်ကြီးရဲ့ အကျိုးဆက်ပါ။ ။



နိုင်ငံတကာ့ရေးရာ

# အာရှဒေသတွင်း နေရာပြန်ရယူနိုင်ဖို့ အပြင်းအထန်လှုပ်ရှားနေတဲ့ အမေရိကန်

ကိုထွေး

သမ္မတဘုရှ်လက်ထက်က လွှတ်ထားခဲ့တဲ့ အာရှဒေသကို ပြန်ဝင်ဖို့ အိုဘားမား သမ္မတဖြစ်လာပြီးနောက် ပြန်လည်ကြိုးစားခဲ့ပါတယ်။ ၂၀၀၉ ဇူလိုင်လက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ဟာ ထိုင်းမှာပြုလုပ်တဲ့ အာဆီယံ ဒေသတွင်း အစည်းအဝေးလာတက်စဉ်မှာ 'အမေရိကန်ပြန်လာပြီ' လို့ ကြွေးကြော်ခဲ့တာပါ။ သမ္မတဘုရှ်လက်ထက်က အာရှနိုင်ငံများနဲ့ အဆက်အသွယ်ကြဲခဲ့ပြီး ကျဆင်းခဲ့တဲ့ သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေး အဆက်အသွယ်များကို ပြန်လည်တည်ဆောက်ဖို့ ရည်ရွယ်ပုံရပါတယ်။ စီးပွားရေးအကျပ်အတည်း ဆိုက်လာနေတဲ့ အမေရိကန်ဟာ အာရှဒေသတွင်း စီးပွားရေးနယ်ပယ်မှာ စားကွက်ကျယ်ကျယ် ရယူနိုင်ဖို့က အဓိကဦးတည်ချက် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် အောင်မြင်ဖို့ အာရှဒေသတွင်းမှာ စီးပွားရေးအင်အားကောင်းလာပြီး အာရှနဲ့အရှေ့ တောင်အာရှဒေသတွင်း နိုင်ငံများနဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အောင်မြင်လာနေတဲ့ တရုတ်ပြည်ကို ဟန့်တားဖို့၊ ထိန်းချုပ်ဖို့၊ ယှဉ်ပြိုင်ဖို့ လုပ်ဆောင်နေပါတယ်။ တရုတ်ပြည်နဲ့အာဆီယံ ဆက်ဆံမှုဟာ ဒီနောက်ပိုင်းမှာ ပိုမိုအရှိန်ကောင်းလာတာ တွေ့နေရပါတယ်။ တရုတ်နဲ့အာဆီယံအကြား လွတ်လပ်သောကုန်သွယ်ရေးဇရိယာ (FTA) ကို ၂၀၁၀၊ ဇန်နဝါရီလက ထူထောင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီ (FTA) မှာ စားသုံးသူ ၁ ဒသမ ၇ ဘီလီယံ ရှိလို့ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးဇရိယာတခု ဖြစ်လာပါတယ်။ အရင်က အာဆီယံနဲ့ ကုန်သွယ်ဘက်နိုင်ငံများမှာ ဂျပန်က ပထမ၊ အီးယူက ဒုတိယနဲ့ အမေရိကန်က တတိယ ဖြစ်ပါတယ်။ ခုအခါမှာ တရုတ်ပြည်ဟာ အမေရိကန်ကို ကျော်ပြီး တတိယနေရာကို ရောက်လာခဲ့ပါတယ်။ (FTA) သက်တမ်း (၅) နှစ်အတွင်းမှာတော့ ပထမနေရာကို ရောက်လာလိမ့်မယ်လို့ ခန့်မှန်းနေကြပါတယ်။ ဒီအခြေအနေဟာ အမေရိကန်ကို စိတ်ပူပန်စေမှာ ဖြစ်ပါတယ်။

အာဆီယံဒေသတွင်းမှာ နေရာပြန်ယူဖို့ ပြင်ဆင်လာတဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ ဒီအစည်းအဝေးမှာ ဒေသတွင်းနိုင်ငံများကို ဆွဲဆောင်စည်းရုံးနိုင်ဖို့ အီရန်နဲ့မြောက်ကိုးရီးယားတို့က ဒေသတွင်းမှာ အန္တရာယ်ပေးနိုင်သော နိုင်ငံများအဖြစ် တင်ပြခဲ့ပါတယ်။ ဒီတင်ပြမှုများဟာ အာဆီယံနိုင်ငံများရဲ့ စိတ်ဝင်စားမှု မရခဲ့ပါဘူး။ ဒါပေမဲ့ အမေရိကန်ဟာ အဲဒီကတည်းက အာရှဒေသမှာ မြောက်ကိုးရီးယားရဲ့ ခြိမ်းခြောက်မှုအန္တရာယ်ကို ရှေ့တန်းတင်တဲ့ လမ်းစဉ်နဲ့ ချီတက်ခဲ့ပါတယ်။ ဒီလို 'ခြိမ်းခြောက်မှုအန္တရာယ်' ဆိုတာကို ပြောမှပဲ ဒေသတွင်းနိုင်ငံများက အမေရိကန်ရဲ့ စစ်အင်အားကို အားကိုးလိုစိတ် ပေါ်လာအောင် ဆွဲဆောင်နိုင်ပြီး သူ့အတွက်လည်း နေရာပိုရလာနိုင်မှာ မဟုတ်ပါလား။

ဒီတလော ကိုးရီးယားကျွန်းဆွယ်နဲ့ ဂျပန်ဘက်မှာ အမေရိကန်နဲ့ ပူးတွဲစစ်ရေး လေ့ကျင့်ပွဲတွေ ဆက်တိုက်လုပ်လာတာ တွေ့နေကြရပါတယ်။ ကိုးရီးယားကျွန်းဆွယ် မတည်မငြိမ်ဖြစ်မှုဟာ ခုတလော ပိုဆိုးလာပါတယ်။ ကိုးရီးယားကျွန်းဆွယ်မှာ တင်းမာတဲ့ အခြေအနေဟာ နှစ်စဉ်ပြုလုပ်နေကျ အမေရိကန် – တောင်ကိုးရီးယား ပူးတွဲစစ်လေ့ကျင့်မှု ပြုလုပ်ချိန်ရောက်တိုင်း ဖြစ်နေကျပါပဲ။ ဒီနှစ်မှာတော့ ခါတိုင်းနှစ်တွေထက် ပိုမိုပြင်းထန်ခဲ့ပါတယ်။ စစ်လေ့ကျင့်ရေး မပြုလုပ်မီ နိုဝင်ဘာလ (၂၃) ရက်နေ့က ကိုးရီးယားကျွန်းဆွယ်ရဲ့ အနောက်ဘက်ခြမ်းက တောင်ကိုးရီးယားနဲ့မြောက်ကိုးရီးယား နှစ်နိုင်ငံရေပိုင်နက် နယ်နိမိတ် အငြင်းပွားနေဆဲ ဇရိယာအနီးမှာ နှစ်နိုင်ငံ အပြန်အလှန် အမြောက်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ဒီအဖြစ်အပျက်ကြောင့် ကိုးရီးယားကျွန်းဆွယ်ရဲ့ အေးချမ်းတည်ငြိမ်မှု ထိခိုက်စေခဲ့ပါတယ်။ ဒီအခြေအနေကို ညှိနှိုင်းဖြေရှင်းဖို့ (၆) နိုင်ငံ ဆွေးနွေးပွဲ အမြန် ခေါ်ယူကျင်းပဖို့ တရုတ်ပြည်က ဆော်ဩတင်ပြခဲ့ပါတယ်။ အမေရိကန်က စိတ်ဝင်စားမှု မပြဘဲ နိုဝင်ဘာလ (၂၈) ရက်နေ့မှာ (၄) ရက်ကြာမယ့် တောင်ကိုးရီးယားနဲ့ ပူးတွဲစစ်လေ့ကျင့်ပွဲကို ပြုလုပ်ခဲ့ပါတယ်။ ဂျပန်က လေ့လာသူအဖြစ် ပါဝင်ခဲ့ပါတယ်။ ဒီနောက် တဆက်တည်းပဲ ဒီဇင်ဘာလ (၃) ရက်နေ့မှာ ဂျပန်ရဲ့ အနောက်တောင်ဘက်ရှိ စစ်အခြေစိုက်စခန်းတခုမှာ ဂျပန် – အမေရိကန် ပူးတွဲစစ်လေ့ကျင့်ပွဲ ဖွင့်ပွဲ ပြုလုပ်ခဲ့ပါတယ်။ (၈) ရက်ကြာ ပြုလုပ်ဖို့ စီစဉ်ထားတဲ့ ဒီစစ်လေ့ကျင့်ပွဲမှာ စစ်သင်္ဘော (၆၀) စီး၊ စစ်လေယာဉ် (၄၀၀) စီးနဲ့ ချူကလီး

ယားလေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ဂျော့ဝါရှင်တန် ပါဝင်မှာ ဖြစ်ပါတယ်။ တောင်ကိုးရီးယားက ဒီစစ်လေ့ကျင့်ပွဲမှာ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပါတယ်။ ဒီနှစ် စစ်လေ့ကျင့်ပွဲ (၂) ခုမှာ ထူးခြားတာကတော့ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင် စစ်သင်္ဘော (၁) စင်း ပါဝင်လာတာနဲ့ စစ်လေ့ကျင့်မှုအတိုင်းအတာ ပိုကြီးမားပြင်းထန်တာပဲ ဖြစ်ပါတယ်။

ဒီလို အမေရိကန်နဲ့ဂျပန် နှစ်နိုင်ငံ ပူးတွဲစစ်လေ့ကျင့်နေစဉ်မှာပဲ ကိုးရီးယား ကျွန်းဆွယ်အရေး ဆွေးနွေးဖို့ တရုတ်က တိုက်တွန်းနေတဲ့ (၆) နိုင်ငံ ဆွေးနွေးပွဲ မပြုလုပ်ဘဲ အမေရိကန်၊ ဂျပန်၊ တောင်ကိုးရီးယား (၃) နိုင်ငံ– နိုင်ငံခြားရေးဝန်ကြီးများရဲ့ ဝါရှင်တန် (၁) ရက်ကြာ အစည်းအဝေးကို ဟီလာရီကလင်တန်က ခေါ်ယူကျင်းပခဲ့ပါတယ်။ ဟီလာရီ ကလင်တန်က မဟာမိတ် (၂) ဖွဲ့ရဲ့ 'နက်နက်ရှိုင်းရှိုင်း ဆက်သွယ်ဆောင်ရွက်မှု' လို့ ခေါင်းစဉ်တပ်ခဲ့တဲ့ ဒီအစည်းအဝေးမှာ ကိုးရီးယားကျွန်းဆွယ်ပြဿနာကို (၃) နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့် အားဖြည့်ဆောင်ရွက်သွားမယ်လို့ ကတိပြုခဲ့ကြကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အပြီးမသတ်နိုင်တဲ့ အီရတ်စစ်ပွဲနဲ့ အရှိန်ကောင်းနေဆဲ အာဖဂန်စစ်ပွဲနှစ်ပွဲကြောင့် ခြေကုန်လက်ပန်းကျနေတဲ့ အမေရိကန်ဟာ အာရှဒေသမှာ စစ်ပွဲသစ်တခု ထပ်မံဆင်နွှဲဖို့ မလွယ်လှတာတော့ သေချာပါတယ်။ မြောက်ကိုးရီးယားကလည်း အမေရိကန်၊ ဂျပန်၊ တောင်ကိုးရီးယား သုံးနိုင်ငံရဲ့ စစ်ရေးမဟာမိတ် ၂ ဖွဲ့ရဲ့ ဖိအားပေးမှုကို အလျှော့မပေးဘဲ ကျူးကျော်ခံရရင် ခုခံကာကွယ်ဖို့ အတတ်နိုင်ဆုံး ပြင်ဆင်မှုလုပ်ရင်း သူ့မူပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်နေပါတယ်။ သူ့ကို ထိပါးတယ်လို့ ယူဆတာနဲ့ လက်တုံ့ပြန်လိုက်တာ တွေ့နေရပါတယ်။ မြောက်ကိုးရီးယားကို ဖိအားပေးပြီး သူ့စိတ်ကြိုက်လိုက်လာအောင် ကြိုးစားနေတဲ့ အမေရိကန်အဖို့ ကြီးမားတဲ့စိန် ခေါ်မှုနဲ့ ကြုံနေရပါတယ်။ စစ်ပွဲလား၊ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှာလား ဆိုတာကတော့ အမေရိကန်ရဲ့ စီစဉ်ဆောင်ရွက်မှုက အဆုံးအဖြတ် ဖြစ်ပါလိမ့်မယ်။ အမေရိကန်ဟာ အာရှဒေသမှာ နေရာကောင်း မရနိုင်သေးတာကတော့ သေချာနေပါတယ်။

အာဆီယံဒေသတွင်းမှာ အမေရိကန်ဆောင်ရွက်မှုထဲက နောက်ထပ်အရေးပါတဲ့ ကိစ္စတခုကတော့ ဗမာပြည်အရေးကိစ္စ ဖြစ်ပါတယ်။ ဟီလာရီကလင်တန်ရဲ့ ထိုင်းမှာပြုလုပ်တဲ့ အာဆီယံထိပ်သီးအစည်းအဝေးတခုမှာ ဗမာပြည်အရေးနဲ့ပတ်သက်တဲ့ ပေါ်လစီ အပြောင်းအလဲကို စတင်ပြောခဲ့ပါတယ်။ ဘုရှ်လက်ထက်မှာ ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုများအပြင် မြန်မာအစိုးရနဲ့ တိုက်ရိုက်ဆွေးနွေးညှိနှိုင်းပြီး ဒီမိုကရေစီဖော်ဆောင်ရေးကိုပါ ပူးတွဲကျင့်သုံးမယ့် အမေရိကန်အထက်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။ အိုဘားမားသမ္မတ ဖြစ်လာချိန်မှာ အမေရိကန်က ဗမာပြည်ကို စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှု လုပ်ထားတဲ့ကာလအတွင်း တရုတ်ပြည်က ဗမာပြည်မှာ စီးပွားရေးအရ ပိုမိုတိုးချဲ့နေရာရယူသွားပြီဆိုတဲ့ ဝေဖန်သံတွေကလည်း ကျယ်သထက်ကျယ်လာနေတယ် မဟုတ်ပါလား။ ဒီအချိန်မှာပဲ ဟီလာရီကလင်တန်က ထိုင်း၊ အာဆီယံထိပ်သီးအစည်းအဝေးမှာ 'ဗမာပြည်ကို ဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေနဲ့ တပြိုင်တည်း မြန်မာဟာ တိုးတက်ပြောင်းလဲမှုတွေကို ထင်ထင်ရှားရှား ပြနိုင်ခဲ့မယ်ဆိုရင် မြန်မာနဲ့ ဆက်ဆံမှုကို တိုးတက်လာအောင်လုပ်ဖို့ အဆင်သင့်ရှိတယ်' လို့ ပြောခဲ့ပါတယ်။

ဒီနောက်ပိုင်း အမေရိကန်ဟာ ဗမာပြည်နဲ့ ပတ်သက်တဲ့ အမေရိကန်ရဲ့မူဝါဒ ပြန်လည်ဆန်းစစ်မှုတွေ၊ ဗမာပြည်နဲ့ဆက်ဆံမှုတွေ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီနောက်မှာ အထက်လွှတ်တော်အမတ် ဂျင်ဝက်ဘ်ရဲ့ ဗမာပြည်မှာ အမေရိကန်ရဲ့ ပိတ်ဆို့အရေးယူမှုတွေဟာ တရုတ်နဲ့ရုရှားကြောင့် မအောင်မြင်နိုင်ဘူး။ အမေရိကန်ဟာ တပါတီစနစ်နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဗီယက်နမ်တို့နဲ့ ဆက်ဆံရာမှာ အောင်မြင်ခဲ့သလို ဗမာပြည်နဲ့လည်း မဆက်ဆံစရာ မရှိဘူး။ ဗီယက်နမ်မှာ ပြောင်းလဲပွင့်လင်းမှုတွေ ဖြစ်ပေါ်လာတာဟာ ၁၉၉၄ မှာ အမေရိကန်ရဲ့ ကုန်သွယ်မှုပိတ်ဆို့မှု ဖယ်ရှားလိုက်တာက အရေးပါတယ်ဆိုတဲ့ အမြင်တွေ ထုတ်ဖော်လာခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ အမေရိကန်နဲ့ နအဖ အစိုးရရဲ့ တိုက်ရိုက်ထိတွေ့မှု ပြုလုပ်ရေး ခြေလှမ်းတွေလည်း သွက်လာပါတယ်။ ဗမာပြည်မှာ စီးပွားရေးအရ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ပြင်ဆင်တာတွေပါပဲ။

ဗမာပြည်က အတိုက်အခံ နိုင်ငံရေးအင်အားစုများက လက်မခံတဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကို ကိုင်စွဲမယ့် နအဖ ရဲ့ 'အရပ်သားအစိုးရ' ကို ဖန်တီးဖို့ ၂၀၁၀ ရွေးကောက်ပွဲကတော့ ကျင်းပ ပြီးသွားပါပြီ။ ၂၀၁၁ ထဲမှာ နအဖရဲ့ 'အရပ်သား အစိုးရ' က ပေါ်လာဖို့ တာစူနေပြီ ဖြစ်ပါတယ်။ ၂၀၁၁ အခြေအနေသစ်အောက်မှာ အမေရိကန် ဘာဆက်လုပ်မလဲဆိုတာ စောင့်ကြည့်ဖို့သာ ရှိပါတယ်။ စစ်အင်အားတပြပြ၊ ဒီမိုကရေစီစကား တဖွဖွပြောပြီး အာရှဒေသမှာ ဝင်တိုးနေတဲ့ အမေရိကန်ဟာ နေရာကောင်းမရသေးတာ အမှန်ပါပဲ။

**ကိုထွေး**



နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု

# တဟုန်ထိုးချီတက်နေတဲ့ အိန္ဒိယ ကွန်မြူ နစ်ပါတီ (မော်ဝါဒီ)

ခင်အေးကြည်မြ

လောလောဆယ်ဆယ် နှစ်များအတွင်း အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ရဲ့ လှုပ်ရှားမှုဟာ တနေ့တခြား သွက်လက်လာနေတယ်။ ဒီအဖွဲ့အစည်းဟာ အိန္ဒိယအစိုးရကို ခုခံ တိုက်ပွဲဆင်ရင်း တဖြည်းဖြည်း အင်အားတိုးပွားလာတယ်။ စွမ်းရည်လည်း တက်လာတယ်။ ဒီလိုနဲ့ ၂၀၀၆ ကစပြီး အိန္ဒိယအစိုးရကို အကြီးဆုံး စိန်ခေါ်နေတဲ့ အဖွဲ့အစည်း ဖြစ်လာတယ်။

နာဆာအဖွဲ့ တနည်း အိန္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ)ကို ပြင်ပလောကက (မော်ဝါဒီဂိုဏ်း) လို့ ခေါ်တယ်။ ၁၉၆၇ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ)ကို မကျေနပ်တဲ့ တော်လှန်ရေးအင်အားတချို့ဟာ "နာဆာဘာရီ" (Naxalbari) ရွာမှာ လယ်သမားပုန်ကန်မှုကို စတင် လိုက်တယ်။ အဲဒါကို အစွဲပြုပြီး နာဆာဂိုဏ်းသားတွေ(နာဆာလိုက်)လို့ ခေါ်တယ်။ ၂ နှစ်အကြာမှာ အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်၊ လီနင်ဝါဒ)ကို ထူထောင်တယ်။ အဲဒီ နောက် ၁၀ နှစ် လောက်အတွင်း ခွဲထွက်မှုတွေ အဆက်မပြတ် ဖြစ်နေခဲ့တယ်။ ၂၀၀၄ မှာ အိန္ဒိယရဲ့ အရေးပါဆုံး နာဆာအဖွဲ့ ၂ ဖွဲ့ဖြစ်တဲ့ အန် ဟာရာ ပရာဒက်ပြည်နယ်က အိန္ဒိယပြည် ကွန်မြူနစ်ပါတီ (မာ့က်စ်၊ လီနင်) ပြည်သူ့စစ်ပွဲ အုပ်စု၊ ဘီဟာ ပြည်နယ်နဲ့ ၎င်းအနီးဝန်းကျင်ရှိ အိန္ဒိယမော်ဝါဒီ ကွန်မြူနစ်တွေရဲ့ ဌာနချုပ်အင် အားစုများ ပူးပေါင်းကာ အခုခေါ်နေကြတဲ့ အိ န္ဒိယကွန်မြူနစ်ပါတီ (မော်ဝါဒီ) ဆိုတာကို ထူထောင်လိုက်တယ်။ အထွေထွေ အတွင်းရေး မှူးအဖြစ် ဂျာနာပါသီ (Ganapathi)က တာဝန်ယူတယ်။

ပါတီ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းမှာ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းဝါဒတို့ကို ပါတီရဲ့ လမ်းညွှန်အတွေးအခေါ်အဖြစ် အတိအလင်း ပြဋ္ဌာန်းထားတယ်။ ဒ့ါအပြင် ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်မှုဖြင့် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲသွားရေး နည်းပရိယာယ်နဲ့ ပါတီရဲ့ နောက်ဆုံး ရည်မှန်းချက်မှာ တကမ္ဘာလုံး သွေးစုပ်မှု မရှိတဲ့ ကွန်မြူနစ်လူ့အဖွဲ့အစည်း ထူထောင်သွားရေးလို့ တင်ပြထားတယ်။

အဲဒီ နည်းပရိယာယ် လမ်းကြောင်း အတိုင်း လိုက်ပြီးတဲ့နောက်မှာ ပါတီဟာ တဟုန်ထိုး ကြီးထွားလာတယ်။ ၂၀ ရာစု ၉၀ ခုနှစ်များက ပြည်နယ် ၄ ခု၊ ခရိုင် ၁၅ ခုလောက် အပေါ်မှာသာ ဩဇာရှိခဲ့ရာက ၂၀၀၄ ရောက်တော့ ပြည်နယ် ၁၃ ပြည်နယ်၊ ခရိုင် ၁၅၆ ခရိုင် အထိ တိုးပွားလာတယ်။ ဒီနေ့ဆိုရင် အိန္ဒိယ ၂၈ ပြည်နယ်နဲ့ ညွန့်ပေါင်း ပြည်နယ် ၆ ပြည်နယ်အနက် ၁၆ ပြည်နယ်ဟာ မော်ဝါဒီတွေရဲ့ ဩဇာအောက် ရောက်ရှိနေပါပြီ။ တပြည်လုံးမှာ ဒေသ ၆၀၄ ခုရှိတဲ့အနက် ၂၁၂ နေရာမှာ လှုပ်ရှားမှုတွေ ရှိနေပါပြီ။

ပါတီဟာ မိမိရဲ့လှုပ်ရှားမှုများကို ကျယ်ပြောလှတဲ့ အလတ်တန်းစားနဲ့ အောက်ခြေလူတန်းစား လူထုကြီးတရပ်လုံးရဲ့ အကျိုးစီးပွားနဲ့ ပေါင်းစပ်သွားနိုင်ရေးကို အားထုတ်လုပ်ဆောင်ခဲ့တယ်။ လူ့အဖွဲ့အစည်း တရားမျှတရေး၊ အမျိုးသမီးများ တန်းတူရေးကို ထောက်ခံတယ်။ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်တယ်။ "ညီညွတ်ရေးတပ်ပေါင်းစု"ကို အလေးဂရုပြု လက်တွေ့ကျင့်သုံးတယ်။ မြေယာ ပြုပြင်ပြောင်း



လဲရေးမှာ လူထုကြီးနဲ့ စည်းလုံးညီညွတ်ပြီး ကျယ်ပြောလှတဲ့ ဆင်းရဲသား ပြည်သူလူထုရဲ့ ထောက်ခံမှုရရေးကို ရပ်ခံ တင်ပြတယ်။

ပါတီရဲ့ အင်အားစုများဟာ အိန္ဒိယ အရှေ့ပိုင်း၊ မြောက်ပိုင်းနဲ့ အလယ်ပိုင်း ကျယ်ပြောလှတဲ့ ကျေးလက်ဒေသတွေ၊ ချောင်ကျတဲ့ သစ်တော ဒေသတွေနဲ့ ဇာတ်တူမျိုးတူစုတွေ နေထိုင်ရာဒေသ တွေမှာ အဓိကစုစည်း လှုပ်ရှားတယ်။ အဲဒီဒေသမျိုးတွေမှာ အိန္ဒိယအစိုးရရဲ့ အင်အားစုတွေ နှိုင်းယှဉ်ခြင်းအားဖြင့် ချည့်နဲ့တယ်။ ဒါကြောင့် ပါတီအင်အားစုတွေဟာ အဲဒီဒေသတွေမှာ အလွယ်တကူ ရှင်သန်ကြီးထွားနိုင်ခဲ့တယ်။

ပါတီဟာ စည်းရုံးဖွဲ့စည်းမှုမှာ သိပ်သည်းကျစ်လျစ်တယ်။ အထက်မှအောက်၊ ဗဟိုကော်မတီ၊ ဒေသအဆောက်အအုံ၊ ပြည်နယ်ကော်မတီ၊ ဌာနကော်မတီနဲ့ အဖွဲ့ငယ်ကော်မတီများအဖြစ် သိပ်သည်းကျစ်လျစ်တဲ့ ပြုမူဆောင်ရွက်ရေးစနစ် တစုံလုံး အခြေခံအားဖြင့် ဖွဲ့တည်ထားတယ်။ တချိန်တည်းမှာ မော်ဝါဒီတွေရဲ့ အဓိက တိုက်ခိုက်ရမယ့် ပစ်မှတ်ကတော့ အိန္ဒိယဗဟိုနဲ့ ပြည်နယ်အစိုးရ အဆောက်အအုံများ၊ စစ်တပ်နဲ့ အစိုးရ ဘက်ဆိုင်ရာ အရေးကြီးပုဂ္ဂိုလ်များနဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်များ ဖြစ်တယ်။

အခြားတိုင်းပြည်က မော်ဝါဒီများနဲ့ နှိုင်းယှဉ်ရင် အိန္ဒိယမော်ဝါဒီများဟာ ဖြစ်ထွန်းတိုးတက်မှု အံ့ဩစရာကောင်းလောက်အောင် မြန်တယ်။ ဒါဟာ အိန္ဒိယရဲ့ လူမှုရေး၊ နိုင်ငံရေး စတဲ့ဘက်တွေမှာ တည်ရှိနေတဲ့ မွေးရာပါ ပြဿနာတွေ ကြောင့်ပါပဲ။

အိန္ဒိယဟာ ကမ္ဘာပေါ်မှာ တွေ့ရခဲလှတဲ့ ဆင်းရဲချမ်းသာကွာဟမှု အလွန်ကြီးမားတဲ့ နိုင်ငံဖြစ်တယ်။ ဆင်းရဲသား အရေအတွက်ဟာ အံ့ဩစရာ ကောင်းလောက်အောင် များပြားလှတယ်။ မော်ဝါဒီတွေ ပျားပန်းခတ် လှုပ်ရှားနေတဲ့ ဒေသတွေဟာ ပထဝီအနေအထားအရ ချောင်ကျလှပြီး ဆင်းရဲတဲ့ ဒေသတွေ ဖြစ်တယ်။ ဥပမာ – ဘီဟာပြည်နယ်၊ ဩရစ္စပြည်နယ်၊ အလယ်ပိုင်း ပြည်နယ်တွေနဲ့ အနောက်ဘင်္ဂလားပြည်နယ်။ ဒီဒေသတွေရဲ့ ကျယ်ပြောလှတဲ့ ကျေးလက်တွေဟာ သစ်တောတွေ ထူထပ်တယ်။ သယံဇာတ အရင်းအမြစ် ပေါကြွယ်တယ်။ ယေဘုယျအားဖြင့် နေထိုင်ကြသူတွေဟာ လူနည်းစုအမျိုးသားများနဲ့ အချို့ဇာတ်တူ မျိုးတူစုဝင်တွေ နေထိုင်ကြတယ်။

အဲဒီဒေသတွေမှာ အိန္ဒိယအစိုးရက လောလောဆယ်နှစ်များအတွင်း စက်မှုလုပ်ငန်းတွေ၊ မြို့ပြတည်ဆောက်မှုတွေ၊ "စီးပွားရေး အထူးဇုန်" တည်ဆောက်မှုတွေ၊ သစ်ခုတ်လှဲမှုတွေ၊ သတ္တုသိုက်တူးဖော်မှုတွေ လုပ်ပါတယ်။ ဒီလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အစိုးရက မြေယာတွေကို အမိန့်နဲ့ ဗိုလ်ကျ ... 



## အိန္ဒိယ ကွန်မြူနစ်ပါတီ (မော်ဝါဒီ)ရဲ့ အလံတော်

ခဲ့တယ်။ လျော်ကြေးပေးမှု အလွန်နည်းပါတယ်။ ဒါကြောင့် အများစုဖြစ်တဲ့ သီးစားလယ်သမားနဲ့ ဇာတ်တူမျိုးတူစုဝင် လူထုကြီးဟာ ပိုမိုဆင်းရဲချို့တဲ့လာတယ်။ အစိုးရက မြေယာတွေကို အမိန့်နဲ့ အမြဲလိုလို ငှားရမ်းသုံးစွဲနေတော့ ဒေသခံ ဆင်းရဲသား အောက်ခြေ လူထုကြီးဟာ မြေယာလက်လွှတ်ဆုံးရှုံးကုန်ပါတယ်။ သူတို့ဟာ အလုပ်အကိုင်လည်း မရှိ၊ အတတ်ပညာ စွမ်းရည်များလည်း မရှိတော့ အသက်ရှင်နေထိုင်ရေးအတွက် ဝင်ငွေမရှိဖြစ်ကြရတယ်။ ဒါကြောင့် ဒေသခံ ဆင်းရဲသားလူထုကြီးက အမိန့်အရ မြေယာငှားရမ်းသုံးစွဲတဲ့ လုပ်ငန်းတွေ ဖော်ထုတ်လာမှုကို ဆန့်ကျင်လာကြတော့တယ်။ ၂ ဖက် အကြမ်းဖက်မှု အဓိကရုဏ်းတွေ အမြဲ ဖြစ်ပေါ်ခဲ့ရတယ်။ ဒေသခံ ပြည်သူတွေဟာ ဒီလိုနဲ့ ဘဝပျက်ကြရပါတယ်။ ဒီလို ထွက်လမ်း ပိတ်သလို ဖြစ်နေချိန်မှာ ကျယ်ပြောလှတဲ့ အလယ်အလတ်နဲ့ အောက်ခြေလူထုတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတဲ့ မော်ဝါဒီတွေဟာ မှီခိုအားထားစရာ ဖြစ်ခဲ့ရတယ်။

အိန္ဒိယရဲ့ ဇာတ်ခွဲခြားတဲ့စနစ်ဟာ မော်ဝါဒီတွေ တည်ရှိလာမှုရဲ့ အကြောင်းရင်းတရပ်လည်း ဖြစ်တယ်။ အိန္ဒိယမှာ အဖိနှိပ်အခံရဆုံးဖြစ်တဲ့ “ဇာတ်နိမ့်” လူဦးရေ သန်း ၁၆၀ လောက်ရှိတယ်။ သူတို့ဟာ မြောက်ပိုင်းပြည်နယ်များ၊ သြရစ္စပြည်နယ်နဲ့ အလယ်ပိုင်းပြည်နယ်များမှာ နေထိုင်ကြတယ်။ ၎င်းအနက် ၄ ပုံ ၃ ပုံဟာ စာပေယဉ်ကျေးမှု မရှိသူများဖြစ်တယ်။ သူတို့ရဲ့ နေထိုင်မှုအဆင့်အတန်းဟာ ဆင်းရဲမွဲတေမှုလို့ သတ်မှတ်ထားတဲ့ မျဉ်းကြောင်းအောက် ရောက်နေပါတယ်။ အိန္ဒိယအစိုးရဟာ ဇာတ်ခွဲခြားမှုစနစ် ဖျက်သိမ်းရေးအတွက် စီမံကိန်းအမျိုးမျိုး ချမှတ် လုပ်ဆောင်ခဲ့တယ်။ ဒါပေမဲ့ ခေတ်နောက်ကျတဲ့ ဒေသတွေမှာ ဇာတ်ခွဲခြားမှုစနစ်ဟာ ဆင်းရဲသား ပြည်သူတွေရဲ့ ခေါင်းပေါ်မှာ အနှောင်အဖွဲ့ ဖြစ်မြဲ ဖြစ်နေဆဲပါပဲ။ အဲဒီဒေသတွေမှာ ပြည်သူလူထုကြီးဟာ ဇာတ်ခွဲခြားမှုအရ နေထိုင်ကြရပြီး လူမှုဆက်ဆံရေး၊ ထိမ်းမြားလက်ထပ်ရေးများမှာ ပြင်းထန်တဲ့ ကန့်သတ်ချုပ်ခြယ်မှုတွေ ခံနေရတယ်။ အလုပ်အကိုင်ဘက်မှာလည်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းသွားတဲ့ စနစ်အရ ဖြစ်နေပြီး ပြုပြင်ပြောင်းလဲရေး မလုပ်နိုင်ပါဘူး။ ဆင်းရဲသားပြည်သူတွေဟာ မိမိတို့ရဲ့ ဘဝကံကြမ္မာကို လုံးပန်းတိုက်ခိုက် ပြောင်းလဲ မပစ်နိုင် ဖြစ်နေကြရတယ်။ ဒီလိုအခြေအနေမှာ အမျိုးသားတန်းတူရေး၊ လူတန်းစားဖိနှိပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးကို စွဲကိုင်ထားတဲ့ မော်ဝါဒီများဟာ အကြီးအကျယ် ကြိုဆိုခြင်းခံရတော့တယ်။

အိန္ဒိယဟာ ပါတီစုံစနစ် ကျင့်သုံးတဲ့ နိုင်ငံ။ ပါတီ အကြီးအသေး အမျိုးမျိုးရှိတယ်။ မော်ဝါဒီတွေအပေါ်မှာလည်း သဘောထား အမျိုးမျိုးရှိကြတယ်။ ဗဟိုအစိုးရနဲ့ပင် သဘောထား မတူကြပါ။ မော်ဝါဒီတွေကလည်း နိုင်ငံရေးပါတီများအကြားက ပဋိပက္ခများကို အသုံးချပြီး ကျေးလက်တွေမှာ အင်အား ကြီးထွားလာရေးကို အားထုတ်လုပ်ဆောင်ပါတယ်။

ပညာတတ်လောကနဲ့ မီဒီယာ လောကသားတွေကလည်း မော်ဝါဒီရဲ့နိုင်ငံရေးရပ်တည်ချက်တချို့ကို အလွန် ချီးကျူးထောက်ခံကြတယ်။ မော်ဝါဒီတွေတင်ပြကြတဲ့ တချို့ ရပ်တည်ချက်နဲ့ စဉ်းစားချက်တွေကို ထောက်ခံကြောင်း နေရာအမျိုးမျိုးကနေ ဖော်ပြကြတယ်။ အဖမ်းခံထားရတဲ့ အရေးပါတဲ့ မော်ဝါဒီခေါင်းဆောင်များကို တရားမျှတတဲ့ အရေးယူမှုလုပ်ရေးကို ရပ်ခံတင်ပြ တောင်းဆိုပေးကြတယ်။

အိန္ဒိယအစိုးရဟာ မော်ဝါဒီများကို ချုပ်ချယ်ကန့်သတ်ရေး စီမံကိန်း အမျိုးမျိုး လုပ်ခဲ့တယ်။ ဒါပေမဲ့ ဗဟိုနဲ့ ပြည်နယ်အစိုးရ အကြား ပဋိပက္ခမျိုးစုံအောက်မှာ ဗဟိုအစိုးရရဲ့ မော်ဝါဒီ ထိန်းချုပ်ရေးတွေဟာ ထိရောက်မှု မရှိဖြစ်သွားခဲ့ရတယ်။

မော်ဝါဒီများရဲ့ လှုပ်ရှားမှုဟာ အိန္ဒိယ နိုင်ငံရေးလောကကို ဂယက်ရိုက်ပါတယ်။ အိန္ဒိယနိုင်ငံရေးလောကဟာ အာဏာနဲ့ ကိုယ်ကျိုးစီးပွားရှာမှုတွေကြောင့် အပုပ်နံ့ တထောင်းထောင်း ထနေပါတယ်။ မော်ဝါဒီတွေ ပေါ်ထွက်လာခြင်းက ဆင်းရဲသားပြည်သူတွေကို မျှော်လင့်ချက်တွေ ရရှိစေပါတယ်။

မော်ဝါဒီတွေရဲ့ လှုပ်ရှားမှုက အိန္ဒိယနိုင်ငံခြားရေးပေါ်လစီကို ရိုက်ခတ်တယ်။ မော်ဝါဒီတွေရဲ့ အင်အားက အိမ်နီးနားချင်း နိုင်ငံတွေကို တိုးပွားသွားနေတာကြောင့် အိန္ဒိယအစိုးရရဲ့ တောင်အာရှ နိုင်ငံခြားဆက်ဆံရေးအပေါ် ရိုက်ခတ်မှုတွေ များသထက် များလာတယ်။ အိန္ဒိယအစိုးရက နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)တွေ အာဏာရလာခြင်းဟာ အိန္ဒိယမော်ဝါဒီတွေကို စိတ်ဓာတ်ရေးရာအရ အားတက်မှုတွေ ဖြစ်သွားစေခဲ့တယ်လို့ ယူဆတယ်။ ဒါကြောင့် နီပေါ မော်ဝါဒီတွေ ပြုတ်ကျသွားအောင် အိန္ဒိယဟာ နီပေါနိုင်ငံရေးမှာ ဝင်ရောက်စွက်ဖက်ခဲ့တယ်။

မော်ဝါဒီတွေရဲ့ အင်အားဟာ အိန္ဒိယကို ဗဟိုပြုပြီး စတင်ဖြစ်တည်ခဲ့ရာက နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်အထိ ကျယ်ပြန့်သွားကာ “လိပ်ခုံးသဏ္ဍာန် အနီရောင်စောင်းတန်း” အဖြစ် တဆက်တစပ်တည်း ဖြစ်တည် လာခဲ့တယ်။ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် မော်ဝါဒီအချင်းချင်းအကြား ဆက်စပ်မှုတွေ ရှိနေပါတယ်။ နိုင်ငံတကာ လက္ခဏာဆောင်တဲ့ တောင်အာရှ မော်ဝါဒီများ နိုင်ငံရေးပါတီနဲ့ ပူးပေါင်းဆောင် ရွက်ရေးကော်မတီမှတဆင့် ညီညာဖျဖျ လှုပ်ရှားဆောင်ရွက်ရေးနဲ့ အပြန်အလှန် လှုပ်ရှားမှုများကို ဆောင်ရွက်ပါတယ်။

ရှေ့အလားအလာကို မျှော်မှန်း ကြည့်ရင် ကမ္ဘာ့လွှမ်းခြုံမှုဟာ နက်နက်ရှိုင်းရှိုင်း ဖြစ်ထွန်းတိုးတက်လာနေတာနဲ့အမျှ အိန္ဒိယဟာ မိမိရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ လူ့အဖွဲ့အစည်းနဲ့ ဆက်စပ်ရေးအတွက် စီးပွားရေးလွှတ်လပ်ရေး၊ အဆောက်အအုံ ထိန်းညှိရေးကို တဆင့်တက် အကျယ်အပြန့် ဆောင်ရွက်သွားရလိမ့်ဦးမယ်။ ဒီဆောင်ရွက်ချက်တွေကြောင့် အိန္ဒိယလူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခ အမျိုးမျိုး ပေါ်ပေါက်လာပါလိမ့်မယ်။ ဒီအချက်တွေက မော်ဝါဒီများ တဆင့်တက် အင်အား ကြီးမား လာရေးအတွက် နှိုင်းယှဉ်ခြင်းအရ ကြီးမားတဲ့အခွင့်ကောင်းတွေ ပေါ်လာစေပါလိမ့်မယ်။

ဒါ့အပြင် မော်ဝါဒီတွေရဲ့ စည်းရုံးပြုမှု လုပ်ဆောင်ချက်တွေက အားရှိ၊ စည်းကမ်းကသိပ်သည်းကျစ်လျစ်၊ ရည်မှန်းချက်မှာလည်း ရှင်းလင်းတိကျပါတယ်။ သူတို့ဟာ အိန္ဒိယမှာ ရေရှည် တည်ရှိခဲ့တဲ့ လူမှုရေး၊ စီးပွားရေးပြဿနာတချို့ကို ကျယ်ပြောလှတဲ့ အလယ်အလတ်နဲ့ အောက်ခြေလူတန်းစားတွေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပစ်မှတ်အဖြစ် အသုံးချနိုင်ရင် မုချ အကွက်အကွင်းတွေ ပေါ်လာပါလိမ့်မယ်။ သူတို့ဟာ လက်နက်တပ်ဆင်မှုမှာ ချည့်နဲ့နေပါသေးတယ်။ အစိုးရနဲ့ အန်တုဖက်ပြိုင်ရေးမှာ အားမရှိ ဖြစ်နေဆဲပါပဲ။ အရင်းခံအားဖြင့် သူတို့ဟာ အတော်အတန်ရှည်ကြာတဲ့ အချိန်ကာလ တခု အထိ ကျေးလက်မှာ လှုပ်ရှားဆောင်ရွက်ရေးကို သာ လုပ်ဆောင်နေရပါလိမ့်ဦးမယ်။

နောက်ဆုံးမှာတော့ မော်စီတုန်းရဲ့ ပြည်သူ့စစ်ပွဲနည်းပရိယာယ်အရ သူတို့ဟာ ကျေးလက်ကနေ မြို့ဝိုင်း၊ နောက်ဆုံးတပြည်လုံး အာဏာသိမ်းလမ်းကြောင်းအတိုင်း တက်လှမ်းသွား နိုင်ပါလိမ့်မယ်။

**ခင်အေးကြည်မြ** **၁၁–၁၁–၂၀၁၀။**



# နေတိုး(NATO) ကမ္ဘာ့ ပုလိပ်အဖွဲ့ကြီး ဖွဲ့လိုက်ပြီ

အောင်စိုးသိန်း

၁။ နိုဝင်ဘာ ၁၉ ရက်မှာ ပေါ်တူဂီပြည် လစ်စဘွန်းမြို့မှာ နေတိုး (NATO) ၂၈ နိုင်ငံ အစည်းအဝေးလုပ်တယ်။

အဲဒီအစည်းအဝေးက “ကမ္ဘာ့ပုလိပ်အဖွဲ့ကြီး” ဖွဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ “ပုလိပ်အဖွဲ့”ဆိုတော့ ပုလိပ်အလုပ်မှန်သမျှ ကမ္ဘာ ပတ်ပြီး လုပ်ကြမှာပါ။

၂။ နေတိုးလစ်စဘွန်း အစည်းအဝေးဆုံးဖြတ်ချက်မှာတော့ အကြမ်းဖက်လူသတ်ဝါဒ ဆန့်ကျင်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စတဲ့ ယေဘုယျဆန်ဆန်ပဲ ရေးထားပါတယ်။ ယေဘုယျဆန်ဆန်ပဲရေးထားတော့ သူတို့မလိုသူတိုင်းကို အဲဒီပုဒ်မနဲ့ အရေးယူနိုင်တာပေါ့။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသဖြင့် ကြီးကြီးမားမား ရည်မှန်းချက်မထားတော့ပါဘူး။

၃။ နေတိုးစစ်အင်အားက အာရှအလယ်ပိုင်းမှာ ရောက်နေပြီးသားပါ။ အခုတော့ အာရှတတိုက်လုံး တိုးချဲ့တော့ မယ့်သဘော တွေ့နေရတယ်။

* ကိုရီးယားကျွန်းဆွယ် အမြောက်သံ စပြီးကြားလာရပြီ။

* အမြောက်သံထွက်ပြီး နောက်တရက်မှာပဲ ကိုရီးယားကျွန်းဆွယ်နဲ့ တရုတ်ပြည်ကြားမှာရှိတဲ့ ပင်လယ်ဝါမှာ အမေရိကန်နဲ့ တောင်ကိုးရီးယားတို့ ရေတပ်လေ့ကျင့်ရေးလုပ်မယ်လို့ ကြေညာတယ်။ လေ့ကျင့်တာမှာ ‘ဂျော့ဝါရှင်တန် လေယာဉ်တင်သင်္ဘောကြီး’ ပါမတဲ့။ စစ်လေယာဉ် ၇၅ စင်းပါပြီး၊ စစ်သား ၆၀၀၀ ပါနေတဲ့ ကမ္ဘာ့ခေတ်အမီဆုံးသင်္ဘောကြီးပဲ။

* အမြောက်နဲ့ အပြိုင်အဆိုင်ပစ်တဲ့ပွဲ ပြီးပြီးချင်းမှာပဲ အိုဘားမားက လီမြောင်ဘတ်ဆီကို တယ်လီဖုန်းဆက်ပြီး တောင်ကိုးရီးယားမှာ ရှိတဲ့ အမေရိကန်စစ်သည် ၂၈,၅၀၀ က တောင်ကိုရီးယားစစ်သည်တွေနဲ့ ရင်ဘောင်တန်းပြီး တိုက်ပွဲဝင်မယ်လို့ ပြောခဲ့သတဲ့။

ဒီအရေးအခင်းမှာ ‘နေတိုး’မပါသေးဘူး။ ဒါပေမဲ့ အမေရိကန်ပါနေတယ်။ နေတိုးအဖွဲ့ရဲ့ စည်းမျဉ်းတခုက အဖွဲ့ဝင်တဦးဦးကို ထိလာရင် အားလုံးက ဝိုင်းပြီးကူရမယ်လို့ ပါထားနေတော့ ကိုရီးယားစစ် တကျော့ပြန်များ ဖြစ်လာမလားလို့ တွေးပူရပါတယ်။

ကိုရီးယားစစ်(၁၉၅၀–၅၃) ကလိုတော့ ကုလသမဂ္ဂအလံထူပြီး တိုက်တာမျိုး မဖြစ်နိုင်ပေမယ့် ကမ္ဘာ့ပုလိပ်ကြီးတာဝန်ယူထားတဲ့ နေတိုးတပ်တွေ ပါဝင်နိုင်ပါတယ်။

၄။ အာရှအရှေ့မြောက်မှာ စစ်ဖြစ်ရင် အာရှအရှေ့တောင်ကိုလည်း ကူးလေ့ရှိတဲ့ သာဓက ရှိဖူးထားလို့ ဗမာပြည်အတွက် တွေးပူပါတယ်။ ကိုယ့်အိမ်တွင်းရေးကလည်း မပြေလည်သေး။ စစ်အစိုးရကလည်း မဖြစ်ညစ်ကျယ် အမေရိကန်ကို ရန်စကားပြောနေလေတော့ ယမ်းချေးပန်းလာမှာကို စိုးရိမ်ရပါတယ်။ ပုလိပ်ကအမှုရှာရင် အမှုက တွေ့တတ်တာမျိုးပါ။





နိုင်ငံတကာ့ရေးရာ

## စစ်ပြန်များရဲ့ စစ်ဒဏ်ရာ(PTS) ရောဂါ

(၁) အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က “ (PTS) စစ်ဒဏ်ရာရောဂါရတဲ့ အာဖဂန်နဲ့ အီရတ် စစ်ပြန်တွေ များလာတယ်။ သူတို့ကို ကုထုံးသစ်နဲ့ ကုသပေးမယ်”လို့ စစ်သည်အိမ်ထောင်စုတွေကို ပြောကြောင်း ‘ရိုက်တာ’ သတင်းမှာ ဖတ်လိုက်ရတယ်။

ကုထုံးသစ်ဆိုတာထဲမှာ အပ်စိုက်ကုတာ၊ နှိပ်နယ်ပေးတာ၊ ဆီမွှေးလိမ်းပြီး ကုသပေးတာ စတာတွေ ပါမယ်လို့ ဆိုတယ်။

(၂) အီရတ်နဲ့ အာဖဂန်မှာ ကြာကြာ စစ်မှုထမ်းရတဲ့ သူတွေမှာ ဒီ (PTS) စစ်ဒဏ်ရာ ရကြတယ်လို့ ဆိုတယ်။ ရောဂါရဲ့ လက္ခဏာက ထိတ်လန့်စရာတွေ၊ နောက်ကြောင်းပြန်ပေါ်တတ်တာ၊ ဂနာမငြိမ်ဖြစ်တာ၊ ကြက်သေ သေသလို ခဏခဏ ဖြစ်သွားတာတွေလို့ ဆိုတယ်။ ဒဏ်ရာရပြီး တနာရီအတွင်းမှာ မော်ဖီးယား ဆေးထိုးနိုင်သူတွေကတော့ (PTS) အဖြစ် နည်းတယ်လို့ဆိုတယ်။

(၃) (PTS) ရောဂါ လုံးလုံးပျောက်ကင်းချင်ရင် လုပ်စရာက တခုတည်းပဲ ရှိတယ်။ ကျူးကျော်စစ်ကို ရပ်လိုက်ဖို့ပဲ။

ကျူးကျော်စစ် ဆင်နေသမျှကတော့ ဘာကုထုံးနဲ့ပဲ ကုကု ပျောက်သွားမှာ မဟုတ်ပါဘူး။

ဗီယက်နမ်စစ်တုန်းကလည်း ဒီလိုပဲ ဖြစ်ခဲ့ဖူးတာပဲ။ ဗီယက်နမ်စစ်မှာ ရှုံးသွားတော့ အဲဒီရောဂါ အမြစ်ပြတ်သွားတာပဲ မဟုတ်ပါလား။

မိုးမြင့်

((PTS)=Post-Traumatic Stress)

## အမေရိကားမှာ လှုပ်ရှားမှုတခု ပေါ်နေတယ်။

ဉာဏ်လှိုင်

(၁) Tea Party ‘တီးပါတီ’ လှုပ်ရှားမှုတဲ့။ ၁၇၇၅ ခုနှစ် ဘော်စတွန်မြို့က Boston Tea Party ကို အတုယူထားတာပဲ။

(၂) ဟိုတုန်းက လှုပ်ရှားမှုက ကိုလိုနီပိုင်ရှင် အင်္ဂလိပ်ကို ဦးတည်ရန်သူအဖြစ်ထားတဲ့ လှုပ်ရှားမှုပဲ။

အခုလှုပ်ရှားမှုက ဦးတည်ရန်သူ ရှာနေရတုန်း။ အစ္စလမ်ကိုပဲ ဦးတည်ရမလား။ ဥရောပက (Welfare State) လူမှုဘဝဖူလုံရေးတွေ လုပ်နေတဲ့ နိုင်ငံတော်စနစ်ကိုပဲ ဦးတည်ရမလား။ စပိန်စကားပြော လက်တင်အမေရိကကိုပဲ ဦးတည်ရမလား။ တရုတ်ကိုပဲ ဦးတည်ရ မလားဆိုတာကို ရှာနေကြတုန်းပါ။ တယောက်တပေါက် ပြောနေကြတုန်းပဲ။ အားလုံးက တညီတည်း အိုဘားမားကို ဦးတည်နေကြတုန်းပဲ။ အိုဘားမားဟာ “ခိုးကြောင်ခိုးဝှက် မူဆလင်ဘာသာဝင်တယောက် ဖြစ်တယ်”“ဥရောပဆိုရှယ်လစ်ကို အားကျနေသူ ဖြစ်တယ်”“အိုဘားမားဟာ အမေရိကန်နိုင်ငံမှာ မွေးတာ မဟုတ်ဘူး” စသဖြင့် အိုဘားမားကိုပဲ ထိုးနှက်တိုက်ခိုက်နေဆဲ ဖြစ်တယ်။ ဒုတိယအကြိမ် သမ္မတသက် တမ်း မထမ်းဆောင်ရအောင် ကာတာ(CARTER )လို ဖြစ်အောင်ပဲ လုပ်နေကြသေးတယ်။

ဒီလှုပ်ရှားမှုက လူဖြူ(Anglo-Saxon)အင်ဂလိုဆက်ဆွန်မျိုးနွယ်တွေရဲ့ လှုပ်ရှားမှုပဲ။ အခုအချိန်ထိတော့ အိုဘားမားကို အဖရိကန် အမေရိကန်နိုင်ငံသားလို့ ပုတ်ခတ်တာ မတွေ့ရဘူး။ တမင် ရှောင်ထားတာလို့ ထင်တယ်။ လူမဲတွေရဲ့ မဲမရမှာ၊ ပြိုင်ပွဲမှုခံရမှာ စိုးရိမ်ပုံ ပေါ်တယ်။

(၃) မိမိတို့ စိတ်ဝင်စားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလှုပ်ရှားမှုဟာ အမေရိကန်စီးပွားပျက်ကပ်ကြောင့် ပေါ်တာဖြစ်ပြီး လှုပ်ရှားပုံ၊ ပြုမူပုံတွေဟာ ဟစ်တလာရဲ့ နာဇီလှုပ်ရှားပုံမျိုးနဲ့ သိပ်တူနေလို့ပဲ။

မတူတာက ဟစ်တလာရဲ့ ဂျာမဏီက စစ်ရှုံးနိုင်ငံဖြစ်လို့ စိတ်အချဉ်ပေါက်နေတာ၊ အမေရိကန်ကတော့ ‘ကမ္ဘာ့နံပါတ်ဝမ်း’ အဆင့်နေရာက လျှောကျနေလို့ စိတ်အချဉ်ပေါက်နေတာပဲ။

တူနေတာက “တီးပါတီလှုပ်ရှားမှု”စလာပုံက ဟစ်တလာရဲ့ “ဘီယာခန်းမလှုပ်ရှားမှု”မျိုး ဖြစ်နေတာ၊ စိတ်အချဉ်ပေါက် နေသူတွေကို စည်းရုံးပြီး လွှတ်တော်ထဲ စပြီး ခြေချလာတာ၊ စတာတွေမှာ တထေရာတည်း ဖြစ်နေတယ်။

အဲဒီလိုတူနေလို့လည်း မိမိတို့က **စိတ်ဝင်စား**ရုံမက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ **စိုးရိမ်**ပါတယ်။

# နေတိုး NATO ၏ စစ်ပြင်ဆင်မှုများ



နိုင်ငံတကာ့ရေးရာ

ညီထွန်းမောင်

(1) CPGS (Conventional Prompt Global Strike) တကမ္ဘာလုံး ဘယ်နေရာကိုမဆို တနာရီအတွင်း ချက်ချင်းပစ်ခွင်းနိုင်တဲ့ သမရိုးကျလက်နက်ကို တီထွင်နေတယ်။ ပထမတချိန်စမ်းသပ်ပြီးပြီ။ (၂၀၁၁) မှာ ဒုတိယအကြိမ် စမ်းသပ်မယ့်အစီအစဉ်ကို အမေရိကန်က လုပ်နေတယ်။ ဗုံးကိုသယ်ဆောင်သွားမယ့် အာကာသယာဉ်ကို (HTV-2) လို့ခေါ်တယ်။ အနုမြူဗုံးကို မသုံးဘဲ အာကာသထဲကနေ ပစ်ခွင်းမယ့်ဗုံး ဖြစ်တယ်။ သမရိုးကျဗုံးအမျိုးအစားပဲ သုံးမယ်။ ဒီအစီအစဉ်ဟာ အာကာသတက်ပြီး လက်နက်တပ်ဆင်တဲ့ သဘောပါပဲ။

(HTV-2) သာ အောင်မြင်သွားရင် စစ်အန္တရာယ်ကို တိုးပွားလာစေမှာ သေချာတယ်။ အာကာသတက်ပြီး လက်နက်အပြိုင်အဆိုင် တပ်ဆင်ကြတော့မှာပဲ။

(၂) နေတိုးရဲ့ "သေနင်္ဂဗျူဟာ အယူအဆသစ်" ကို မကြာမီက ချမှတ်လိုက်တယ်။ အဲဒီအယူအဆက 'ဆိုင်ဘာစစ်ပွဲ' (Cyber Warfare) အတွက် ပြင်ဆင်ဖို့ပဲ။ ဒါဟာ 'ပင်တဂွန်' က 'ဆိုင်ဘာစစ်ဦးစီးဌာနချုပ်' (Cyber Command) အသစ်တခု ဥရောပမှာ ထူထောင်ဖို့ ဖြစ်တယ်။ ဥရောပတတိုက်လုံးကို ဒုံးပျံအန္တရာယ်က ကာကွယ်ဖို့လို့ ဆိုတယ်။ ဥရောပတတိုက်လုံးမှာလည်း အမေရိကန်ရဲ့ နည်းဗျူဟာသုံး အနုမြူလက်နက်တွေ ထာဝရဖြန့်ကျက်ချထားဖို့ ဖြစ်တယ်။ အာဖဂန်စစ်ပွဲကို ဆက်လက်ဆင်နွှဲကြဖို့ ဖြစ်တယ်။ ဘယ်နေ့ဘယ်ရက်မှာ (ISAF) တပ်တွေ ဆုတ်ခွာမယ်လို့ မသတ်မှတ်ဘဲ အခြေအနေကိုကြည့်ပြီး ဆုတ်သင့်ဆုတ်ဖို့ဖြစ်တယ်လို့ ဆိုတယ်။ (ISAF) တပ်တွေ ဆိုတာက အာဖဂန်မှာ လာပြီး တိုက်နေတဲ့ 'နေတိုးတပ်' တွေကို ပြောတာပါ။ 'နိုင်ငံတကာ လုံခြုံမှုအကူအညီပေးရေးတပ်ဖွဲ့များ' လို့ ကြားကောင်းအောင် ပေးထားတဲ့ နာမည်ပဲ။

နေတိုးရဲ့ ဆုံးဖြတ်ချက်တခုက 'ဒုံးပျံကာကွယ်ရေး လုပ်ဖော်ကိုင်ဖက်အသစ် ရရှိရေးဆိုတာ ပါတယ်။ အဓိပ္ပာယ်က 'ရုရှား' ကို အပါဆွဲဖို့ ဖြစ်တယ်။ ရုရှားက ပါလာရင် ပစိဖိတ်သမုဒ္ဒရာအထိ နေတိုးရဲ့ကွန်ရက် တိုးချဲ့ဖို့ ဖြစ်တယ်။ ၂၀၁၁ ခုနှစ် ဇွန်လမှာ နေတိုးနဲ့ရုရှား ကာကွယ်ရေးဝန်ကြီးတွေ တွေ့ဆုံ ဆွေးနွေးကြဖို့ သဘောတူထားကြတယ်။



နေတိုးအစည်းအဝေး

'ဒီအစီအစဉ်ကြီးတခုလုံးက အမေရိကန်ဦးဆောင်တဲ့ နေတိုးအဖွဲ့ရဲ့ 'ကြယ်တာရာစစ်ပွဲ'ကို ဦးတည်ထားတာ ဖြစ်တယ်။ အီရန်နဲ့မြောက်ကိုးရီးယားက ပစ်ခွင်းလာမယ့် ဒုံးပျံတွေကို ကာကွယ်ဖို့လို့ အကြောင်းပြတယ်။ ဘာကိုပဲ အကြောင်းပြပြ တကယ့်ရည်ရွယ်ချက်က တရုတ်ကို ထိန်းချုပ်ထားဖို့ဆိုတာ ရှင်းနေတယ်။

(၃) စစ်အေးတကျော့ပြန်က အာရှဘက် ရွေ့လာတယ်။ ဟိုတုန်းက ဆိုဗီယက်ကို ထိန်းချုပ်ဖို့၊ ဥရောပမှာ တင့်ကားတပ်ကြီးတွေနဲ့ တိုးချဲ့လာမှာကို ထိန်းချုပ်ဖို့ သေနင်္ဂဗျူဟာ ကျင့်သုံးခဲ့တာပဲ။ အခု 'နေတိုးရဲ့ စစ်ရေးအမြင် (အယူအဆ) သစ်'ကတော့ တကမ္ဘာလုံးကို တိုးချဲ့လာရုံမက IT ခေတ်နဲ့အညီ ကျင့်သုံးလာတာပဲ ဖြစ်တယ်။



နေတိုးအလံ

သုံးသပ်ကြည့်ရတာက –

အနုမြူစစ်ပွဲဖြစ်မှာကိုတော့ အမေရိကန် စိုးရိမ်နေဆဲပဲ။ သေချာပေါက် နှစ်ဖက်စလုံးကျေပြုန်းမယ့် (MAD) အယူအဆကို လက်ခံထားဆဲပဲ။ ၂၁ ရာစု နည်းပညာသစ်နဲ့ အနိုင်ရချင်တာပဲ ဖြစ်တယ်။

တကမ္ဘာလုံးအနှံ့ စစ်စခန်းတွေ ချထားနိုင်တာရယ်၊ ကမ္ဘာ့သမုဒ္ဒရာအားလုံးကို ကြီးစိုးထားနိုင်တာရယ်ကို အားကိုးပြီး ကမ္ဘာကြီးတခုလုံးကို လွှမ်းမိုးချုပ်ကိုင်ချင်တာပဲ ဖြစ်တယ်။

မှတ်ချက်အတိုတခု ပေးရရင် –

ဒီလို စစ်ရေးပြင်ဆင်မှုတွေကို လုပ်နေသူဟာ 'နိုဘယ်ငြိမ်းချမ်းရေးဆုရှင်' အမေရိကန်စစ်တပ်ကြီးတခုလုံးရဲ့ သေနာပတိချုပ်ဖြစ်တယ် ဆိုတာပါပဲ။

ဝါဒ၊ အတွေးအခေါ်၊ အမြင်

# ဆိုရှယ်လစ်စနစ်ကို ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်နဲ့ ဆက်စပ်ကြည့်ခြင်း



စိမ်းမြမြဝိုင်း

သိပ္ပံနည်းကျ ဆိုရှယ်လစ်စနစ်ကို မာ့က်စ်နဲ့ အိန်ဂယ်တို့က ၁၉ ရာစု ၄၀ ခုနှစ်များက တွေးတောကြံဆခဲ့တယ်။ လီနင်ခေါင်းဆောင်တဲ့ ၁၉၁၇ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ရုရှားမှာ အောင်ပွဲခံလိုက်တဲ့ အတွက် ဆိုရှယ်လစ်စနစ်ကို သဘောတရားမှ လက်တွေ့အကောင်အထည်ဖော်မှု စတင်လိုက်နိုင်တယ်။ ဒီနေ့ဆိုရင် လူသားလူ့အဖွဲ့အစည်းမှာ ဆိုရှယ်လစ်စနစ် လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးလာခဲ့တာ အနှစ် ၉၀ ကျော် သွားခဲ့ပြီ။ သမိုင်းခေတ်များနဲ့ ပြောမယ်ဆိုရင်တော့ အင်မတန် သက်တမ်းတိုသေးတယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီလို သက်တမ်းတိုအတွင်းမှာပဲ အကွေ့အကောက် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ပြီး ဆိုရှယ်လစ်စနစ်ဟာ ဖြစ်ထွန်း တိုးတက်လာခဲ့တယ်။ ဒါပေမဲ့ ၂၀ ရာစု ၉၀ ခုနှစ်များ ရောက်တဲ့အခါ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံများမှာ အသွေးအရောင် ပြောင်းသွားတဲ့ ဖြစ်ရပ်ဆိုးကြီး ပေါ်ထွန်း ခဲ့တယ်။ ဒါကြောင့် ဆိုရှယ်လစ်စနစ်ဟာ ယခင်ဘယ်တုန်းကနဲ့မှ မတူတဲ့ ရှုံးနိမ့်မှုများနဲ့ ရင်ဆိုင်လိုက်ရတယ်။ ခေါရှင်အတွေးအခေါ် ပညာရှင်များကတော့ "ဆိုရှယ်လစ်စနစ်ရဲ့ အနာဂတ်မရှိတော့ဘူး" "မာ့က်စ်ဝါဒ ကမ္ဘာပေါ်က ပျောက်ဆုံးသွားပြီ" "အရင်းရှင်စနစ်သာ လူသားတွေအတွက် အကောင်းဆုံးစနစ်ဖြစ်တယ်"ဆိုတဲ့ စကားတွေနဲ့ ဆိုရှယ်လစ်စနစ်နဲ့ မာ့က်စ်ဝါဒ၊ ကွန်မြူနစ်ဝါဒများကို တိုက်ခိုက် ထိုးနှက်ပါတော့တယ်။

တကယ့်လက်တွေ့ဟာ အဲဒီလို မဟုတ်ခဲ့ပါဘူး။ ဒီနေ့ ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်အောက်မှာ ကမ္ဘာ့လူဦးရေ အများဆုံးတိုင်းပြည် ဖြစ်တဲ့ ဆိုရှယ်လစ်တရုတ်ပြည်နဲ့ ဆိုရှယ်လစ်ဗီယက်နမ်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာ့ပြည်သူတွေ အံ့မခန်းစောင့်ကြည့်နေရတာ လက်တွေ့ မဟုတ်ပါလား။

ဒါပေမဲ့ ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်က ကမ္ဘာ့ဆိုရှယ်လစ်စနစ်အပေါ် ရိုက်ခတ်မှုဟာ ရှုပ်ထွေးပါတယ်။ အခွင့်အလမ်းတွေရော စိန်ခေါ်မှုတွေပါ ဆောင်ကြဉ်းလာခဲ့ပါတယ်။

ဒါဖြင့် အခွင့်အလမ်းတွေက ဘာတွေလဲ။

၁။ ကမ္ဘာလွှမ်းခြုံမှုဆိုတာ လူသားတွေ ဖွံ့ဖြိုးတိုးတက်မှုနဲ့ဆိုင်တဲ့ အခြေအနေကြီးအဖြစ် ဆိုရှယ်လစ်စနစ်ရဲ့ အတွင်းပိုင်းမှာ တညီတညွတ်တည်း ရှိခဲ့တာ ဖြစ်တယ်။ စီးပွားရေးကမ္ဘာလွှမ်းခြုံမှု ဒီလှိုင်းတက်လာတဲ့အကြိမ်တိုင်းဟာ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အလှည့်အပြောင်းဖြစ်စေတဲ့ အကြောင်းအချက်များကို ဆောင်ကြဉ်းလာလေ့ရှိပါတယ်။

၁၈ ရာစု ဒုတိယ ရာစုဝက် နှစ်ပိုင်းများမှ ၁၉ ရာစု အလယ်လောက်အထိ ရေနွေးငွေ့စက်ယန္တရားများကို တော်လှန်ရေးရဲ့ တွန်းအားအဖြစ်နဲ့ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အဓိက ကြန်အင်လက္ခဏာအဖြစ်ထားတဲ့ ပထမအကြိမ် ကမ္ဘာလွှမ်းခြုံမှု ဒီလှိုင်းပေါ်ထွန်းခဲ့တယ်။ အဲဒါက ကုန်ထုတ်စွမ်းအားစု ဖွံ့ဖြိုးတိုးတက်ရေးကို အကြီးအကျယ် တွန်းဆော်ပေး ခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ အခြေခံပဋိပက္ခများကိုလည်း တနေ့တခြားဆိုးဝါး ပြင်းထန်လာစေခဲ့တယ်။ မာ့က်စ်ဝါဒ ပေါ်ထွန်းလာရေးအတွက် ရုပ်ဝတ္ထု အခြေခံအုတ်မြစ်၊ လူတန်းစား အခြေခံအုတ်မြစ်နဲ့ လူမှုရေးအခြေခံအုတ်မြစ်များကို အထောက်အကူ ပြုခဲ့တယ်။ ဆိုရှယ်လစ်စနစ်ကို စိတ်ကူးယဉ်မှ သိပ္ပံနည်းကျ အဖြစ် သမိုင်းလက္ခဏာဆောင်တဲ့ ခုန်ပျံတိုးတက်မှုကို ဖြစ်စေခဲ့တယ်။

၁၉ ရာစုနှောင်ပိုင်းနဲ့ ၂၀ ရာစုအစမှာ အီလက်ထရွန်၊ဓာတုဗေဒနဲ့ သံမဏိစတဲ့ စက်မှုလုပ်ငန်းများကို တော်လှန်ရေးရဲ့ တွန်းအားအဖြစ်နဲ့ အရင်းအနှီးတင်ပို့မှုကို အဓိကကြန်အင်လက္ခဏာအဖြစ်ထားတဲ့ ဒုတိယအကြိမ် ကမ္ဘာလွှမ်းခြုံမှု ဒီလှိုင်း ဖြစ်ပေါ်လာပြန်တယ်။ ဒီ –ဒီလှိုင်းက အရင်းရှင်စနစ်ကို လွတ်လပ်စွာပြိုင်ဆိုင်မှုမှ လက်ဝါးကြီးအုပ်အဆင့်သို့ ကူးပြောင်းသွားမှုကို ပိုမို လျင်မြန်သွားစေခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ ဖြစ်ထွန်းတိုးတက်မှု မညီမညာ ဖြစ်နေမှုကိုလည်း ပိုမိုပြင်းထန်သွားစေခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ သံကြိုးကွင်းဆက် ချည့်နဲ့တဲ့ နေရာကနေ ဦးစွာထိုးဖောက်ပြီး ဆိုရှယ်လစ်စနစ်ကို သဘောတရားမှ လက်တွေ့အကောင်အထည် ဖော်ဆောင်ရေး သမိုင်းလက္ခဏာဆောင်တဲ့ ခုန်ပျံတိုးတက်မှုကို ဖြစ်ပေါ်စေလိုက်တယ်။ ဆိုလိုတာက ၁၉၁၇ မှာ လီနင်ခေါင်းဆောင်တဲ့ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး ရုရှား ပြည်မှာ အောင်ပွဲခံခဲ့တယ်။

၂၀ ရာစု ၅၀ ခုနှစ်များနောက်ပိုင်းမှာ နည်းပညာသစ်များကို တော်လှန်ရေးတွန်းအားအဖြစ်နဲ့ အတိုင်းအတာ ကြီးမားတဲ့ ကုန်စည်များ၊ အရင်းအနှီးများ၊ နည်းပညာတင်ပို့မှုများကို အဓိက ကြန်အင်လက္ခဏာအဖြစ်ထားတဲ့ တတိယအကြိမ် ကမ္ဘာလွှမ်းခြုံမှု ဒီလှိုင်း ဖြစ်တည်လာတယ်။

အထူးသဖြင့် ၈၀–၉၀ ခုနှစ်များအတွင်း သတင်းနည်းပညာ လျင်မြန်စွာ ဖြစ်ထွန်းတိုးတက်လာမှုက ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုဘဝတွေမှာ ကြီးမားတဲ့ ဂယက်ရိုက်မှုတွေ ဖြစ်ပေါ်စေတယ်။ ဒီဖြစ်စဉ်အတွင်းမှာ ကမ္ဘာ့ဆိုရှယ်လစ်စနစ်အတွင်း ပြိုကွဲမှုတွေ ဖြစ်ပေါ်ခဲ့ရတယ်။ ဆိုရှယ်လစ်နိုင်ငံ တချို့မှာ အကျိုးရှိတဲ့ အခွင့်အခါကောင်းကို အမိအရ ဆုပ်ကိုင်ပြီး သေနင်္ဂ ဗျူဟာ ထိန်းညှိမှုကို မလုပ်နိုင်ခဲ့ဘူး။ နောက်ဆုံးမှာ နှစ်ဆယ်အချို့ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးရဲ့ အောင်မြင်ချက်များဟာ တခါတည်း ပျက်သုဉ်းသွားရတော့တယ်။ (၂၀ ရာစု၊ ၉၀ ခုနှစ်များမှာ ဆိုဗီယက်နဲ့ အရှေ့ ဥရောပနိုင်ငံများ အသွေးအ ရောင်းပြောင်းသွားခြင်း။)

ဒါပေမဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ ဗီယက်နမ်ကွန်မြူနစ်ပါတီတို့ကတော့ စီးပွားရေးကမ္ဘာလွှမ်းခြုံမှုနဲ့ ဆိုရှယ်လစ်စနစ်လုပ်ရှားမှုအခြေအနေ ဆက်စပ်မှုများအတွင်း စီးပွားရေးကမ္ဘာလွှမ်းခြုံမှုက ဆောင်ကြဉ်းလာတဲ့ အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ကာ တံခါးဖွင့်ပြုပြင် ပြောင်းလဲရေးကို အခိုင်အမာ လုပ်ဆောင်လိုက်နိုင်ခဲ့တယ်။ မိမိနိုင်ငံရဲ့ ထူးခြားချက်များနဲ့ ပေါင်းစပ်ထားတဲ့ ဆိုရှယ်လစ်လမ်းကြောင်းများ ပေါ်ထွန်းလာပြီး စီးပွားရေး ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်အတွင်း ဆိုရှယ်လစ်စနစ်ကို အသက်ရှင်သန်စွမ်းအားများနဲ့ ခွန်အား ဗလသစ်များကို ရရှိစေလိုက်တယ်။ ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာလွှမ်းခြုံမှုရဲ့ ဦးတည်ချက်ကို စိစစ်ပြင်ဆင်တဲ့ အဓိကအင်အားစု ဖြစ်လာခဲ့ပါပြီ။ ၂၁ ရာစု ကမ္ဘာ့ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်အတွင်း အရှိန်အဟုန်နဲ့ မုချ ဖြစ်ထွန်းလာပါလိမ့်မယ်။

၂။ ကမ္ဘာလွှမ်းခြုံမှုက မျက်မှောက်အရင်းရှင်စနစ်ကို တဆင့်တက် ဖွံ့ဖြိုးတိုးတက်စေလိုက်တယ်။ ဒါပေမဲ့ အရင်းရှင်စနစ်ရဲ့ သမိုင်းကံကြမ္မာကိုတော့ ပြောင်းလဲမပစ်နိုင်ပါဘူး။ ကမ္ဘာလွှမ်းခြုံမှုက အရင်းရှင်စနစ် ကုန်ထုတ်စွမ်းအားစုကို အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်အောင် တွန်းဆော်ပေးလိုက်တယ်။ ဒါဟာ ၂၁ ရာစု ဆိုရှယ်လစ်စနစ်အတွက် ပြီးပြည့်စုံတဲ့ ရုပ်ဝတ္ထု အကြောင်း အချက်များကို ပြင်ဆင်ပေးလိုက်တာပဲ။ ကမ္ဘာလွှမ်းခြုံမှုက ဆောင်ကြဉ်းလာတဲ့ ကုန်ထုတ်စွမ်းအားစုဟာ မျက်မှောက်အရင်းရှင်စနစ်ရဲ့ မိမိကိုယ်ကိုယ် ထိန်းညှိမှုကို မြှင့်တင်ပေးပြီး ကုံလုံကြွယ်ဝတဲ့ ရုပ်ဝတ္ထုအခြေခံအုတ်မြစ်ကို ချပေးလိုက်တယ်။ ဒါပေမဲ့ ကမ္ဘာလွှမ်းခြုံမှုဟာ အရင်းအနှီးရဲ့ ပင်ကိုယ်သဘာဝဖြစ်တဲ့ သွေးစုပ်မှုနဲ့ အရင်းရှင်စနစ်ရဲ့ သမိုင်းကံကြမ္မာကိုတော့ ပြောင်းလဲမပစ်နိုင်ပါဘူး။ အရင်းရှင်စနစ်ရဲ့ အမျိုးမျိုးသော ကုရခက်တဲ့ ရောဂါဝေဒနာတွေဟာ ရှိမြဲရှိနေပြီး အရင်းရှင်စနစ်ရဲ့ပဋိပက္ခတွေဟာ သမိုင်းအချက်အလက်သစ်များအောက်မှာ ပုံစံသစ်ဖြင့် အဆက်မပြတ်စုပုံ၊ နက်ရှိုင်းလာနေတယ်။ ဥပမာ– အဓိကဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေမှာ အရင်းအနှီးတွေ၊ ဥစ္စာဓနတွေ တဆင့်တိုး စုပုံလာပြီး ဆင်းရဲချမ်းသာကွာဟမှု တဆင့်တက် နက်ရှိုင်းလာတယ်။ ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံတွေနဲ့ နယ်ကျော်ကုမ္ပဏီတွေဟာ သူတို့ရဲ့အရင်းအနှီးနဲ့ နည်းပညာသာလွန်မှုဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့် စီးပွားရေး ခေတ်နောက်ကျတဲ့ နိုင်ငံတွေနဲ့ ဒေသတွေရဲ့ စီးပွားရေးများကို လုယက်ကြပါတယ်။ အနည်းစုဖြစ်တဲ့ ချမ်းသာတဲ့အရင်းရှင်နိုင်ငံတွေနဲ့ ကျယ်ပြောလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအကြားက ပဋိပက္ခကို ပိုမိုနက်ရှိုင်းလာစေတယ်။ အရင်းရှင်စနစ်က တကမ္ဘာလုံးမှာ အစီအစဉ်မဲ့ တိုးချဲ့လာနေမှုတွေက လူသားတွေ ကြုံတွေ့ ရင်ဆိုင်နေရတဲ့ သယံဇာတအရင်းအမြစ်တွေ၊ စွမ်းအင်နဲ့ ဇီဝဝန်းကျင်စတာ တွေဟာ ယခင်ဘယ်တုန်းကနဲ့မှမတူအောင် ပျက်သုဉ်းလာနေပါတယ်။ စီးပွားရေး ကမ္ဘာလွှမ်းခြုံမှု အရှိန်အဟုန် လျင်မြန်လာခြင်းနဲ့ ကမ္ဘာ့စီးပွားရေးအတွင်း ဘဏ္ဍာငွေကြေးအရင်းအနှီးရဲ့ အဓိကအခန်း အားကောင်း လာတာနဲ့အမျှ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအကြားက ပဋိပက္ခ စတာတွေ ပိုမို ပြင်းထန်လာပါလိမ့်မယ်။ ဒါတွေ အားလုံးက ၂၁ ရာစု ကမ္ဘာ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြီးပြည့်စုံတဲ့ ရုပ်ဝတ္ထု၊ နည်းပညာ အကြောင်းအချက်များကို ပြင်ဆင်ပေးတာဖြစ်တယ်။

ဒီလို အခွင့်အလမ်းတွေအပြင် ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်အောက်မှာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါသေးတယ်။

အရင်းရှင်စနစ်က အဓိကရှေ့ဆောင်တဲ့ ကမ္ဘာလွှမ်းခြုံမှုအတွင်း ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ်ရဲ့ အပြန်အလှန် ဂယက်ရိုက်မှု၊ အပြန်အလှန်စိမ့်ဝင်မှုတွေဟာ ဆိုရှယ်လစ်စနစ်ကို တလျှောက်လုံး အနောက်တိုင်းဆန်မှု၊ ပြိုကွဲမှုအန္တရာယ်တွေ ကြုံတွေ့စေပါတယ်။ ဒါဟာ ဆိုရှယ်လစ်စနစ် အတွက် စိန်ခေါ်မှုပါပဲ။ ဒါကို အနည်းငယ် ရှင်းလင်းပြောဆိုပါမယ်။

၁။ နိုင်ငံတကာနယ်ပယ်မှာ အနောက်တိုင်း ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံတွေဟာ ကမ္ဘာလွှမ်းခြုံမှုအတွင်း မိမိတို့ရဲ့ သာလွန်မှု များကို အသုံးချပြီး မဆီလျော်တဲ့ နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး အစီအစဉ်ဟောင်းများကို အစွမ်းကုန် ကာကွယ်ထိန်းသိမ်းကြတယ်။ ဒီလိုနဲ့ ဆိုရှယ်လစ်နိုင်ငံများရဲ့ အသက်ရှင်တည်ရှိမှုကို ဖိညှစ်အကျပ်ကိုင်ကြတယ်၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို အချိန်ရွှေ့ဆိုင်းပစ်ကြတယ်။

၂။ အတွေးအခေါ်အယူအဆရေးအရ အနောက်တိုင်း အရင်းရှင်နိုင်ငံတွေဟာ စီးပွားရေး၊ နည်းပညာ၊ စစ်ရေးစတဲ့ နိုင်ငံတော် အထွေထွေအင်အား သာလွန်မှုအောက်မှာ ဆိုရှယ်လစ်နိုင်ငံတော်ရဲ့ ယဉ်ကျေးမှုနဲ့ အတွေးအခေါ် အယူဝါဒရေးရာတွေမှာ စိမ့်ဝင်ထိုးဖောက်တယ်။ ဆိုရှယ်လစ်နိုင်ငံတော်ရဲ့ အတွင်းပိုင်းမှာ “ကွဲပြဲမှု”ဖြစ်ပွားပြီး “မတိုက်ဘဲနဲ့ အောင်ပွဲခံရေး” သေနင်္ဂဗျူဟာ ရည်မှန်းချက် ရောက်အောင် လုပ်ဆောင်ကြတယ်။ ဆိုလိုတာက ဆိုရှယ်လစ်နိုင်ငံတွေကို တစတစ အသွေးအရောင် ပြောင်းသွားအောင် လုပ်ကြတယ်။ (ဥပမာ–၉၀ ခုနှစ်များက ဆိုဗီယက်နဲ့ အရှေ့ ဥရောပ ဆိုရှယ်လစ်နိုင်ငံများ အသွေးအရောင် ပြောင်းသွားတဲ့ဖြစ်စဉ်)။ စစ်အေးခေတ် အဆုံးသတ်သွားပြီးနောက်မှာလည်း အရင်းရှင်စနစ်က ဆိုရှယ်လစ်နိုင်ငံများအား အတွေးအခေါ်အယူဝါဒရေးရာ ထိုးစစ်ဆင်မှု အရှိန်အဟုန်ဟာ လျော့မသွားပါဘူး။ ဆိုရှယ်လစ်စနစ်နိုင်ငံတွေ “အနောက်တိုင်းဆန်ရေး” “ချည့်နဲ့သွားရေး” နဲ့ “ခွဲထွက်သွားရေး” ဆိုတဲ့ ကြံစည် စိတ်ကူးမှုများကို ဘယ်တော့မှ မစွန့်လွှတ်ခဲ့ပါဘူး။ ဒီလုပ်ရပ်တွေဟာ ဆိုရှယ် လစ်အတွေးအခေါ် အယူဝါဒရေးရာများကို အကြီးအကျယ် ခြိမ်းခြောက်မှု ဖြစ်စေပါတယ်။

၃။ ကမ္ဘာလွှမ်းခြုံမှုဟာ နိုင်ငံတော်လုံခြုံရေးရဲ့ အတွင်းသဘောတွေကို တိုးချဲ့ပစ်လိုက်တယ်။ ဒီလိုနဲ့ ဆိုရှယ်လစ်နိုင်ငံတော်ကို ဘက်ပေါင်း များစွာမှာ အထွေထွေလုံခြုံရေး စိန်ခေါ်မှုများနဲ့ ကြုံတွေ့စေပါတယ်။ ဥပမာ ဆိုရှယ်လစ်နိုင်ငံတော်ဟာ နည်းပညာ ခေတ်နောက်ကျတယ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရေချိန် နိမ့်တယ်။ ဒါကြောင့် ကမ္ဘာ့ဈေးကွက်မှာ ၎င်းရဲ့ စီးပွားရေး လျာထားချက်ကို အလွန် နိမ့်သွားစေတယ်။ နိုင်ငံတကာ ဘဏ္ဍာငွေကြေးအရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဆိုရှယ်လစ်စနစ်ရဲ့ ဘဏ္ဍာငွေကြေးစနစ်ကို အန္တရာယ်ကျရောက်စေတယ်။

ချုပ်လိုက်ရင် ကမ္ဘာလွှမ်းခြုံမှုဖြစ်စဉ်အတွင်း တက်တက်ကြွကြွနဲ့ ဆင်ဆင်ခြင်ခြင်သုံးသပ်ပါဝင်ခြင်းဟာ ၂၁ ရာစုမှာ ဆိုရှယ် လစ်စနစ် ပြန်လည်ဆန်းသစ်လာရေးအတွက် လိုအပ်တဲ့ အကြောင်းအချက်ဖြစ်တယ်။ မျက်မှောက် ကမ္ဘာလွှမ်းခြုံမှုဟာ ၂၁ ရာစု ဆိုရှယ် လစ်စနစ်အတွက် ပြီးပြည့်စုံတဲ့ ရုပ်ဝတ္ထုပြင်ဆင်ပေးမှုဖြစ်တယ်။

**ကိုးကား။ ။ မျက်မှောက်ကမ္ဘာဂျာနယ်၊ ၂၀၀၉။**

**စိမ်းမြမြဝိုင်း**

စာအုပ်၊ စာပေနှင့် မှတ်ချက်

# ဘေးမဲ့ပေးလိုပေမယ့် ရေးရပြန်ပြီ

ရဲဘော်တင်ဦး

(၁) NLD ကို ဆရာလုပ်ချင်နေသူတွေက ‘ဗကပ’ခြံပေါက်တွေပါပဲ။ ခြံခုန်သွားတာလည်း ကြာပါပြီ။ ‘ဗကပ’နဲ့ ပတ်သက်ပြီး ရေးတာတွေကို “ဘေးမဲ့”ပေးထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ ရေးစရာက ကုန်နေလို့ပါ။

အခု ရေးဖို့ ဖန်လာတာက သူများခြံထဲဝင်ပြီး ဖျက်ဆီးနေလို့ပဲ။ စစ်အုပ်စုကိုယ်စား NLD ကို ထိုးနှက်တိုက်ခိုက်နေလို့ပဲ။

(၂) မောင်စူးစမ်း ခါတိုင်း ရေးနေကျ ‘ဂျာနယ်’က ခဏ အပိတ်ခံထားရတော့ ဂျာနယ်အသစ်တခုမှာ မောင်စူးစမ်း ရေးလာတယ်။ “အယိမ်းသစ်၊ အခင်းအကျင်းသစ်၊ ယုတ္တိသစ်”တဲ့။

“ယုတ္တိသစ်”ဆိုတာက ‘အသစ်’မဟုတ်ပါဘူး။ အဟောင်းကြီးပါ။ လွန်ခဲ့တဲ့ နှစ်‘၅၀’လောက်ကတည်းက သူ ကိုင်စွဲလာခဲ့တဲ့ “လက်နက်ချ အရှုံးပေးရေး အတွေးအခေါ်ပါပဲ”။ အသစ် မဟုတ်ပါဘူး။ “အယိမ်းသစ်”“အခင်းအကျင်းသစ်”ဆိုတာကိုပဲ ရေးပါမယ်။

(၃) သူပြောတဲ့ “အယိမ်းသစ်”ဆိုတာက (၁၉၉၀)တုန်းက NLD ဘက်ကို လူထုက ယိမ်းခဲ့တယ်။ အခု (၂၀၁၀) မှာတော့ အာဏာရ ပါတီ(ကြံ့/ဖွံ့ ဘက်) ယိမ်းသွားပြီတဲ့။ (နအဖကို ဖြောင်ကျကျ ‘ဖား’လိုက်တာ) အဲဒီ “အယိမ်းသစ်”ကပဲ “အခင်းအကျင်းသစ်”ကို ဖန်တီးပေးလိုက်ပြီလို့ ဆိုတယ်။ ဒီစကားမျိုးကို ‘နအဖ’ရော ကြံ့/ဖွံ့ ပါတီကပါ မပြောရဲပါဘူး။ မောင်စူးစမ်းမို့ ပြောရဲတာပဲ။ ဒီလို ကိစ္စမျိုးဆိုရင် မောင်စူးစမ်း ရဲတတ်ပါတယ်။

(၄) မောင်စူးစမ်း ကျွေးတဲ့ဆေးကို ဆေးစားမမှားမိဖို့ (ပါတီတချို့ကို) သတိပေးလိုပါတယ်။ ဆေးစားမှားမိလို့ ပြည်သူ့ရဲဘော်တွေ ငယ် ငယ်ရွယ်ရွယ်နဲ့ ဇာတ်သိမ်းမလှ ဖြစ်ခဲ့တာကို သင်ခန်းစာ ယူစေချင်တယ်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီက “ NLD တွေ ရွေးကောက်ပွဲ ဝင်သင့်တယ်”လို့ သူ ရေးခဲ့တယ်။ NDF ဆိုပြီး တချို့က NLD က ခွဲထွက်ပြီး ဝင်ကြတယ်။ ရလဒ်က သိပ်မကောင်းဘူး။ ခေါင်းဆောင်တွေ အချင်းချင်း သဘောကွဲကြတာပဲ အဖတ်တင်တယ်။

မောင်စူးစမ်းက ဒေါ်အောင်ဆန်းစုကြည်ကို NLD ရဲ့ ခေါင်းဆောင် မလုပ်ချင်ပါနဲ့။ အမြော်အမြင်ရှိ နိုင်ငံရေးသမားကြီး (State woman) လုပ်ပါလို့ ပြောတာကို NDF ခေါင်းဆောင်တယောက် သူ့လေသံလိုက်ပြီး ပြောတာ ကြားလိုက်ရတယ်။

မောင်စူးစမ်းပြောတဲ့ စကားလုံးရဲ့ နောက်ကွယ်က အဓိပ္ပာယ်ကို ဖော်တတ်ဖို့ လိုပါတယ်။ “လက်နက်နဲ့ ဒီမိုကရေစီ လဲရေး”ကို မောင်စူးစမ်းပဲ ပြောခဲ့တာပဲ။ ဖဆပလ ဆိုရှယ်လစ်အစိုးရက မပြောပါဘူး။ နေဝင်းစစ်အုပ်စုကလည်း မပြောဘူး။ သူတို့က လက်နက်ချဖို့ပဲ ပြောခဲ့တာပဲ။

အခုလည်း မောင်စူးစမ်းကပဲ ဒေါ်အောင်ဆန်းစုကြည်ကို NLD ပါတီရဲ့ ခေါင်းဆောင် လုပ်မနေနဲ့၊ အမြော်အမြင်ရှိတဲ့ နိုင်ငံရေးသမားကြီး လုပ်ပါလို့ ပြောနေတာပဲ။ ‘နအဖ’က မပြောဘူး။ ကြံ့/ဖွံ့ ကလည်း မပြောဘူး။ ‘တစည’ကတောင် မပြောဘူး။

အဲဒီစကားရဲ့ နောက်ကွယ်က အဓိပ္ပာယ်က ဘာလဲ။ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်က လမ်းခွဲခဲ့ဖို့ပဲ။ လူထုကြီးနဲ့ လမ်းခွဲခဲ့ဖို့ပဲ။ ဒါဟာ ‘နအဖ’အကြိုက်ကို မောင်စူးစမ်း ပြောလိုက်တာပါ။ ၁၉၉၀ က ရရှိထားတဲ့ (လူထု အပ်နှင်းတဲ့) လုပ်ပိုင်ခွင့်အာဏာကို ဒေါ်အောင်ဆန်းစုကြည်က လက်လွှတ်လိုက်စေချင်တာပဲ။ ၂၀၁၀ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ် ပြုလိုက်ဖို့ ပြောတာပဲ။ အဲဒီအဓိပ္ပာယ်တွေက လွဲပြီး တခြား ဘာအဓိပ္ပာယ်မှ မထွက်ပါဘူး။

မောင်စူးစမ်း ပေးတဲ့ “ဒီမိုကရေစီ”ကို ယုံပြီး လက်နက်ချမိတဲ့ ပြည်သူ့ရဲဘော်ကမှ ‘ပမညတ’လုပ်ခွင့် ရလိုက်သေးတယ်။ အခု အဲဒီလို ရဖို့ မမျှော်လင့်ပါနဲ့။ စည်းကမ်းတွေ တပြုံကြီး ချပေးတဲ့ ဒီမိုကရေစီကိုပဲ ရကြမှာပါ။

## စာတည်းအဖွဲ့ အမှာ

(၁)

'ရုပ်ပျက်ဆင်းပျက် ရွေးကောက်ပွဲ'ပြီးပြီးချင်း ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်ရတာဟာ နအဖ အတွက် အကြီးအကျယ် ကြမ္မာငင်တာပဲ။

- နိုင်ငံရေးအရ နိုးကြားလာနေတဲ့ ပြည်သူလူထုကြီးကို မျှော်လင့်ချက် လင်းရောင်ခြည် သမ်းလာစေတယ်။
- 'အာဏာအမွေလွဲပွဲ'က မပြတ်သေးဘူး။ တပ်မတော်ထဲမှာ စစ်သည်တော်တွေက လှုပ်လှုပ်ရွရွဖြစ်နေတယ်။
- 'ငြိမ်းအဖွဲ့'တွေက မငြိမ်ဘူး။
- နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုက ဗမာပြည်အပေါ်မှာ ရှိလာနေတယ်။

(၂)

ဒီလိုအခြေအနေမျိုးမှာ နိုင်ငံရေးအင်အားစုတွေက အမြော်အမြင်ရှိရှိနဲ့ 'အမျိုးသားညီညွတ်ရေး' တည် ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဗမာပြည်ရဲ့သမိုင်းကို ပြန်ကြည့်ရင်လည်း ဒီလိုအခြေအနေမျိုးမှာပဲ 'အမျိုးသားညီညွတ်ရေး'တည်ဆောက်ခဲ့ကြတာပါ။ 'ဘုံရည် မှန်းချက်ရှိနေရင် 'ဘုံလုပ်ငန်းစဉ်'ရှိဖို့ သိပ်မခက်တော့ပါဘူး။ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် အပေးအယူရှိရှိ လုပ်ကြဖို့ပဲ လိုပါတယ်။

ပေါ်လာတဲ့အခွင့်ကောင်းကို လက်လွှတ်မခံဘဲ အမြော်အမြင်ရှိရှိ လုပ်ကြရင် 'ဒီမိုကရေစီအရေးတော်ပုံ' အောင်မြင်နိုင်ပါ တယ်။

(၃)

ဗမာပြည်ကွန်မြူနစ်ပါတီက ကျရာအခန်းက ပါဖို့ သန္နိဋ္ဌာန်မြဲမြံပါတယ်။

အရေးတော်ပုံ အင်အားစုအားလုံးကိုလည်း ဒီတခါပေါ်လာတဲ့ အခွင့်ကောင်းကို လက်လွှတ်မခံကြဖို့ အလေး အနက် ပန်ကြားအပ်ပါတယ်။

အရေးတော်ပုံအောင်ရမည်
စာတည်းအဖွဲ့
(၂၀၁၀ ဒီဇင်ဘာ )



ကမ္ဘာ့ငြိမ်းချမ်းရေး
အာရှငြိမ်းချမ်းရေး
ပြည်တွင်းငြိမ်းချမ်းရေး
ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မားမား လွှင့်ထူကြ ။